
www.burmeseclassic.com



www.burmeseclassic.com

# မြပုလဲသွယ်

မုန်းဇော်မှူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC .com

ရန်ကုန်လေဆိပ်မှ လေယာဉ်စတင်ပျံသန်းချိန်က နေ့လယ် ဆယ့်တစ်နာရီလေးဆယ့်ငါးမိနစ် ဖြစ်သည်။ ကုန်းလမ်းခရီးနှင့်သွား ရန် ဘယ်လိုမှ အဆင်မပြေနိုင်ခြင်းကြောင့် အချိန်ကုန်သက်သာ၊ လူလည်းမပင်ပန်းသည့် ဤလေကြောင်းခရီးစဉ်ကို ရွေးချယ်ရခြင်း ဆိုလည်း မမှားချေ။

သွားရမည့်ခရီးက ရခိုင်ပြည်နယ်၊ သံတွဲမြို့သို့ဖြစ်ပြီး ထိုမှ တစ်ဆင့် တောင်ကုတ်သို့ဖြစ်ကာ တောင်ကုတ်မှ တစ်ဖန် ရှေ့သို့ အဆင့်ဆင့်သွားရမည့်ခရီးက မနီး။ လေကြောင်း၊ ကုန်းကြောင်းနှင့် ရေကြောင်းလမ်းတစ်ခုဖြစ်ရာ ပေါဝန်ဘက်တွင် ဤမျှရှည်လျား သောခရီးကို မည်သည့်အဖော်မှမပါဘဲ သွားရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ခရီးမှာ လေးဆယ့်ငါးမိနစ်မျှသာဖြစ်ကြောင်း လေယာဉ်မယ်လေးမှ ကြော်ငြာအသိပေးပြီးဖြစ်သော်လည်း လေယာဉ်ခရီးပြီးဆုံး၍ ရှေ့ဆက်ရမည့်ခရီးမှာ အဘယ်မျှ ရှည်ကြာမည်ဆိုခြင်းကိုက ဟော၀န်ကိုယ်တိုင်လည်း မသိချေ။

သိအောင် ဘယ်သူကမှ ဟော၀န်ကို ပြောဆိုညွှန်ကြားအသိပေးမည့်သူမရှိ။ လေဆိပ်မှာ လာကြိုနေလိမ့်မည်ဆိုတာလောက်နှင့်ပင် ဤမျှဝေးလံသောခရီးလမ်းကို စတင်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ကွင်းအတွင်းသို့ ရောက်သည်နှင့် ဟော၀န်ပထမဆုံး သတိထားမိသူမှာ လူတကာထက် အရပ်မြင့်ပြီး ပခုံးကျယ်ကျယ်၊ ဇလကောင်းကောင်းနှင့် အသက်သုံးဆယ်ခန့်ရှိမည့် လူတစ်ယောက်။ ဘယ်သူနှင့်မှ စကားမပြောဘဲ တစ်ယောက်တည်း စာအုပ်တစ်အုပ်နှင့် ငြိမ်နေပုံကိုဖြစ်သည်။

ဘေးပတ်ဝန်းကျင်တစ်ခုလုံး သူနှင့် ဘယ်လိုမှ မသက်ဆိုင်သလို စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေပုံက သက်တောင့်သက်သာ နိုင်လှသည်။ အသားလတ်လတ်၊ မျက်လုံးနက်နက်တွေ အရောင်တဖျပ်ဖျပ်လက်နေပုံ၊ မျက်ခုံးထူထူ၊ မျက်အိမ်ကျယ်ကျယ်၊ ဖြောင့်စင်းသောနှာတံ၊ တိကျပြတ်သားသည့်





လေးကိုင်းသဏ္ဍာန် နှုတ်ခမ်း၊ ကျယ်လွင့်သည့် နဖူးပြင်အဆုံးအားလုံးကို ကြည့်မှန်းမသိ ကြည့်နေမိရာက…

သူ့ထံမှ ဖျတ်ခနဲ ဟော၀န်ရှိရာသို့ စူးလက်တောက်ပသည့် မျက်ဝန်းအကြည့် ရောက်လာရာ ဟော၀န်မှာ သူခိုးလူမိသည့်နှယ် မျက်နှာနီနီနှင့် လူမိခံလိုက်ရပြီးနောက် သူ့ကို နောက်ထပ်မကြည့်ရဲအောင် ဖြစ်သွားသည်။

ခရီးဆောင်အိတ်တစ်လုံးဆွဲပြီး လေဆိပ်ကို ရောက်လာသော ဟော၀န်ကို မည်သူမျှ ဤခရီးကို တစ်ယောက်တည်းသွားမည့်အကြောင်း မသိပေ။ သိအောင်လည်း ဟော၀န်က မည်သူ့ကိုမျှ မပြောခဲ့။

ဟော၀န့်ဆုံးဖြတ်ချက်နှင့် ဟော၀န်။ ဘယ်သူ့ကိုမှ အသိမပေးဘဲ ထွက်လာခြင်းဖြစ်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရဘဲ ဟော၀န်တို့ စီးရမည့် လေကြောင်းလိုင်း စတင်ထွက်ခွာမည့်အကြောင်း ကြေညာသဖြင့် ဟော၀န်မှာ သူတို့ရှိရာသို့ တစ်ချက်မျှ နှုတ်ဆက်သည်ဆိုရုံ လှမ်းကြည့်လိုက်ပြီး ဟော၀န် လိုက်ပါမည့် ခရီးသည်များနောက်မှာ ကြိုပို့ကားရှိရာ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောဝန် စိတ်ဝင်စားသောလူကတော့ စာအုပ်တစ်အုပ်ဖြင့် ငြိမ်နေပုံကို ဟောဝန် မျက်ဝန်းထဲ စွဲလျှက်ကျန်ခဲ့သည်။

သူဟာ ဟောဝန်နှင့်အတူ လေယာဉ်တစ်စီးထဲ၊ ခရီးစဉ်တစ်ခုထဲ အတူလိုက်ပါလာခဲ့မည်ဆိုလျှင် အဘယ်မျှ ပျော်စရာကောင်းလိုက်မည်နည်း။ ဟောဝန် တစ်သက်တာတွင် ပထမဆုံး အကြိမ်အဖြစ် သူစိမ်းယောကျ်ားတစ်ယောက်အပေါ် ဟောဝန်ကိုယ်တိုင် စိတ်လှုပ်ရှားမိခြင်းဖြစ်သည်ကို သူကတော့ သိမည်မဟုတ်ပါ။

သူ သို့မဟုတ် ဟောဝန်ရဲ့လူကြီး။

ကိုယ့်အတွေးကိုယ် သဘောကျစွာ ဟောဝန် မလုံမလဲ ပြုံးလိုက်မိသည်။ ဟောဝန်ဘဝမှာ ယောကျ်ားများစွာကို တွေ့ဖူးပါသည်။ ဘယ်သူမှ ဟောဝန်နှလုံးသားကို လှုပ်ရှားနိုင်အောင် မဖမ်းစားနိုင်ခဲ့ပါ။

အခု ဟောဝန်တွေ့လိုက်ရသောသူကတော့ ယောကျ်ားပီသစွာ ဟောဝန်တွေ့ဖူးသည့် ယောကျ်ားအများစုနှင့်မတူ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ဟု ထင်မိသည်။ ဘယ်လိုထူးခြားတာလည်းဆိုတာကိုတော့ ဟောဝန်လည်း အတိအကျ ပြောမပြတတ်ပါ။





ဟောဝန်သူငယ်ချင်း ပေါက်စီဆိုလျှင်တော့ ပြောပြတတ်မည်ထင်သည်။ ဒီတစ်ခါ ဖုန်းဆက်ဖြစ်ရင်တော့ ပေါက်စီကို ဟောဝန် တွေ့ခဲ့ရသည့် ထူးခြားစွဲမက်ဖွယ်လူတစ်ယောက် ပြောဖြစ်အောင် ထည့်ပြောမည်ဟု ဆုံးဖြတ်လိုက်ပြီး လေယာဉ်ပေါ်တက်ခဲ့သည်။ ဟောဝန်နားတစ်ခုံမှာ ထိုင်သူမရှိ။ သို့သော် သိပ်မကြာလိုက် လတ်ဆတ်သင်းဖျော့သော ကိုယ်ရန့်နှင့်အတူ ဟောဝန်ဘေးခုံသို့ မြင့်မားစွာရောက်လာသူ့ရှိရာ ဖျတ်ခနဲ အကြည့်လေးတစ်ချက် အရောက်…

"ဟယ်"

ကြည့်စမ်း။ သူ…သို့မဟုတ် ဟောဝန်စိတ်ထဲက တိတ်တခိုးလေး နာမည်ပေးထားသည့် လူကြီးကိုယ်တိုင်ဖြစ်နေ၍ ဟောဝန်ရင်တွေ တထိတ်ထိတ်ခုန်သည်အထိ စိတ်လှုပ်ရှား ပျော်ရွှင်သွားသည်။ လူကြီးက ဟောဝန်ဘက်သို့ တစ်ချက်လှည့်မကြည့်။

သူ့မှာပါလာသည့် အဝတ်အိတ် အပျော့ခပ်သေးသေးကို စင်ပေါ်လှမ်းတင်နေတာ မြင်ရသည်။ ညိုရောင်သန်းနေသည့် ဆံပင်သားပျော့ပျော့တွေက ကျယ်ပြန့်သော နဖူးပြင်ပေါ် ခပ်ယိုင်ယိုင် ဝေ့ဝဲကျနေသလို မေးရိုးနှင့် ပါးပြင်တစ်လျှောက် စိမ်းညို



www.burmeseclassic.com

www.burmeseclassic.com



ရောင်သန်းနေပုံကို ခဏ ငေးခနဲ ကြည့်ဖြစ်သွားသည့်အခိုက်မှာပင်

"ဒေါက်"

ဟောဝန့်ဘေးခုံကို ထိမှန်ပြီး ဟောဝန်ရှေ့ကို လွင့်ကျလာသည့် ရွှေရောင်လက်နေသည့် ဖောင်တိန်လေးတစ်ချောင်း။ လူကြီးရဲ့ပစ္စည်းဆိုသောအသိနှင့် တန်ဖိုးကြီးပေးရသော ဖောင်တိန်လေးကို ခပ်ဖွဖွကောက်ယူပြီး လူကြီးကို ပေးလိုက်သည်။

"သင့်ခ်ယူး"

ကြည်လင်သြရှသည့် အသံက သြဇာသံအပြည့်။

ဟောဝန့်နားထဲမှာ သူ့အသံက ထူးခြားစွာ စွဲကျန်ခဲ့သည်။ လူကြီးက ဟောဝန်ဘေးကခုံမှာ ငြိမ့်ခနဲ ဝင်ထိုင်လာသဖြင့် မျှော်တော့ သင်းမွှေးသော သူ့ထံမှ ကိုယ်သင်းရနံ့ကလည်း ဟောဝန့်ထံ သူ့အလိုလိုရောက်လာသည့်အတွက် ဟောဝန် ရင်ခုန်သွားသည်။

အခုမှ ပြဿနာပါလား။

ဟောဝန့်နားမှာ ဟောဝန် စိတ်လှုပ်ရှားသော၊ ဟောဝန် ရင်ခုန်ရသော လူကြီးရှိနေသဖြင့် ဟောဝန်မှာ အသက်ကိုပင် ရဲရဲမရှူဝံ့။ တဒိတ်ဒိတ်ခုန်နေသည့် ဟောဝန့်ရင်ခုန်သံကို ဟောဝန်ဘေးနားက လူကြီးများ ကြားသွားမလားဆိုသည့် အတွေးဖြင့် အေးစက်နေ

ဝိုး၊ မိုး၊ ၈၇၄၅



သော လေယာဉ်ထဲမှာ ဟောဝန်တစ်ယောက်တည်း ချွေးပျံချင်နေ၏။

လူကြီးကတော့ ဟောဝန် ဘာဖြစ်နေမှန်းမသိ။

စိတ်လည်းမဝင်စား။ သူ့မှာပါလာသည့် ဖတ်လက်စ စာအုပ်ကိုဖွင့်ပြီး ဆက်ဖတ်နေခြင်းကြောင့် ပတ်ဝန်းကျင်ကို မေ့နေသည်။ ဟောဝန်မှာသာ အနားကလူကြီး မရိပ်မိအောင် မသိမသာ ခိုးကြည့်ရင်း ကိုယ့်အဖြစ်ကိုယ် ရယ်လည်းရယ်ချင်၊ သဘောလည်း ကျနှင့် ဖြစ်နေသည်။

ဟောဝန် ဖြစ်စေချင်သည့်ဆန္ဒအတိုင်း ဟောဝန့်နားကို ဟောဝန်လူကြီး ရောက်လာပြီ။ ကဲ···အခု ဟောဝန် ဘာဆက်လုပ်ရမှာလဲ။ တခြားဘယ်လိုလူနဲ့ပဲဖြစ်ဖြစ်၊ အလွယ်တကူ စကားဆိုရင်းနှီးရယ်မောနိုင်ခဲ့ပေမယ့် လူကြီး ဟောဝန်နား ရောက်လာချိန်ကစပြီး စကားပြောဖို့မဆိုထားနဲ့ အသက်တောင် ဖြောင့်ဖြောင့်ရှူလို့မရ။

တက္ကသိုလ်တစ်ခုလုံး ပြိုင်ဘက်ကင်းအောင် အလှဘုရင်မဘွဲ့ ရထားသမျှ ဒီလူကြီးနဲ့ကြမှ အလကားဖြစ်ပြီလား မပြောတတ်။ လူကြီးကလည်း ဟောဝန်ကို တစ်ချက်လှည့်မကြည့်။ ဒီခရီးကို

ဝိုး၊ မိုး၊ ၈၇၄၅

www.burmeseclassic.com

www.burmeseclassic.com



ဟောဝန် ထွက်လာတာ ယောက်ျားတစ်ယောက်အတွက် ထွက်လာရခြင်းဖြစ်သည်။

ဟောဝန်ဆိုးသမျှ အနိုင်ကျင့် ဗိုလ်ကျသမျှ ဘာတစ်ခုမှ အပြစ်မယူ။ နာကျင်ရကောင်းမှန်းမသိ။ ဟောဝန်ကို အမြဲချစ်၍ အမြဲအလိုလိုက် အကြိုက်ဆောင်တတ်သော ဟောဝန်ရဲ့ ငယ်သူငယ်ချင်းလည်းဖြစ်၊ ဟောဝန်ကိုလည်း တစ်ဖက်သတ်ချစ်နေသည့် ဟောဝန့်သူငယ်ချင်း ဝန်ဇင်းကို ခင်ပေမယ့် ချစ်သူတစ်ယောက်လိုတော့ ချစ်၍မရခဲ့ပါ။ ဝန်ဇင်းကို ရင်လည်းမခုန်။

ဝန်ဇင်းက ဟောဝန်ကို တစ်ဖက်သတ် ချစ်နေမှန်းသိပေမယ့် သူနဲ့အတွဲမပျက်။ ပျက်လို့မရအောင်လည်း ဝန်ဇင်းနဲ့ ဟောဝန်က ခြံချင်းကပ်လျက်ဆိုတော့ ပုန်းနေလို့လည်း မလွတ်။ မကြည့်ချင် မမြင်ချင်လို့လည်း မျက်နှာလွှဲထားလို့လည်းမရ။

ဒီလိုပုံစံနှင့် ဟောဝန်တို့ အတွဲမပျက် ချီတက်လာခဲ့ကြတုန်းက ဘာပြဿနာမှမရှိ။ ဟောဝန်ကိုယ်တိုင်က ဝန်ဇင်းအချစ်ကို လက်မခံနိုင်ပါဟု ငြင်းထားပြီးသားဖြစ်၍ နောင်မှာ ပြဿနာဖြစ်လာစရာ မလိုဟု ထင်ခဲ့ပေမယ့် အခြေအနေက ဟောဝန်ထင်သလို ဖြစ်မလာ။





ဟောဝန် ကျောင်းပြီးချိန်မှာ နှစ်ဖက်လူကြီးတွေက ဟောဝန်ကို ဝန်ဇင်းနှင့် လက်ထပ်ပေးဖို့ စီစဉ်ကြသည်။ ငြင်း၍မရ။ လက်မခံနိုင်ပါဘူးလို့ ကလေးတစ်ယောက်လို အော်ဟစ်ငိုယိုလည်း မထူး။ ဝန်ဇင်းကိုခေါ်ပြီး ထုရိုက်အပြစ်တင်တော့လည်း ဟောဝန်လုပ်သမျှ ပန်းနှင့်ပေါက်သလို ပေပြီးငြိမ်ခံနေတာနှင့် နောက်ဆုံး ဟောဝန်ပဲ စိတ်မောလူမော ကလေးတစ်ယောက်လို တအီးအီးထငိုတော့ အားလုံး ခြေမကိုင်မိလက်မကိုင်မိ။

အားလုံးထဲမှာ ဝန်ဇင်းက အဆိုးဆုံး။

ဟောဝန် မျက်ရည်ပေါက်ပေါက် ကျနေတာကိုပဲ မျက်စိပျက် မျက်နှာပျက်နှင့် သူပါ ဟောဝန်နဲ့အတူ ရောငိုတော့မလို မျက်ရည်တစမ်းစမ်းလုပ်နေသမျှ မာမီကပါ ဝန်ဇင်းကိုသနားပြီး ဟောဝန်ကို အပြစ်တင်လာသည်အထိ။

နောက်ဆုံး အားလုံးကို အသိမပေးဘဲ ဟောဝန်တစ်ယောက်တည်း အိမ်ကထွက်ခဲ့သည်။ စိတ်မပူဖို့ စာရေးထားခဲ့ပေမယ့် အားလုံးစိတ်ပူနေကြမှာ၊ စိုးရိမ်နေကြမှာ ဟောဝန်သိပေမယ့် မတတ်နိုင်။

မာမီကတော့ ဝန်ဇင်းကို သားအရင်းလို ချစ်လည်းချစ်၊



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဇင်းကိုယ်တိုင်ကလည်း မာမှီအသည်းကျော်ဖြစ်အောင် လိမ္မာနေတော့ သမက်လည်းတော်ချင်နှင့်။ ဟောဝန်ကိုပဲ မိန်းကလေးဖြစ်ပြီး ဒီလောက်အသည်းမာရပါမည်လားဟု မကြာခဏ အပြစ်တင်နေတတ်သူ။

တစ်ခါတလေတော့လည်း နှစ်ဘက်မိဘအသိုင်းအဝိုင်း ဖြစ်စေချင်သည့်အတိုင်း ဝန်ဇင်းအချစ်ကို ဖွင့်နစ်လက်ခံကြည့်သော်လည်း မရ။ ဒါမှမဟုတ် နီးလွန်းလို့ပဲ မှုန်ကုန်တာလားမသိ။ ဝန်ဇင်းက ဟောဝန်ကို ချစ်မှန်း၊ အလိုလိုက်မှန်း၊ အလျှော့ပေးမှန်း သိလေ ဝန်ဇင်းနှင့် ဝေးနိုင်သမျှဝေးအောင် ကြိုးစားလေနှင့်။ နောက်ဆုံး ဟောဝန် စိတ်ကူးအတိုင်း ဘယ်သူ့ကိုမှ အသိမပေးဘဲ ဤခရီးကို ထွက်လာမိခြင်းဖြစ်သည်။

အခုတော့ မာမီကိုယ်တိုင် အသည်းမာလှချည်ရဲ့ဟု မကြာခဏ အပြစ်တင်ခံရသည့် ဟောဝန့်အသည်းလေးက တစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ဖူးတဲ့ လူတစ်ယောက်ကို မြင်မြင်ချင်း စိတ်လှုပ်ရှားမိပါသည်ဆိုလျှင် မာမီ ယုံပါ့မလားမသိ။

ဟောဝန့်ဘဝမှာ ဟောဝန့်နှလုံးသားကို ထူးခြားမှုတစ်စုံတစ်ရာ ဖြစ်ထွန်းစေသည့် ယောကျ်ားတစ်ယောက်နှင့် တိုက်တိုက်





ဆိုင်ဆိုင် လာတွေ့နေရပြီ။ ဟောဝန်ထက် အသက်ဆယ်နှစ်ခန့်ပိုကြီးမည်ဟု ခန့်မှန်းရသော လူကြီးကဖြင့် စာဖတ်ပင်မပျက်။

သူ့ဘာသာ ဘယ်သူနဲ့မှမရောဘဲ သီးသန့်ဆန်စွာ နေတတ်ပုံကို ဟောဝန့်စိတ်ထဲ တစ်မျိုးတော့ သဘောကျသည်။ တချို့ယောကျ်ားတွေက ဟောဝန်တို့လို ချောချောလှလှ မိန်းကလေးမြင်လျှင် အရောဝင်ချင်၊ မိတ်ဆွေဖွဲ့ချင်ပြီး ဇာတ်လမ်းရှာချင်ကြသည်။ ထိုလူမျိုးများနှင့်လည်း ခရီးအတူမသွားချင်။

ဘေးတိုက်မြင်နေရသော လူကြီးကို မကြာခဏ ခိုးကြည့်မိတာ လူကြီးကမသိ။ သေချာကြည့်တော့ လူကြီးပုံစံက ဟောဝန်ထင်သလောက် အသက်မကြီးသေး။ အရယ်အပြုံးမရှိ။ တည်ငြိမ်ရင့်ကျက်သောမျက်နှာထားနှင့် ခပ်တည်တည်နေတတ်ပုံကြောင့် လူကြီးတစ်ယောက်ဟု ထင်ရခြင်းဖြစ်သည်။

စတိုင်လ်ဘောင်းဘီအနက်၊ အဲရီးရှပ်အင်္ကျီ ချယ်ရီရောင်မှိုင်းမှိုင်းမှာ အစင်းမှုန်မှုန်လေးတွေပါသည့် ရှပ်အင်္ကျီဝတ်ထားပြီး ရှူးဖိနပ်အနက်ကို စီးထားသည့် သူ့ပုံစံက ဂျင်းတဲလ်မန်းစတိုင်လ်အပြည့်။ သပ်ရပ်သန့်ရှင်းလျက် မြင်သူငေးချင်ဖွယ်။

လေယာဉ်က မိုးတိမ်တိုက်တွေကို ထိုးဖောက်ပြီး ခပ်မြင့်



www.burmeseclassic.com

www.burmeseclassic.com



မြင့် ပျံသန်းနေချိန်အထိ ဟောဝန်နှင့် အနားကလူကြီး စကားမဆို ဖြစ်ကြသေး။ လေယာဉ်မယ်လေး အအေးနှင့် မုန့်လိုက်ဝေချိန်မှာ မမျှော်လင့်ဘဲ ဟောဝန့် သုမ်းယူလိုက်သောမုန့်က လူကြီး၏ပေါင်ပေါ် လွတ်ကျသွား၏။

"အို...ဆောရီး"

ဟောဝန်က တောင်းပန်ပေမယ့် လူကြီးက ဘာမှမပြော။ လေယဉ်မယ်လေးက ဟောဝန်ကို နောက်ထပ်မုန့်တစ်ခုနှင့် အသစ်လဲပေးသွားသည်။

မှန်တာပြောလျှင် ဟောဝန်ကိုယ်တိုင် အေးဆေးစွာ သီးသီးသန့်သန့် နေတတ်သူမျိုးဖြစ်ပေမယ့် ဟောဝန်ထက် ပိုပြီး သီးသန့်ဆန်ချင်သူနဲ့ လာတွေ့နေတော့ ပိုစိတ်ဝင်စားမိတာလည်း ပါသည်။

အထူးသဖြင့် လူငယ်သဘာဝ စကားမပြောတာကို ပြောအောင် လုပ်ချင်သည်။ ဟောဝန်အလှကို ဂရုမစိုက်သလို၊ တန်ဖိုးမထားသလို လုပ်ပြနေတာကို ဂရုစိုက်စေချင်လာသည်။ အသိအမှတ် ပြုစေချင်လာသည်။ ဒါကလည်း ဟောဝန့်ဘဝမှာ ဘယ်ယောကျ်ားကမှ ဟောဝန့်အလှကို အသိအမှတ်မပြုဘဲ မနေခဲ့ကြတာလည်းပါမည်။ အလေးအနက်ပြု၊ ဂရုစိုက်ခံနေကြဖြစ်နေ၍





လားမသိ ဟောဝန့်အလှကို ဂရုမစိုက်သလို နေပြသူနဲ့ လာတွေ့တော့ ရင်ထဲမှာ သူ့အလိုလို အခံရခက်နေမိသည်။

ဒီလိုပုံနှင့် ခရီးသာဆုံးမည်။

ဟောဝန်ကို အရေးပင်လုပ်မှာမဟုတ်။

နောက်ဆုံး တစ်ဖက်လူက ဟောဝန့်အလှကို အသိအမှတ်ပြု အရေးလုပ်တာ ခံယူလို၍ ဟောဝန်ကပဲ အနားကလူကြီးနှင့် ရင်းနှီးအောင် အကြံဉာဏ်ထုတ် စိတ်ကူးကြည့်မိသည်။

ရုတ်တရက် ဘာအကြံဉာဏ်မှမထွက်။

ဟောဝန်ကစပြီး သူစိမ်းယောကျ်ားတစ်ယောက်ကို ပတ်သက်ချင်မိတာ ဒါပထမဆုံးမို့ ဘဝမှာ မလုပ်ဘူးတဲ့အလုပ်။ မကြုံစည်ဘူးသော အတွေးအခေါ်အသစ်အတွက် ကိုယ့်ဘာသာလည်း လိပ်ပြာမလုံ။ ရယ်လည်းရယ်ချင်နှင့် မျက်နှာမှာ ဘယ်လိုပုံပေါက်နေမလဲဆိုတာ အပြေးအလွှား စဉ်းစားကြည့်ရသေးသည်။

ဝန်ဇင်းအပေါ် တစ်ချိန်လုံး အနိုင်ကျင့်ဗိုလ်ကျခဲ့သမျှ အခုတော့ ဟောဝန် ဝဋ်လည်ဖို့ဖြစ်နေတာကိုလည်း သဘောကျချင်ချင်။

ကဲလေ...ဖြစ်ချင်ရာဖြစ်။

ဟောဝန်က အရင်စပြီး မိတ်ဆွေဖွဲ့တော့ရော ဘာဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မို့လဲ။ ဒီလိုပဲ ခရီးသွားဖော်ချင်း စကားလေးဘာလေးပြောရာက ရင်းနှီး၊ နောက်တော့ ဖုန်းနံပါတ်ချင်းလဲ၊ ဒီလိုနဲ့စတဲ့ ဇာတ်လမ်းတွေ လောကမှာ အများကြီး။ ကိုယ့်ကိုယ်ကို အားတင်းပြီး တစ်ဖက်က လူကြီးကိုကြည့်လိုက်တော့ သူ့စာသူ အကြည့်မပျက်။

မျက်နှာကလည်း ခပ်တည်တည်။

လူကြီးနဲ့လူငယ် ဟောဝန် စပြီးမိတ်ဆွေဖွဲ့ရတာ သိပ်တော့ ဣန္ဒြေမပျက်ပါ။

ဟောဝန်အတွက် လူကြီးနှင့် မိတ်ဆွေဖွဲ့စရာ အကောင်းဆုံးနည်းက ဘာဖြစ်မလဲ။ ဟောဝန့်မျက်ဝန်းမှာ ဖျတ်ခနဲ မြင်မိသည့် လူကြီး၏ဘေးမှာ ချထားသည့် ဆွဲအိတ်ပြာပြာလေးက တစ်ပိုင်းတစ်စ ထွက်နေသည့် စာအုပ်လေးတစ်အုပ်။

ဟုတ်ပြီ။

စာမှစာဖြစ်နေသော လူကြီးကို စာအုပ်ငှားရင်း မိတ်ဆွေဖွဲ့တာလောက် ကောင်းတာမရှိ။ ကိုယ့်အကြံကိုယ် သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး လူကြီးဘက် လှည့်လိုက်သည်။

"အန်ကယ်"

ဟောဝန့်နှုတ်ဖျားက ခေါ်သံကို သူက ဂရုမစိုက်။

ဝိုး၊မိုး၊၀၇၄ပ



စာအုပ်ထဲမှာ စာကို စိတ်ဝင်စားနေ၍လား၊ ဒါမှမဟုတ် ဟောဝန်က သူ့ကို အန်ကယ်ဟု ခေါ်လာလိမ့်မည်ဟု မထင်၍ပဲလား မသိ။ ဟောဝန့်ဘက်ကို လှည့်မကြည့်။

"ဒီမှာ...အန်ကယ်ကြီး"

ဒုတိယအကြိမ် ဟောဝန့်ခေါ်သံအဆုံးမှာတော့ သူက ဟောဝန်ကို စူးရှတောက်ပသော မျက်ဝန်းများဖြင့် အေးစက်စက် လှည့်ကြည့်သည်။

"မင်း ကိုယ့်ကို ခေါ်နေတာလား"

အသံက အနိမ့်အမြင့်မရှိ။

တပြေးညီပုံစံမျိုးဖြစ်သည်။

"ဟုတ်ကဲ့၊ အန်ကယ့်မှာ စာအုပ်အပိုပါသေးလားလို့ပါ"

လူကြီးက ဟောဝန့်မျက်နှာလှလှလေးကို ခံစားချက်မဲ့သလို အေးစက်စက်တစ်ချက်ကြည့်ပြီး ဘာစကားမှ ထပ်မပြော။ သူ့ဘေးရှိ ဆွဲအိတ်ပြာလေးထဲက စာအုပ်တစ်အုပ်ထုတ်ပေးသည်။

"သင့်ခ်ယူး အန်ကယ်"

စာအုပ်ကို လှမ်းယူရင်း အပြုံးလှလှနှင့် ကျေးဇူးတင်စကားဆိုတာကို ဆုံးအောင်ပင် နားမထောင်။ သူ့မျက်နှာကို ချက်ချင်း

ဝိုး၊မိုး၊၀၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်နှင့် အပ်လိုက်သဖြင့် ဟောဝန့်မျက်နှာ ဖြန်းခနဲ ပူနွေးသွားကာ လူကြီးကိုလည်း အတော်မကျေမနပ်ဖြစ်သွားသည်။

ဟွန်း…ဖြစ်နေလိုက်တာ။

ဟောဝန်ကိုများ မတူသလို မတန်သလိုနဲ့။

ဦးကြီးကျယ်ကြီး။

ဟောဝန့်စိတ်ထဲက မကျေမနပ် ရေရွတ်ရင်း ဟောဝန့်လက်ထဲ ရောက်လာသည့်စာအုပ်ကို ဖတ်လိုက်တော့ ပိုဆိုးသွားသည်။ တစ်အုပ်လုံး အင်္ဂလိပ်လိုရေးထားသည်။ The Founding Principles of Buddhism ဆိုသည့် စာအုပ်။ သူ့ပုံစံက ထူးခြားသလို သူဖတ်သည့်စာတွေကလည်း ထူးနေသည့်အတွက် လူကြီးရှိရာ မျက်လုံးလေးစွေပြီး တစ်ချက်ကြည့်လိုက်သည်။

စာအုပ်ကို ဟိုကြည့်ဒီကြည့် လုပ်နေပေမယ့် ဟောဝန့်စိတ်က စာမှာမရှိ။ ထူးခြားသည့်ပုံစံတစ်မျိုးနှင့် လူကြီးထံမှာ ရောက်နေသည်။

သူဘယ်သွားမှာလဲ။

သူ့လက်ထဲက သူဖတ်နေတဲ့စာအုပ်မျက်နှာဖုံးကို အခုမှ သတိထားကြည့်မိသည်။ သူ့လက်ထဲက စာအုပ်ကလည်း အင်္ဂလိပ်





လို ရေးထားသည့် ဗုဒ္ဓကျမ်းတစ်စောင်။

ဘာလဲ။

ဒီလူကြီးက အသက်အရွယ် ငယ်ငယ်နဲ့ လူ့သဘာဝ၊ လူ့လောကကြီးကို ငြီးငွေ့စိတ်ကုန်နေသူလား။

သူ့စိမ်းယောကျ်ားတစ်ယောက်အကြောင်း အခုလို တစ်ခါမှ စိတ်ဝင်စားစွာ မတွေ့ဖူးသမျှ ဟောဝန့်ကိုယ် ဟောဝန် အံ့ဩပြီးရင်း အံ့ဩနေမိသည်။

အချိန်က သိပ်မရ။

လေယာဉ်ခရီးစဉ် ပြီးဆုံးတာနှင့် သူလည်း သူ့ခရီးသူဆက်၊ ကိုယ်လည်း ကိုယ့်ခရီးကိုယ်သွား။ ဤနည်းဖြင့် လမ်းခွဲကြရုံအပြင်မရှိ။ စာအုပ်ကို ဟိုဟိုဒီဒီကြည့်ပြီး ပြန်ပေးလိုက်သည်။

"အန်ကယ်"

ဒီတစ်ခါတော့ ဟောဝန် တစ်ခွန်းခေါ်ရုံနှင့် သူကလှည့်ကြည့်သည်။

"ဒီမှာ အန်ကယ့်စာအုပ်"

ဟောဝန်ပေးသည့်စာအုပ်ကို လှမ်းယူပြီး သူ့အနားက အိတ်ပြာလေးထဲ ပြန်ထည့်သည်။ တခြားဘာစကားမှ အပိုမပြော။



www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမမေး။ စာအုပ်ပြန်ပေးရင်း လူကြီးနှင့်ရင်းနှီးအောင် မိတ်ဆွေဖွဲ့ရန် ကြံစည်စိတ်ကူးထားသမျှ ဟောဝန်အဖို့ အလကား ဖြစ်သွားသည်။

ဟောဝန်က လိုက်အရောဝင်နေတာကို သိရက်နဲ့ ဂရုမစိုက်တာ ဘာသဘောလဲ။ လူကြီးက သူတော်စင်ဖြစ်နေလို့လား။ အနည်းဆုံးတော့ ဟောဝန်ကို တစ်ခုခုပြောသင့်ပါလျက်နဲ့ ဘာမှမပြော။

ဒါကိုပဲ ဟောဝန် စိတ်ထဲက မကျေနပ်။

ခရီးကဆုံးတော့မည်။

အခုချိန်ထိ ဟောဝန် စိတ်ကူးကြံစည်ထားသမျှ ဘာတစ်ခုမှ အကောင်အထည်ဖော်ခွင့်မရသေး။ နောက်ဆုံး ရိုင်းသည်လို့ပဲ ပြောပြော မသိဆိုးရွားနိုင်သည်ပဲဆိုဆို ဖြစ်ချင်ရာဖြစ် ဟောဝန်ကပဲ စကားစပြောဖို့ ကြိုးစားအားထုတ်မိသည်။

"အန်ကယ်ဖတ်နေတာလည်း ဘုရားစာအုပ်ပဲနော်၊ အန်ကယ်က စာဖတ်တာ အတော်ဝါသနာပါပုံပဲ၊ ဟောဝန်တို့ဆို အခု အန်ကယ်ဖတ်နေတဲ့ စာအုပ်မျိုး မြန်မာလိုရေးထားရင်တောင် ပျင်းတာနဲ့ သိပ်မဖတ်ဖြစ်ဘူး"

ဟောဝန်ကို တစ်ချက်လေးပင် လှည့်ကြည့်ဖော်မရသော





လူကြီးကို ဟောဝန်ကပဲ စကားခပ်များများ ပြောခြင်းဖြင့် စကားပွဲကို စတင်လိုက်သည်။

ဒီတစ်ခါတော့ ဟောဝန်ပြောသမျှစကားကို မကြားသလို နေ၍မရသလို၊ လှပသော ဟောဝန့်မျက်နှာလေးကို မကြည့်ဘဲ နေလို့မရတော့သည့်ပုံနှင့် လူကြီးက ဖတ်လက်စစာအုပ်ကိုပိတ်ပြီး ဟောဝန်ဘက်ကို အေးစက်စက်လှည့်ကြည့်သည်။

ထိုအကြည့်ကို ဟောဝန် မနှစ်ခြိုက်ပါ။

ဘယ်လိုအကြည့်မှန်းလည်း မသိ။

သူ့အကြည့်က လောကကြီးကို ငြီးငွေ့စိတ်ပျက်နေသော အကြည့်။ လူတွေ အရာဝတ္ထုတွေကို ဘာတစ်ခုမှ မမြင်မတွေ့သလို စိတ်မဝင်စားသည့်အကြည့်။

"ကိုယ့်ဘဝရဲ့အဖော်က စာအုပ်ပဲ၊ စာအုပ်တစ်အုပ်ရှိနေရင် ကိုယ့်ဘဝဟာ ပြည့်စုံတယ်၊ တခြားဘယ်အရာမှ မလိုအပ်ဘူး၊ လိုလည်းမလိုချင်ဘူး"

ဘယ်လိုပါလိမ့်။

လူကြီးရဲ့စကားအဓိပ္ပာယ်က ဘာကိုဆိုလိုတာလဲ။

ဟောဝန်က သူ့ကို တမင်လိုက်ရောနေမှန်းသိလို့ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်ရှိရင် သူ့ဘဝမှာ ဘယ်အရာမှမလိုအပ်ဘူး၊ လိုလည်းမလိုချင်ဘူးလို့ ပြောတာလား။

သဘောက ဟောဝန်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူး။ လာမရောနဲ့ ဒီလိုလား။

ဟောဝန့်ဘာသာ လိပ်ပြာမလုံသလို အဓိပ္ပာယ်ကောက်လွဲတာဖြစ်မှာပါဆိုတဲ့ အတွေးနဲ့ လူကြီးကို ဟောဝန် ရှေ့ဆက်စကားဆိုမိပြန်သည်။

ဒါကလည်း လူကြီးနဲ့ဟောဝန် စကားပြောနေတုန်း အဆက်ပြတ်ပြီးရပ်သွားမှာ စိုးရိမ်စိတ်နှင့်ပါ။

"ဟောဝန်ကတော့ စာဖတ်ရတာကိုလည်း သဘောကျသလို ခရီးသွားရတာကိုလည်း သဘောကျတယ်၊ အခု အန်ကယ်က ဘယ်ကိုသွားမှာလဲဟင်"

"တစ်နေရာရာပေါ့"

"ရှင်"

"မင်းသိချင်တာ ဒါပဲဆိုရင် ကိုယ် စာဆက်ဖတ်လိုက်ဦးမယ်"

"အို"





ရှက်လွန်း၍ ဟောဝန့်မျက်နှာသာမက တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်သွားသည်။ လူကြီးက ဟောဝန်ကို မကြည့်တော့ဘဲ သူ့စာသူဆက်ဖတ်နေချိန်မှာ ဟောဝန်ကတော့ သူမကို လှပစွာပညာပြ အရှက်ခွဲသွားသည့် အနားကလူကြီးကိုပဲ စိတ်ဆိုးဒေါသဖြစ်ရမှာလား။ လူတတ်ကြီးလုပ်ပြီး ဟောဝန်ကစ မိတ်ဆွေဖွဲ့ဖို့ ကြိုးစားမိတာကို စိတ်ဆိုးအပြစ်တင်ရမှာလား မသိတော့ဘဲ နောက်ထပ် ဘာမှအပြောအဆိုမခံရအောင် မျက်လုံးအစုံကို မှိတ်ကာ ရင်ထဲက ဒေါသအစိုင်အခဲကို ကျိတ်မှိတ်မျိုချလိုက်ရသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သံတွဲလေဆိပ်၊ သို့မဟုတ် ငပလီ။

ခရီးသည်တွေအားလုံး လာကြိုသူ ကိုယ့်အစီအစဉ်နှင့် သွားကြသူအားလုံး လေဆိပ်အဆောက်အဦးထဲက ထွက်ခွာသွားကြချိန်မှာ လေဆိပ်ထဲကျန်ခဲ့သူက တိုက်ဆိုင်စွာ ဟောဝန်နှင့် ဟိုလူကြီး နှစ်ယောက်ထဲ။

သူက ဟောဝန်ကို စိတ်မဝင်စားသလို သူ့မူဟန် သူ့ထုံးစံအတိုင်း ဂရုလည်းမစိုက်။ လှည့်လည်းမကြည့်။ ဟောဝန် ကြည့်လိုက်ချိန်မှာ လက်ကနာရီကို တစ်ချက်ငုံ့ကြည့်ပြီး လက်ထဲမှာ အသင့်ရှိနေသည့် စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်နေပုံက စာနဲ့မျက်နှာ ပြတ်သွားရင်ပဲ တစ်ခုခုဖြစ်တော့မည့် ပုံစံမျိုးမို့ လူကြီးမျက်နှာချောချောကို ကြည့်ပြီး ဟောဝန် သက်ပြင်းချလိုက်၏။

မိုးမိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ် တစိမ့်စိမ့်ကြည့်လေ လူကြီးက ပိုချောလေ။ ပိုကြည့်ကောင်းလေ။ အထူးသဖြင့် လူကြီးမေးဖျားက အချိုင့်ရာလေးရှိရာကို မကြာခဏ အကြည့်ကရောက်ရောက်သွားသည်။

လူကြီးကတော့ သူနဲ့ခပ်လှမ်းလှမ်းမှာရှိနေသည့် ဟောဝန်ရှိနေတာကိုပဲ မသိသလိုလို။ လေယာဉ်ခရီးစဉ်ပြီးဆုံးလို့ ကိုယ်စီရှေ့ခရီးကို ဆက်ကြရတော့မည်။ အခုချိန်ထိ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်ဖို့မပြောနှင့် စကားပင် ဖြောင့်ဖြောင့်မပြောဖူးသေး။

မကြာခင် လမ်းခွဲကြရတော့မည့်အချိန်လေးမှာ အနည်းဆုံးတော့ ဟောဝန် စိတ်ဝင်စားသည့် လူကြီးနာမည် ဘယ်သူဘယ်ဝါဆိုတာလောက်တော့ သိသွားချင်သည်။ လူကြီးကို လှမ်းကြည့်လိုက်တော့ စာအုပ်နှင့်မျက်နှာ မခွာ။

မလိုအပ်ဘဲ လူကြီးက အဘိုးကြီးပုံစံဖမ်းပြီး ခပ်တည်တည်လုပ်နေတာကိုလည်း ကြည့်မရ။ အနီးကပ် မြင်တွေ့နေရသည့် လူကြီးမျက်နှာမှာ နုပျိုငယ်ရွယ်မှုတွေ အထင်သား တွေ့မြင်နေရ၏။

မှန်တာပြောရလျှင် လူကြီးကို ဟောဝန် စိတ်ဝင်စားနေမိပါပြီ။ ကံဆိုးချင်တော့ လူကြီးနဲ့ဟောဝန်က စရိုက်ချင်းမတူညီတာကို





စကားစပြောထဲက သဘောပေါက်လိုက်ပေမယ့် လူကြီးအပေါ်စိတ်ဝင်စားမှုက လျော့မသွား။

တစ်ချိန်လုံး ယောကျ်ားတွေပါးစပ်ဖျားမှာ နာမည်ကြီးရေပန်းစားခဲ့သည့် ဟောဝန့်အလှတွေက ကိုယ့်ထက် အသက်ခပ်ကြီးကြီး ယောကျ်ားတစ်ယောက်နှင့်ကျမှ သုံးမရအောင် နောက်ကောက်ကျ ကျန်ခဲ့ပြီလားမသိ။

သေချာတာကတော့ ဟောဝန်တွေ့ဖူးသမျှ ယောကျ်ားတွေနှင့်မတူ တမူထူးခြား ကွဲပြားနေသည့် လူကြီး၏ ဆန်းကြယ်မှုက ဟောဝန့်စိတ်ကို ပိုပြီးဆွဲဆောင်ညှို့ငင်နေသလို ထင်မိ၏။

ဟောဝန်တို့နှစ်ယောက် လမ်းမခွဲခင် သူ့နာမည်ကို သိကိုသိရမှဖြစ်တော့မည်။ ဟောဝန့်ဘာသာ ကျိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်ချိန်မှာ တိုက်ဆိုင်စွာ လူကြီးက သူ့လက်ထဲက ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ချိန်နှင့် တစ်ထပ်တည်းဖြစ်နေ၍ ဟောဝန်ဝမ်းသာသွားသည်။

"အန်ကယ့်ကို လာကြိုမယ့်သူ အခုထိမလာသေးဘူးနော်၊ ဟောဝန်လည်း အန်ကယ့်လိုပဲ ဟောဝန်ကို လာကြိုမယ့်ကားကို စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဝန့်နာမည် ပန်းဟောဝန်ပါ အန်ကယ်"

"ဟုတ်လား"

သူက ဒါပဲပြောပြီး ရှေ့ကို စကားမဆက်။

"အန်ကယ့်နာမည်ရော ဘယ်လိုခေါ်လဲဟင်"

"နာမည်ဆိုတာ ပညတ်ပဲ၊ တကယ်တော့ သူလည်း မဟုတ်ဘူး၊ ငါလည်းမဟုတ်ဘူး"

ပြုံးနေသည့် ဟောဝန့်မျက်နှာလေးက လူကြီးထံမှ အဖြေစကားကြောင့် ငိုရမလို ရယ်ရမလိုဖြစ်သွားသည်။ နာမည်မေးတာကို မပြောဘဲ တရားထဟောတော့မည့်ပုံစံဆိုတော့ ဟောဝန်ကပဲ လိုရင်းရောက်အောင် စကားဆက်ရသည်။

"အန်ကယ့်ကို ဘယ်လိုခေါ်ရမလဲဟင်"

"အခုပဲ အန်ကယ်လို့ ခေါ်နေပြီမဟုတ်လား"

"အိုး…အဲဒါက အန်ကယ့်နာမည်မှ မဟုတ်တာ"

"ခရီးသွားဖော်ချင်းအတူတူ အနည်းဆုံးတစ်ယောက်နာမည်တော့ တစ်ယောက် သိသင့်တာပေါ့"

ပန်းဟောဝန် ပြုံးလိုက်တိုင်း ချိုင့်ဝင်သွားတတ်သည့် ပါးချိုင့်ရှည်ရှည်ကြီးတွေကြောင့် ထိုအပြုံးမှာ ယောကျာ်းအများစု နှစ်မျော





သွားတတ်ကြသည်ဟု နာမည်ကြီးသမျှ အခု လူကြီးရှေ့မှာ အားလုံး အလကားဖြစ်နေသည်။

လူကြီးက ဟောဝန့်အပြုံးမှာ နှစ်မျောရန်ဝေးလို့ ဟောဝန်က သူ့အတွက် အလကားပြုံးပြသနာမရှိ ပြဿနာရှာနေသော ကောင်မလေးဖြစ်နေဟန် အေးစက်စက် ပြန်ကြည့်သည်။ အကြည့်ထဲမှာ ဘာခံစားချက်မှုကိုမရှိ။

"နာမည်သိပြီးတော့ ဘာလုပ်မှာလဲ"

"တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်သွားတာပေါ့ အန်ကယ်ရဲ့"

"လူတွေ ခရီးသွားကြတယ်ဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ် မဖြစ်မနေသွားကြတာ၊ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖွဲ့ဖို့ ခရီးသွားကြတာမှ မဟုတ်တာ"

ဘာခံစားချက်မှ မရှိသလို အေးစက်စွာ တုံ့ပြန်ဟာသည့် လူကြီးစကားကို ဘယ်လိုစိတ်ဆိုးဒေါသဖြစ်ရမှန်းမသိသဖြင့် ဟောဝန်မှာ အလိုလိုက်ခြင်းမခံရသည့် ကလေးနှယ် ချက်ချင်းပင် နှုတ်ခမ်းစူချင်သွားသည်။

"ဟောဝန်ကြတော့ ဟောဝန့်နာမည်သိအောင် အန်ကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရပြီးတော့''

စိတ်ဆိုးစိတ်ကောက်နေကြဖြစ်သော ဟေဝန့်မျက်နှာက အခုပဲ ငိုချတော့မလိုငို။ နှုတ်ခမ်းတစူစူနှင့် မကျေမနပ် စူပွပွမကျေမနပ်အပြောမှာ အေးစက်သော လူကြီးမျက်လုံးတွေ ငြိမ်သက်သွားသလိုလို ထင်နေရပြီးမှ…

''မင်းနာမည်ကို ကိုယ်မမေးမိဘူးထင်တယ်''

ခံစားချက်ကင်းမဲ့လွန်းသော အသံက တပြေးညီ။ သူ့မျက်နှာပေါ်မှာလည်း ဘာအပြောင်းအလဲမှလည်းမရှိ။ ဟေဝန်မှာသာ လူထူးလူဆန်းတစ်ယောက်ကို စိတ်ဝင်စားမိ၍ ဖြစ်ပေါ်နေရသော ရင်ထဲက ခံစားချက်တွေ မပေါက်ကွဲအောင် ကြိုးစားမျိုသိပ်ရင်း စကားကို ရှေ့ဆက်နေမိသည်။

''မေးတော့ မမေးဘူးပေါ့၊ ဒါပေမယ့် ဟေဝန်က အန်ကယ့်ကို ခင်ချင်လို့ ကိုယ့်နာမည် ကိုယ်ပြောပြီး မိတ်ဆက်တာအပြစ်လား''

''မင်းမှာ အပြစ်ရှိတယ်လို့ ကိုယ်မပြောပါဘူး''

''ဒါဖြင့် ဟေဝန်က အန်ကယ်လို့ခေါ်တာ သဘောမကျလို့လား''





တကယ်တော့ သူက သိပ်အသက်ကြီးသေးတာမဟုတ်။ ဟေဝန်က တမင်ရွဲ့ပြီး သူ့ကို အန်ကယ်လို့ခေါ်တာကို မကျေနပ်လို့ ဟေဝန်ကို မထင်မှတ်သည့်ပုံစံနှင့် တုန့်ပြန်ကလဲ့စားချေခံရတာလားဆိုသည့် အတွေးဖြင့် မေးလိုက်ခြင်းဖြစ်သည်။

''ခရီးသွားဟန်လွှဲ ကြုံကြရတာပဲ၊ ကိုယ့်ကို ဘယ်လိုခေါ်ခေါ် ကိစ္စမရှိပါဘူး''

''ဒါဖြင့် အန်ကယ့်နာမည်ကို ဟေဝန် မသိရတော့ဘူးလား''

လူကြီး တစ်ခုခုပြောရန်အပြင်မှာ အဖျက်သမား ဖိုးကျော်ရောက်လာသည်။

''ပန်းဟေဝန်''

''အယ်…ဖိုးကျော်၊ ဒီမှာရောက်နေတာ ကြာလှပြီ၊ နင်က အခုမှလာရသလား''

''အေး…လမ်းမှာ ကားက ဒုက္ခပေးနေလို့ နောက်ကျသွားတာ ဆောရီး၊ ဘယ်မှာလဲ နင့်ပစ္စည်းတွေ၊ ဒီတစ်အိတ်ထဲလား''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် လာ သွားကြမယ်"

ဟောဝန်ကို လာကြိုသည့် သူငယ်ချင်းဖိုးကျော်က ထုံးစံအတိုင်း ကိုပျာယာဘွဲ့နှင့်လိုက်အောင် လေဆိပ်ထဲ ကပျာကယာ ရောက်လာ၊ သူပြောချင်တာပြောပြီး ဟောဝန့်ခရီးဆောင်အိတ်ကို ကောက်ယူကာ ဟောဝန့်ကို တစ်ချက်လှည့်မကြည့်ဘဲ ရှေ့က ဦးဆောင်ထွက်သွားသည်။

ဟောဝန်မှာ လူကြီးကို ပြောလက်စစကားဆုံးအောင် ပြောခွင့်မရ။ ဖိုးကျော်ရောက်လာတာနှင့် ပွဲကပျက်သွားသည့်အတူ နာမည်လေးပြောဖို့ကို ဒီလောက်ကပ်ဖဲ့နေသည့် လူကြီးမျက်နှာကို နောက်ဆုံးအနေနှင့် ငေးခနဲ ကြည့်လိုက်သည်။

"ဟောဝန် သွားတော့မယ် အန်ကယ်"

"ကောင်းပြီ"

လက်ထဲမှာ စာအုပ်တစ်အုပ်ကို ကိုင်လျက် ထိုင်နေသည့် သူ့မျက်နှာက ဘာခံစားချက်မှ မရှိသလို အပြုံးအရယ်ကင်းစွာ အေးစက်စက်။

ဟောဝန်သွားရင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှာ တွေးမိတော့ ဟောဝန့်ရင်ထဲ လေးသွားကာ သူ့ကို တစ်ယောက်





တည်း မထားခဲ့ရက်ဘဲ ဖြစ်နေ၏။

"အန်ကယ်သွားမယ့်နေရာကို ဟောဝန့်သူငယ်ချင်းကို လိုက်ပို့ခိုင်းရမလားဟင်"

သူနဲ့ပတ်သက်ပြီး အမှတ်နည်းလွန်းသော ဟောဝန့်နှုတ်ဖျားက ဟောဝန်နဲ့အတူလိုက်ဖို့ သူ့ကို ခေါ်မိပြန်သည်။

"သင့်ခ်ယူး...ကိုယ့်ကိုလာကြိုမှာပါ"

ဟောဝန့်မှာ ပြောစရာစကားမရှိတော့။

ဒါပေမယ့် သူ့ကို ဟောဝန် တစ်ခုခုပြောချင်သည်။ ဟောဝန် ဘာပြောရမည်နည်း။

"နောက်တစ်ခါ ဟောဝန်တို့ပြန်ဆုံရင် အန်ကယ့်ကို နှုတ်ဆက်မယ်နော်"

"ဆောရီး...ကိုယ်က လူတစ်ယောက်ကို အလွယ်တကူ မမှတ်မိတတ်ဘူး"

သေလိုက်စမ်း ဟောဝန်။

ဖြန်းခနဲ နီရဲထူပူသွားသည့် ရှက်မျက်နှာကို ဘယ်လိုထားရမှန်းမသိ။ အေးစက်တည်ငြိမ်သော မျက်ဝန်းများဖြင့် ကြည့်နေသော လူကြီးမျက်နှာကို ဟောဝန့်တစ်သက် ဘယ်လိုမှ မေ့မရနိုင်။ စူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပစ်လိုက်သည်။

ဟောဝန့်လိုရုပ်မျိုးက လူတစ်ယောက်ကို တစ်ခါတွေ့ရုံနဲ့ မမှတ်မိနိုင်စရာ ရုပ်မျိုးလို့ဆိုလိုတာလား။ ဟောဝန့်အလှကို အသိအမှတ် မပြုရုံသာမက မတူမတန်သလို အဆက်အဆံ မလုပ်ချင်ဟန် ပြတ်သားရက်စက်စွာ ပြောလာသူမျိုး ဟောဝန့်ဘဝ ဒီတစ်ခါသာ ကြုံဖူးသည်။

ဟောဝန့်ဘက်က ဒီလောက် လိုက်လျောအောက်ကျို့နေတဲ့ကြားက တစ်ဖက်သတ် မာနတွေကြီးပြနေသည့် လူကြီးကို မေ့ပစ်တာပဲ ကောင်းမည်။ ဒါပေမယ့် သူသိအောင် ဟောဝန့်ရင်ထဲက စကားတစ်ခွန်းတော့ သိပ်မာနကြီးတဲ့ လူကြီးအနားမှာ ထားခဲ့ချင်သည့်အတွက် ဟောဝန့်ဘက်က အလှဆုံးပြုံးလိုက်ပြီး…

"စိတ်ချပါ အန်ကယ်၊ အန်ကယ်က ဟောဝန့်ကို အလွယ်တကူ မမှတ်မိပေမယ့် ဟောဝန်ကတော့ အခုချိန်ကစပြီး အန်ကယ့်ကို မေ့လို့မရအောင် မှတ်မိနေတော့မှာပါ"

အေးစက်စက် မျက်ဝန်းအကြည့်တွေက ခံစားချက်မဲ့စွာ ဖျတ်ခနဲရောက်လာပြီး ချက်ချင်း အကြည့်လွှဲသွား၏။

❖ ❖ ❖



## အခန်း (၃)

ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး ဟောဝန့်ဘဝမှာ တွေးလိုက်တိုင်း မခံချိမခံသာ တစိမ့်စိမ့်ခံစား အမှတ်ရနေမိသည့် အဖြစ်က ဒါပထမဆုံးဖြစ်သည်။

ဟောဝန့်အလှ၊ ဟောဝန့်ဘဝ၊ ဟောဝန့်နှလုံးသားကို လိုချင်၍ ဟောဝန့်အပေါ်မှာ လှိုက်လှဲစွာ အနစ်နာခံ ချစ်တတ်သော ဝန်ဇင်းလို ယောကျ်ားတစ်ယောက်နှင့် ဟောဝန့်အလှ၊ ဟောဝန့်မာန၊ ဟောဝန့်ဂုဏ်သိက္ခာကို လုံးဝဂရုမစိုက်၊ အရေးမလုပ်သည့် ဆန့်ကျင်ဘက်ယောကျ်ားနှစ်ဦးကြားမှာ ဟောဝန့်ခံစားမှု ပြင်းထန်စွာ ပေါက်ကွဲချင်သည်။

ဝန်ဇင်းထံမှ ဂရုစိုက်မှု၊ ကြင်နာမှု၊ ချစ်ခင်မြတ်နိုးမှုအဖုံဖုံ



www.burmeseclassic.com

www.burmeseclassic.com



ကို မလိုချင်၍ ကျောခိုင်းထွက်လာသူက အခု ဟောဝန်နှင့် ဘာမှ မဆိုင်၊ ဘယ်လိုမှ မပတ်သက်သည့် သူစိမ်းယောကျ်ားတစ်ယောက် ဆီက ဂရုစိုက်မှု၊ အသိအမှတ်ပြုမှုတွေကို ခံယူချင်နေတာကိုလည်း ဟောဝန့်ဘာသာ နားမလည်။

ဟောဝန့်လို မိန်းမလှလေးတစ်ယောက်အပေါ်မှာ ယောကျ်ား တစ်ယောက်ဖြစ်ပြီး မာနခပ်ကြီးကြီး အထက်စီးနှင့် ကြီးကြီးကျယ် ကျယ် ပြောဆိုဆက်ဆံလိုက်သည့် သူ့ကို နောက်ဘယ်တော့မှ သတိမရ။ မေ့ပစ်လိုက်မှဖြစ်မည်လို့ ဟောဝန့်ဘာသာ ကျိတ်ဆုံးဖြတ် ခဲ့ပေမယ့် အံ့သြစရာကောင်းအောင် ဦးကြီးကျယ်၏ပုံရိပ်က ဟောဝန့် နှလုံးသားမှာ ဘယ်လိုမှ မေ့ပျောက်လို့မရအောင် ထူးခြားဆန်းကြယ် စွာ စွဲထင်နေခဲ့သည်။

အခုမှ တကယ့်ပြဿနာပါလား။

မေ့စမ်း ဟောဝန်။ အဲဒီလိုလူမျိုးကို ဘယ်တော့မှ ပြန်သတိ မရနဲ့။ မေ့ပစ်လိုက်စမ်း။ လုံးဝသတိမရလိုက်နဲ့။

ကိုယ်နဲ့ဘာမှမဆိုင်သည့် လူကြီးကိုပဲ စားစားသွားသွား သတိရရနေတတ်တာကိုပဲ ဟောဝန့်ကိုယ် ဟောဝန် ဒေါသဖြစ်နေ သည်။ အထူးသဖြင့် အိပ်ရာပေါ်မှာ ဟောဝန်တစ်ယောက်တည်း



ငြိမ်သက်နေချိန်မှာ လူကြီးကို သတိရနေမိသည့်စိတ်က အဆိုးဆုံး ဖြစ်သည်။

''သင့်ခ်ယူး...ကိုယ့်ကိုလာကြိုမှာပါ''

လူကြီးကိုလာကြိုတာ ဘယ်သူတွေလဲ။ လူကြီးရဲ့ ဇနီး မယား သားသမီးတွေလား။

ဘုရားရေ...။

သူ့မှာ အိမ်ထောင်ရှိနိုင်သလို သားသမီးတွေလည်း ရှိနိုင် တာပဲ။ ဒီလိုလူမျိုးကိုမှ ဟောဝန်က မေ့မရဘဲ တမ်းတမ်းတတ သတိရမိနေရင်။ တွေးရင်း ဟောဝန်ရင်ထဲ ပူလာသည်။ နာမည် လည်း မသိ။ လိပ်စာလည်းမသိသော လူတစ်ယောက်အကြောင်း ဟောဝန် ဘယ်လိုစုံစမ်းရမှာပါလိမ့်။

''နေကောင်းရဲ့လား ဟောဝန်၊ ရှေ့ကို ဆက်သွားရမယ့် ခရီးတွေက အများကြီးကျန်သေးတယ်နော်၊ ဒီလိုပျော့စိစိပုံစံနဲ့ ရှေ့ကို သွားလို့ဖြစ်ပါ့မလား''

အိပ်ရာထဲမှာ ငြိမ်နေသော ဟောဝန့်နားကို ဖိုးကျော်နှမ မေဇင် ရောက်လာတာနှင့် လှဲနေရာက ဟောဝန် ထထိုင်လိုက်သည်။

''ဝန်ဇင်းတော့ သနားပါတယ် ဟောဝန်ရယ်၊ နှင်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားလို့ သူခများ ဘယ်လောက်စိတ်ထိခိုက်နေရှာမလဲ မသိဘူး''

''သနားရင် ရှင်ယူလိုက်ပါလား''

မေဇင်က ဟောဝန်စကားအဆုံးမှာ မပြုံးဘဲ အားပါးတရ ထရယ်သည်။

''ဝန်ဇင်းကသာ မေဇင့်ကိုယူမယ်ဆိုရင် ကပြီးတော့ တောင် လိုက်သွားဦးမယ်၊ ဟိုက ဒီမျက်နှာကြီးကို ချစ်တာမဟုတ် ဘူးရှင့်၊ ဟောဒီက ဟောဝန့်မျက်နှာလေးကို ချစ်တာရှင့်သိလား''

''လာ...ထမင်းသွားစားကြမယ်''

မေဇင်က ဟောဝန့်လက်ကိုဆွဲပြီး ထမင်းစားခန်းရှိရာ ဦးဆောင်ခေါ်သွားသည်။ သံတွဲလေဆိပ်ကနေ တောင်ကုတ်ကို ကားဖြင့်ဆင်းခဲ့ပြီး ဖိုးကျော်တို့မောင်နှမ ရှိနေသည့်အိမ်မှာ သူတို့ သဘောကျ နှစ်ရက်ခန့် နားနေရခြင်းဖြစ်သည်။

ဟင်းတွေအားလုံးက အစပ်ကဲထားသော ရခိုင်ဟင်း လက်ရာများဖြစ်၍ အစပ်မစားနိုင်သော ဟောဝန်မှာ ချွေးပြုံနေသည်။ ချဉ်ချဉ်စပ်စပ် ရခိုင်ငပိထောင်းမှာ နာမည်ကြီးလှူကြိုက်များသော် လည်း ဟောဝန် ဗိုက်နာမှာကြောက်ပြီး မထိရဲ။

တစ်ခုထူးခြားသည်က တောင်ကုတ်မှာ သုံးသည့် ရေအိုး

စိုး မိုး ၆ ၇ ၄ ပ



ရေခွက်အားလုံး အိန္ဒိယပြည်မှလာသော ဒန်ဖြင့် ပြုလုပ်ထားသည့် ကုလားပြည်လုပ် လက်ရာများဖြစ်၏။

''မနက်ဖြန်တော့ မေဇင်တို့မော်တော် ရေဆိပ်မှာလာကြို မယ်၊ မနက်စာစားပြီး စောစောထွက်ရင် ရွာကို နေ့လယ် ဆယ့်နှစ်နာရီမထိုးခင် ရောက်တယ် ဟောဝန်''

''ဆယ့်နှစ်နာရီကျော်မှသွားရင် လေကမငြိမ်တော့ဘူး၊ လေကြမ်းရင် သိပ်အန္တရာယ်ကြီးတာ အဲဒီအချိန်ဆို တော်ရုံနဲ့ ဘယ်သူမှ ပင်လယ်ကို မဖြတ်ဘူး''

''ပင်လယ်''

ဟောဝန့်နားထဲ ဆန်းနေသည်။

''ဟုတ်တယ်လေ၊ မေဇင့်ရွာက ပင်လယ်ထဲမှာ ရေပတ် လည်ဝိုင်းလျက်ရှိတဲ့ ကျွန်းကို မေဇင်တို့ရွာဟု ခေါ်သည်ဆိုတာမျိုး''

ပြောပြီး သူ့စကားသူ သဘောကျစွာ မေဇင်က ရယ်သည်။ ထမင်းစားပြီး လက်ဖက်ရည်တစ်ပွဲနှင့် မေဇင်က သူ့ရွာ အကြောင်း ပြောနေခြင်းဖြစ်သည်။ မေဇင်တို့မိသားစုက ရွာမှာ မနေတော့ပေမယ့် ငါးဖမ်းစက်လှေတွေ ပိုင်သဖြင့် ရွာကို မကြာ ခဏသွားရသည်။ ငါးဒိုင်ဖွင့်ထားသဖြင့် အလုပ်လည်းဖြစ်သည်။

စိုး မိုး ၈ ၁ ၁ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com



သစ်ခွဲစက်နှင့် တခြားစီးပွားရေးလုပ်ငန်းလည်း ရှိ၍ စီးပွားရေး နိုင်မာတောင့်တင်းကြသူများဖြစ်သည်။ ကျောင်းတုန်းက မေဇင်က ပေလီကို အလည်လိုက်ဖို့ ခဏခဏခေါ်ပေမယ့် မရောက်ဖြစ်။

ရောက်မယ့်ရောက်လာတော့လည်း ယောဝန်တစ်ယောက်တည်း အဖော်ပင်မပါ။ ပေလီကို ရောက်ပေမယ့် ဝင်မလည်ရသေး။ အုန်းပင်စိမ်းစိမ်း၊ သဲသောင်ဖွေးဖွေး၊ ပင်လယ်ရေပြာပြာ ကျောက်ဆောင်လှလှတွေကို အသာထားပြီး မေဇင့်အစီအစဉ်အတိုင်း ရွာမှာလုပ်မည့် မေဇင်တို့မိသားစုအလှူပွဲကို အရင်နွှဲဖို့ အတူသွားကြရမည်။

အပြန်မှာ ယောဝန်နှင့်အတူ မေဇင်က ပေလီကို လိုက်ပို့ပေးမှာဖြစ်ပြီး နှစ်ယောက်အတူ ရန်ကုန်ကို ပြန်ကြရန်ဖြစ်သည်။ သူ့အစီအစဉ်နှင့်သူကတော့ ဟုတ်နေသည်။ ပေလီမှာ ဘယ်နှရက်နေမည်ဆိုတာကိုတော့ အတိအကျမသတ်မှတ်ရသေး။ အလှူအတွက် ဝယ်ကြခြမ်းကြ၊ လူဦးရေအနည်းအများ သတ်မှတ်တွက်ချက်နှင့် ဧည့်သည်စာရင်းပြုစုအလုပ်များနေသည်။

"အိမ်ကို ဘယ်လိုအသိပေးခဲ့လဲ ယောဝန်"

"စာရေးထားခဲ့တယ်၊ မေဇင်တို့ဆီ ခဏသွားမယ်ဆိုတဲ့အကြောင်း၊ စိတ်မပူကြနဲ့၊ ယောဝန့်အသက်အရွယ် ယောဝန်





ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါပြီ၊ ဘာညာပေါ့ဟယ်"

"ဝန်ဇင်းက ယောဝန့်ကို တကယ်ချစ်တာပါဟယ်၊ ယောဝန့်အပေါ်မှာလည်း ဘယ်လောက် သည်းခံအလိုလိုက်လဲ၊ နှစ်ဖက်မိဘတွေကလည်း သဘောတူကြည်ဖြူပြီးသားကို ယောဝန်တစ်ယောက်တည်း လူကြီးမိဘတွေ စိတ်ဆင်းရဲအောင် အလကားပြဿနာရှာနေတာ"

ယောဝန်တို့အကြောင်း သိထားသည့် မေဇင်က မာမီ့လေသံအတိုင်း ယောဝန့်ကိုပဲ အပြစ်တင်သဖြင့် ယောဝန် မျက်နှာလေးမဲ့သွားသည်။

"ရှင်ကတော့ ပြောအားရှိမှာပေါ့ ဒေါ်မေဇင်ရယ်၊ ရှင်က ရှင်ချစ်တဲ့ချစ်သူကို ရထားတာကိုး"

"ယောဝန်လည်း ဝန်ဇင်းကို ချစ်တာပဲလေ"

"ချစ်ပုံချင်းမတူလို့ ခက်နေတာ"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ဝန်ဇင်းကို ယောဝန်ချစ်တာက သူငယ်ချင်းလို၊ မိတ်ဆွေအပေါင်းအသင်းလိုပဲ ချစ်တာ၊ အိမ်ထောင်ဘက် ချစ်သူတစ်ယောက်လို ချစ်တာမျိုးမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဟောဝန့်မျက်ဝန်းထဲ ဝန်ဇင်းကို မြင်ယောင်မိသည်။ တကယ်တော့ ဝန်ဇင်းကိုယ်တိုင် လူချောတစ်ယောက်ဆိုတာ ဟောဝန် မငြင်းပါ။ ဝန်ဇင်းအချစ်ကို လိုချင်နေသူတွေ၊ တစ်ဖက်သတ် စိတ်ဝင်စားသူတွေ ရှိပေမယ့် ဝန်ဇင်းကိုယ်တိုင်က ဟောဝန်က လွဲ အားလုံးဖွဲ့အဖြစ်ထားသူ။

ဝန်ဇင်းချစ်တာ ဟောဝန်တစ်ယောက်တည်းဆိုတာ သိရက်နဲ့ ဝမ်းမသာနိုင်ဘဲ ဝမ်းနည်းနေမိတာကိုလည်း ကိုယ့်ဘာသာ နားမလည်။

"ချစ်တိုင်းလည်း ညားနိုင်ကြတာမှ မဟုတ်ဘဲ ဟောဝန်ရယ်၊ ဝန်ဇင်းအချစ်ကို လက်ခံလိုက်တာ ဟောဝန့်ဘဝမှာ အဖြစ်သင့်အဖြစ်ထိုက်ဆုံးပါ၊ မေဇင်ကတော့ ဟောဝန်ကို ဝန်ဇင်းနဲ့ပဲ သဘောတူတယ်"

မာမီကိုယ်တိုင်ကလည်း ဟောဝန့်ကို ထိုစကားမျိုးပြောဖူးတာ တစ်ကြိမ်ပင်မကပါ။ စိတ်ကူးယဉ်တယ်လို့ပဲဆိုဆို ဟောဝန်က ဟောဝန့်ဘဝခရီးဖော်ကို ဟောဝန့်စိတ်ကြိုက် နှလုံးသားနှင့် ပုံဖော်ရှာယူချင်သူဖြစ်သည့်အတိုင်း မမျှော်လင့်ဘဲ ရှာဖွေတွေ့ခဲ့ရပေမယ့် ဟောဝန် မပျော်။





"မေဇင့်ကို ဟောဝန် ပြောစရာရှိတယ်"

"ဘာလဲဟင်၊ ဟောဝန့်မှာ ချစ်ရမယ့်သူရှိနေလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ကြောင့် ဟောဝန့်စိတ်တွေ လှုပ်ရှားနေမိတာတော့ အမှန်ပဲ"

"သူက ဘယ်သူလဲ ဟောဝန်၊ ဘယ်ကလဲဟင်"

"ဟောဝန် မသိဘူး၊ သူ့နာမည်တောင် သိခွင့်ရခဲ့တာ မဟုတ်ဘူး"

လေယာဉ်ကွင်းမှာ ဟောဝန် တွေ့ခဲ့ပုံကအစ ခရီးအတူသွားဖြစ်ပုံ၊ စကားပြောဖြစ်ပုံအားလုံး မေဇင့်ကိုပြောလိုက်ရတော့ ဟောဝန့်ရင်ထဲ တင်းကြပ်မှုတွေ နည်းနည်းတော့ လျော့သွားသည်။

"ဟောဝန်ပြောလို့သာ ကြားရတယ်၊ မေဇင်တော့ အဲဒီလူကို အံ့သြတာပဲဟယ်၊ ဟောဝန့်လို မိန်းမလှလှတစ်ယောက်ကို မပတ်သက်ချင်တဲ့ ယောကျ်ားမျိုး ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

"ဟောဝန် တွေ့ခဲ့တဲ့လူက တော်တော်ချောလား"

"ချောတယ်ဆိုတာထက် ယောကျ်ားပီသတယ်လို့ ပြောရမယ်၊ ဟောဝန့်နားမှာ သူ့ထက်ချောတဲ့၊ ငယ်တဲ့ ယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါ၊ ဒါပေမယ့် ဘယ်သူမှတော့ ဟောဝန့်အလှကို အသိအမှတ်မပြုတဲ့သူမရှိဘူး"

"ဥပေက္ခာပြု လျစ်လျူရှုတာမျိုးလည်း မကြုံဖူးဘူး"

ထူးဆန်းတာတော့ အမှန်ပဲ၊ သူ့ဘက်က မာနကြီးပြလေ ဟောဝန်က ပိုစိတ်ဝင်စားလေ ဖြစ်နေတာကိုတော့ ထုတ်မပြောတော့ပါ။

"ဘယ်လိုထူးဆန်းတာလဲ ဟောဝန်၊ ဟောဝန်ထက် အသက်ကြီးတဲ့လူတစ်ယောက်က ဟောဝန့်အလှကို အသိအမှတ်မပြုဘဲ ဂရုမစိုက်သလို နေပြတာကို ထူးဆန်းတယ်လို့များ ထင်နေလို့လား"

ဟောဝန် စိတ်ဝင်စားသော ယောကျ်ားတစ်ယောက်ပုံစံဟာ ဘယ်လိုထူးခြားနေလဲဆိုတာ မေဇင်ကိုယ်တိုင်လည်း စိတ်ဝင်စားမိသည်။

"အဲဒီလိုလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တည်ကြည်ခန့်ညား ချောမောလွန်းတဲ့ သူ့မျက်နှာနဲ့ မလိုက်ဖက်အောင် အရယ်အပြုံး လုံးဝမရှိဘူး၊ ဘာခံစားချက်မှ မရှိတဲ့ပုံစံနဲ့ လူတွေကိုကြည့်တတ်တဲ့ အေးစက်စက်အကြည့်တွေကို နွေးထွေး





တောက်ပတဲ့ ခံစားတတ်တဲ့ မျက်နှာမျိုးဖြစ်စေတယ်"

"ဒါဆို သူ့ဘဝမှာ ပိုပြီးပြည့်စုံသွားလိမ့်မယ်လို့ ဟောဝန်ထင်တယ်၊ အခုတော့ သူက ဘယ်သူနဲ့မှ မရောဘူး၊ သီးသန့်နေတယ်၊ ပြီးတော့ ခံစားမှုကင်းမဲ့နေတဲ့ အကြည့်တွေနဲ့ အေးစက်စက် တုံ့ပြန်တယ်"

"ဟောဝန် ပြောသလိုဆို ဟောဝန်တွေ့တဲ့လူက လူကောင်းတစ်ယောက်မှ ဟုတ်ရဲ့လားဟယ်၊ တချို့အကြောင်းမသိရင် လူကောင်းလို့ ထင်ရပေမယ့် ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့လူတွေက အများကြီးသိလား"

မေဇင်က ဟောဝန် ပြောသမျှစကားတွေကို စိတ်ကူးနှင့် ပုံဖော်ကြည့်ရင်း အရူးတစ်ယောက်ဟုထင်ကာ သူငယ်ချင်းအတွက် စိုးရိမ်စွာ သတိပေးရင်း ကိုယ်တိုင်လည်း ဟောဝန်ရဲ့ ထူးဆန်းသော လူကြီးအကြောင်းတွေးကာ သူ့အလိုလို လန့်နေမိသည်။

"မေဇင်နော်...စကားအကောင်းပြောနေတာကို ဖောက်မလာနဲ့၊ သူရူးနေမှတော့ ဟောဝန်က စိတ်ဝင်စားပါ့မလား"

"ဆောရီးပါဟယ်...ဟောဝန်ပြောနေပုံက တစ်မျိုးကြီးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ"

ဟောဝန်က မကျေမနပ် မျက်စောင်းထိုးတော့ မေဇင်က ရယ်သည်။ ယောကျ်ားတစ်ယောက်အကြောင်း ဟောဝန့်နှုတ်ဖျားက ကြားရတာ ဒါ ပထမဆုံးမို့ အံ့လည်းအံ့ဩမိသည်။

"ဟောဝန့်ရာဇဝင်မှာ ယောကျ်ားတစ်ယောက်အကြောင်း စိတ်ဝင်တစား ပြောဖူးတာ ဒါပထမဆုံးပဲနော်၊ သူဘယ်လိုလူလဲ ဆိုတာ မေဇင်တောင် သိချင်လာပြီ"

"ဟုတ်တယ်၊ ဟောဝန့်ဘဝမှာ ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားမိတာ သူက ပထမဆုံးပဲ"

"နာမည်လည်းမသိ၊ လိပ်စာလည်းမသိနဲ့ ဟောဝန်ရယ်၊ ထီပေါက်ပြီး ထီလက်မှတ်ပျောက်သလို ဖြစ်နေပြီ"

ကိုယ့်ဝမ်းနာ ကိုယ်သာသိသည့်အဖြစ်မို့ နာမည်လေးပင် ပြောမသွားသည့် လူကြီးကို နာကျင်စိတ်နှင့် ခပ်ဖွဖွပြုံးလိုက်သည်။

"အေးလေ...ဖူးစာပါရင်တော့ ပြန်ဆုံနိုင်ကောင်းပါရဲ့" ဖူးစာကိုတော့ ယုံကြည်ပါသည်။

သို့သော် ဘယ်လိုမှ ဆက်စပ်ပတ်သက်စရာအကြောင်း မရှိသော လူနှစ်ယောက်။ တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ





နောက်တစ်ကြိမ် တိုက်ဆိုင်စွာ ပြန်ဆုံဖို့ကိုတော့ သိပ်မမျှော်လင့်ပါ။

လက်တွေ့ကျတဲ့ဘဝထဲမှာ စိတ်ကူးယဉ်အိပ်မက်ဆိုတာက ဟိုးအဝေးကြီးမှာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စိတ်ကူးနှင့်လက်တွေ့ဘဝက လုံးဝတခြားစီဖြစ်ကြောင်း မာမို့ထံမှ ဝင်လာသည့်ဖုန်းက သက်သေခံပါသည်။

"မိုက်လှချည်လား သမီးရယ်၊ မာမို့ကို အကျိုးအကြောင်း ပြောရင် မာမီကိုယ်တိုင် မေဇင်တို့ဆီ လိုက်ပို့မှာပေါ့၊ အခုတော့ သမီးတစ်ယောက်တည်း မာမို့ရင်မှာ ဘယ်လောက်ပူပင်ရတယ်ထင်လဲ"

မာမီအပြစ်တင်သမျှ ယောဝန် ဘာတစ်ခုမှမပြောဘဲ ငြိမ်နားထောင်နေလိုက်ပါသည်။ ပြောပါစေ။ ပေါက်ကွဲပါစေ။ ဒါမှ မာမို့ရင်ထဲက ခံစားနေရတာတွေ သက်သာသွားမည်။

"ယောဝန် စာရေးခဲ့လို့ပဲ အခု မာမီဖုန်းဆက်နိုင်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဟောဝန့်အတွက် စိတ်ချပါ၊ ဒီမှာ ပျော်သလောက်နေပြီးရင် ဟောဝန် ပြန်လာမှာပါ''

''ပျော်သလောက်နေမယ် ဟုတ်လား၊ ဒါ မိန်းကလေးက ပြောရမယ့်စကားလား ဟောဝန်ရယ်၊ သမီးက စိတ်ချပါးခိုပေမယ့် မာမီက စိတ်မချနိုင်လို့ သားကို သမီးဆီ အခုလွှတ်လိုက်မယ်''

ဒါ ဝန်ဇင်းအကြံဆိုတာ ဟောဝန် သိသဖြင့် ခပ်မြန်မြန် တားမြစ်လိုက်သည်။

''ဝန်ဇင်းကို ဟောဝန့်ဆီ မလွှတ်နဲ့နော် မာမီ၊ ပြောမရလို့ ဖွတ်ထွက်လာရင် ဟောဝန်က မာမီတို့မသိတဲ့ တခြားတစ်နေရာကို ထပ်ထွက်သွားမှာ''

''ဟဲ့...ဘယ်ကိုထွက်သွားမှာလဲ၊ ငါ့နှယ်နော် သမီးလေး တစ်ယောက် မွေးထားပါတယ်၊ သားယောကျ်ားလေးလောက်ကို မလိမ္မာဘူး''

ဟွန်း...မာမီတို့ကတော့ ဒါပဲ။

ထစ်ခနဲဆို သမီးဘက်ကမပါ။

ဝန်ဇင်းက မိဘအပေါ် ဘယ်လိုသိတတ်တာ၊ ဘယ်လို လိမ္မာတာနဲ့။ အမြဲတမ်း ဝန်ဇင်းကို ချီးကျူးလိုက်ရမှ။ စကားပြော





ရင်တောင် ဝန်ဇင်းကို ဘယ်တော့မှ နာမည်မခေါ်။ သားရှူးရှူးနေသည့် မာမီက ဝန်ဇင်းကို သားချင်းထပ်နေအောင် ခေါ်နေကြ။

မာမီက သားလိုချင်ပေမယ့် မွေးလာတော့ ဟောဝန်ဆိုသည့် သမီးမိန်းကလေးဖြစ်နေတာနှင့် လက်လျှော့ခဲ့ရသည်။ နောက်ထပ်လည်း မာမီ့ကျန်းမာရေးကြောင့် သားသမီး ထပ်မယူဖြစ်တော့တာနှင့် ခြံချင်းကပ်ရက်နေသည့် ဝန်ဇင်းက မာမီ့အသည်းကျော် ဖြစ်လာရခြင်းဖြစ်သည်။

''မာမီ့နားမှာ သားလိမ္မာတစ်ယောက်လုံး ရှိနေသားပဲ၊ ခေါ်ထားလိုက်ပေါ့''

''မာမီက ခေါ်ထားချင်ပေမယ့် သမီးကမှ ခေါ်မထားချင်တာကိုး၊ လိမ္မာစမ်းပါ သမီးရယ်၊ သားလေးက သမီးကို သိပ်ချစ်ရှာတာပါကွယ်၊ သူ့ခမျာ သနားပါတယ်''

''ဟောဝန့်ကိုကြတော့ ဘယ်သူမှ မသနားဘူး''

မာမီ မမြင်မှန်းသိသိနဲ့ စကားပြောရင်း နှုတ်ခမ်းကို အလိုလို ရူလိုက်မိတာ ဟောဝန့်ကိုယ်ဟောဝန်တောင် သတိမထားလိုက်မိ။

''သနားလွန်းလို့ အခုချိန်ထိ စကားတောင် မာမာမပြောရက်တာ နင်မသိဘူးလား၊ အေးပါ နင် ဘယ်လောက်အသည်းမာ



www.burmeseclassic.com

www.burmeseclassic.com



မလဲ ကြည့်ပါဦးမယ်"

မာမို့အသံမဟုတ်။

ဖုန်းထဲ ဝန်ဇင်းအသံ အက်အက်ကွဲကွဲကြီးကို တုန်တုန်ရီရီ ကြားလိုက်ရပြီး ဖုန်းပါချသွားသဖြင့် ဟောဝန့်မှာ စိတ်ဆိုးရခက်၊ ဒေါသဖြစ်ရခက်နှင့် လက်ထဲကဖုန်းကို ခံပြင်းပြင်းနှင့် ဆောင့်ချလိုက်ရသည်။

ဝန်ဇင်းစုတ်။

သူနဲ့စကားပြောတာလည်း မဟုတ်ဘဲနဲ့။

ဟောဝန့်ကို အသံတုန်တုန်ကြီးနှင့် ကြားထဲက ဝင်ရန်တွေ့သွားလိုက်သေးသည်။ မေဇင့်ဖုန်းနံပါတ်ကို ရအောင် သူပဲ မာမို့ကို ရှာပေးတာဖြစ်မည်။

အကောင်းဆုံးကတော့ ဝန်ဇင်းကို တခြားမိန်းမတစ်ယောက်က ခပ်မြန်မြန် ယူသွားစေချင်သည်။ ဒါမှ ဟောဝန်လည်း နားအေးပါးအေး နေခွင့်ရမည်။

"အန်တီ ဘာတဲ့လဲ ဟောဝန်"

"ဒီလိုပဲ ပြန်လာခဲ့ဖို့ ပြောတာပေါ့၊ ပြောမရရင် ဝန်ဇင်းကို ဒီကိုပေးလွှတ်မလို့တဲ့"



"လာပါစေဟယ်၊ သနားပါတယ်"

မေဇင်က ဝန်ဇင်းလူမို့ မျက်စောင်းဝင့်တော့ ရယ်သည်။

"ဟောဝန်မျက်နှာကို ဒီမှာ နောက်ထပ်မြင်ချင်သေးရင် ဝန်ဇင်းအကြောင်း မပြောနဲ့၊ ပြောမရလို့ လိုက်လာရင် ဟောဝန်က တခြားတစ်နေရာကို ထွက်သွားရုံပဲ"

"အမလေး…တခြားကိုတော့ ထွက်မသွားလိုက်ပါနဲ့ မယ်မင်းကြီးမရယ်၊ အခုတောင် အန်တီနဲ့ ဝန်ဇင်းက လိုက်လာမယ် တကဲကဲလုပ်နေတာ၊ တော်ကြာ သမီးပျောက်လို့ဆိုပြီး သတင်းစာထဲ ထည့်ကြော်ငြာနေမှ ရှက်စရာကြီး"

"မေဇင်ရေ…ဆိပ်ကမ်းကို မော်တော်ရောက်ပြီယော့"

"လာပြီ ကိုကျော်ရေ"

"သွားစို့ ဟောဝန်၊ ဟိုရောက်ရင် ဟောဝန် မမြင်ဖူးတာတွေ မြင်ရရင် ပျော်သွားမှာ"

မေဇင်တို့အိမ်ကကားနှင့် မော်တော်ဆိပ်ရှိရာကို ရောက်သွားတော့ ရေဆိပ်မှာ တခြားဧည့်သည်တွေကိုပါ တွေ့ရသည်။ လူနှစ်ဆယ်ခန့်ဆိုတော့ တစ်စုတစ်ဝေးတည်း ဖြစ်သွားသည်။

ဟောဝန်မှတစ်ပါး တခြားသူအားလုံးက ညှိခရီးလမ်းကို

www.burmeseclassic.com

www.burmeseclassic.com



သွားလာနေကြ ရွာခံတွေချည်းဖြစ်၍ ဘာတစ်ခုမှ မထူးဆန်းသော်လည်း ဟောဝန့်အတွက် တွေ့မြင်ရသမျှ တအံ့တဩ ငေးမောမှတ်သားစရာဖြစ်နေသည်။

"ဟိုမှာ မြင်နေရတာက ပင်လယ်လေ၊ ဒီမှာက ပင်လယ်ဝနှစ်ခုရှိတယ် ဟောဝန်ရဲ့၊ တစ်ခုက ခေါင်းလောင်းတူဝ၊ နောက်တစ်ခုက ကြက်တူရွေးဝ၊ ဟိုမှာမြင်လား ဘုရားဖြူဖြူလေးလေ၊ အဲဒီကို ဖြတ်သွားရမှာ"

ဟောဝန့်လက်ထဲက ကင်မရာမှာ မီးရောင်ဖျတ်ဖျတ်လက်သွားသည်။ ခေါင်းလောင်းတူဝကို ဖြတ်ကျော်ပြီးချိန်ကစပြီး ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးပေါ်မှာ ဟောဝန်တို့လူစုကို တင်ဆောင်လာသည့် မော်တော်လေးမှတစ်ပါး တခြား ဘာဆိုဘာမှ မမြင်ရတော့ပါ။

တခြား ဖြတ်သွားဖြတ်လာလှေမျိုးလည်း မရှိတော့။ ခရီးအစမှာ စကားသံ ဆူဆူညံညံ ပြောလာကြသော လူစုက ခရီးအလယ်အရောက်မှာတော့ မျက်စိတစ်ဆုံး မြင်နေရသော ရေပြင်ကျယ်ကြီးကို တချို့ငေးမောလျက် တချို့အိပ်လျက် လိုက်ပါလာသည်။





မေဇင်ကတော့ ဟောဝန့်နားက မခွာ။

ရယ်စရာစကားများကိုပါ အရွှန်းဖောက်ဖောက် ပြောကြားတတ်၍ သူငယ်ချင်းနှစ်ယောက်၏ စီလွင်သောရယ်သံချိုချိုက ပင်လယ်ပြင်ကျယ်မှာ မကြာခဏ မျောလွင့်သွားတတ်သည်။

"ဟိုမှာမြင်လား၊ လေထီးလို ဖြူဖြူဝိုင်းဝိုင်းလေးတွေဟာလေ၊ အဲဒါ ရေခူဆိုတာပေါ့"

ဟောဝန်က မေဇင်ပြသည့်ရေပြင်ကျယ်ရှိရာကို ငုံ့ကြည့်တော့ ရေခူလေးတွေ ဟိုတစ်ခု ဒီတစ်ခုမြင်ရသည်။

"ရေခူစားဖူးလား ဟောဝန်"

"ဟင့်အင်း"

"ဒါဆို ဟောဝန်ကို ရေခူသုပ်ကျွေးမယ်၊ စားကြည့်"

"အေးပါဟယ်"

မော်တော်သံ တဒုတ်ဒုတ်မှတစ်ပါး ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးကို ငေးကြည့်ရင်း လှိုင်းတွေဖွေးခနဲဖွေးခနဲ လူးလိမ့်လှုပ်ခတ်နေတာကို ကြည့်ရင်း ဟောဝန့်စိတ်ထဲ ဒီလှိုင်းလုံးကြီးတွေ မြင့်တက်လာမှာတွေးပြီး ကြက်သီးထမိသည်။

"ဟိုးရှေ့က စိမ်းစိမ်းညိုညို ကျွန်းတန်းလေးကို မြင်လား၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မေဇင်တို့ ခုသွားမယ့် ကျွန်းလေ၊ ရောက်ခါနီးပြီသိလား"

အမြင်မှာနီးပေမယ့် ခရီးကတော့ မနီးလှပါ။ ရောက်ခါနီးပြီဆိုပေမယ့် တစ်နာရီကျော်ကျော် ခုတ်မောင်းသော်လည်း ကျွန်းနား မကပ်နိုင်သေး။

"ဟိုမှာမြင်နေရတာက ကြွက်ကျွန်းလေ၊ အဲဒီမှာတော့ လူမနေဘူး"

ကြွက်တစ်ကောင်နှင့်တူသော ကျွန်းက စိမ်းစိမ်းစိုစိုမရှိဘဲ တောင်ပူစာတစ်ခုလိုဖြစ်နေတာ ခတ်ပုံတစ်ချက် လှမ်းရိုက်လိုက်ပါသည်။ မနက်ခုနစ်နာရီမှ စတင်ခဲ့သော ခရီးက နေ့လယ်ဆယ့်တစ်နာရီခွဲမှာ အဆုံးသတ်၍ ရွာဆိပ်ကမ်းကို အောင်မြင်စွာ ရပ်နားဆိုက်ကပ် အဆုံးသတ်ပါသည်။

အုန်းပင်စိမ်းစိမ်းစိုစို၊ သောင်ပြင်စပ်က လှမ်းမျှော်ကြည့်သော ရွာလေးမှာ တိတ်ဆိတ်အေးချမ်းသော အသွင်ကိုဆောင်လျက်။ ဧည့်သည်များကို လာရောက်ကြိုဆိုသော သူများကြောင့် စိုစိုပြေပြေဖြစ်သွားသည်။

ရွာလေးက တံငါရွာလေးဟု ဆိုသော်လည်း အိမ်ခြေတစ်ရာငါးဆယ်ခန့်ရှိသည့် ရွာလေးဖြစ်သည်။ ရွာခံတချို့က

ဝိုး မိုး ၈ ၁ ၄ ၀



မော်တော်ရပ်သည်နှင့် ဒူးဆစ်တစ်ဝက်ခန့် ပင်လယ်ရေထဲ ဆင်းလျှောက်သွား၍ ဟောဝန်လည်း သူများနည်းတူ ရေထဲသို့ဆင်းရန် ခြေလှမ်းအပြင်...

"ရေထဲမဆင်းနဲ့လေ ဟောဝန်၊ ဟိုမှာ ဦးလေးသစ် ဒီကို လှေဆွဲလာလိမ့်မယ်"

သောင်စပ်မှာ ဆိုက်ကပ်ထားသည့် လှေတစ်စင်းကို ဆွဲယူနေသည့် မြင်ကွင်းကို လှမ်းမျှော်ကြည့်လိုက်ပြီး ဟောဝန် ခေါင်းခါလိုက်သည်။

"ဟောဝန့်အတွက် တကူးတက လုပ်မနေပါနဲ့ မေဇင်ရယ်၊ ဟောဝန်လည်း သူများတွေလိုပဲ သွားရပါတယ်"

"ဟောဝန်ကို ရေတွေစိုကုန်လိမ့်မယ်"

"စိုစမ်းပါစေ မေဇင်ရယ်၊ လာစမ်းပါ"

မေဇင်က ဟောဝန့်ကို တားနေသည့်ကြားက ပင်လယ်ရေထဲ ခြေဖွေးဖွေးကို ချနင်းလိုက်တော့ နွေးသောအရသာကို ခံစားလိုက်ရသည်။

"လာ...မေဇင့်လက်ကို တွဲထား"

မေဇင်က ဟောဝန်ကို ဦးဆောင်ပြီး သဲသောင်အိအိကို

ဝိုး မိုး ၈ ၁ ၄ ၀

www.burmeseclassic.com

www.burmeseclassic.com



နင်းကျော်ဖြတ်သည်အထိ ဘာပြဿနာမှမရှိ။

"အယ်တော့...ဟောဝန် စီးလာတာက ဒေါက်ဖိနပ်ပဲ၊ ပေး အဲဒီဖိနပ် ကိုင်ခဲ့မယ်၊ ဟောဝန်က မေဇင့်ဖိနပ်ကိုစီး"

"ဘာဖြစ်လို့လဲ"

"ရွာထဲကို လမ်းလျှောက်တဲ့အခါ သိလိမ့်မယ်"

"လာ"

မေဇင့်ကိုကြည့်လိုက်တော့ ခြေဗလာ။

အခုမှ ဟောဝန် သဘောပေါက်သည်။ တစ်ရွာလုံး သဲမြေချည်းဖြစ်သဖြင့် ဒေါက်ပါသော ဖိနပ်စီး၍မဖြစ်။ လူက နင်းလျှောက်တိုင်း ခြေအစုံက သဲထဲနစ်နစ်ကျွံဝင်သွားသည့်အဖြစ်ကို ပဲ အသည်းတယားယားနှင့် ခံစားမှုအသစ်ဖြစ်ကာ ဟောဝန်မှာ တခစ်ခစ်ရယ်နေမိသည်။

ဪ...မေဇင်တို့ရွာကလေးရယ်။

တစ်ယောက်နှင့်တစ်ယောက် ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သံတွေ ဆူညံသွားသည်။ တစ်ရွာလုံး ဆောက်ထားသည့် အိမ်ပုံစံတွေ တူကြသလို လူတွေကလည်း ပုံစံတူကြပါသည်။

တစ်ရွာလုံးကို မေဇင်တို့မိသားစုက ဗလာဟင်းချို၊





ငါးခြောက်ကြော်နှပ်၊ အချဉ်သုပ်နှင့် ညှော်ခံကျွေးမွေးပြီး မေဇင့်မိဘများအလှူ။ ဘုရားထီးတော်တင်၊ အနေကဇာအခမ်းအနား၊ ရေစက်ချရာ စည်ကားစွာ ပြီးဆုံးသွားသည်။ ရွာမှာ တစ်ညအိပ်ရသည်။ ညစာအဖြစ် ရေရှုမျှောက်ဟုခေါ်သော ရေဘဝဲအကောင်ငယ်များကို ပြုတ်ပြီး ငြုပ်သီးစိမ်း၊ သံပရာရည်၊ ကြက်သွန်နီပါးပါးလှီး၊ ရှောက်ရွက်နှင့် ချဉ်ငံစပ်သုပ်။ ရေကြက်ခေါ် ပြည်ကြီးငါး သို့မဟုတ် ကင်းမွန်ကောက်ညှင်းအစာသွပ်ဟင်း၊ ပင်လယ်ဂဏန်းပျော့အသားကို ခြစ်သုပ်အပါအဝင် ပင်လယ်စာအမျိုးမျိုးမှာ လတ်လည်းလတ်၍ အထူးအဆန်း အစာအဖြစ် စားမြိန်ခဲ့သည်ကိုက မေ့မရ။

မေဇင့်အစီအစဉ်နှင့် မနက်စောစော တောင်ကုတ်ကို ပြန်ကူးခဲ့ရာ သံတွဲရှိ မေဇင့်အဘွားအိမ်မှာ တည်းကြသည်။ ငပလီရောက်တာနှင့် ဟောဝန် ပထမဆုံးလုပ်သည့်အလုပ်က ဟောဝန်တွေ့ချင်သူကို ရှာဖွေခြင်းဖြစ်သည်။

ဘယ်မှာမှ မတွေ့။

"ဟောဝန့်လူကြီးက ဟိုတယ်တစ်ခုခုမှာ တည်းနေလားမှ မသိတာဟယ်၊ ဒီလိုရှာနေလို့ ဘယ်တွေ့ပါ့မလဲ"

"ဒါမှမဟုတ် ပြန်များသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပြန်မှာလဲ"

"ဩော်...ဘယ်...ရန်ကုန်ဖြစ်ဖြစ်၊ မန္တလေးဖြစ်ဖြစ် တစ်နေရာကိုပေါ့"

မေဇင့်အကူအညီဖြင့် ဟိုတယ်အသိမိတ်ဆွေတွေထဲ ဟောဝန် တွေ့ချင်သည့်လူကြီးကို ရှာပေမယ့်မတွေ့။ နောက်ဆုံး မေဇင်ကို အားနာတာနှင့် လက်လျှော့လိုက်ပြီး အိပ်ရာထဲ တစ်ယောက်တည်း ခွေနေမိသည်။

နေရာအတိအကျလည်းမသိ။ နာမည်လည်းမသိနှင့် ဟောဝန့်အဖြစ်က ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို ဖြစ်နေသည်။

"ဘယ်လိုလဲ ဟောဝန်၊ ဒီနေ့ ဘယ်မှသွားမရှာတော့ဘူးလား"

"မရှာတော့ဘူး မေဇင်၊ ဟောဝန့်အတွက် ဒီလောက်ကူညီပေးတဲ့ မေဇင့်ကို အားနာလှပြီ"

"သူငယ်ချင်းတွေ ဒီစကားပြောစရာလား၊ မေဇင့်ကို ဘာမှ အားနာစရာမလိုဘူး၊ မေဇင်လိုအပ်ရင် ဟောဝန်ပဲ ကူညီရမှာ"





"လာပါ...အပြင်သွားပြီး တစ်ခုခုစားကြမယ်၊ လိုက်ခဲ့"

မေဇင်က နာမည်ကြီး ရခိုင်မုန့်တီဆိုင်ကို လိုက်ပို့ရင်း သူငယ်ချင်းနှစ်ယောက် တန်ခိုးကြီး အံတော်ဘုရား၊ ဆံတော်ဘုရား၊ နံ့တော်ဘုရားကိုပါ ထပ်ဖူးမြော်ဖြစ်ကြသည်။

သူသာ ဟောဝန်ရဲ့ ချစ်ရမယ့်သူဖြစ်ခဲ့လျှင် သူနဲ့ဟောဝန် မလွဲမသွေ ပြန်လည်ဆုံခွင့် ရရပါလို၏ အရှင်ဘုရား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကိုယ်က ဆရာဝန်မကြီးတစ်ယောက်လုံး ဖြစ်နေပြီး အခုချိန်ထိ အရာရာကို ရင့်ရင့်ကျက်ကျက် မတွေးနိုင်သေးဘဲ ကလေးဆန်ဆန် စိတ်ထင်လျှောက်လုပ်နေတာ မာမီဖြင့် အံ့ဩလို့ကို မဆုံးဘူး"

"သမီးဒက်ဒီသာ သက်ရှိထင်ရှားရှိနေသေးရင် သမီးလည်း ဒီလိုလုပ်ပုံမှာမဟုတ်ဘူး၊ အခု သမီးဒက်ဒီမရှိလို့ မာမီကို"

မာမီက ထုံးစံအတိုင်း မပြီးနိုင်မစီးနိုင် ဟေဝန်ကို ဆိုဆုံးမရင်း ဒက်ဒီကိုပါ တမ်းတတိုင်တည်ရင်း စကားဆုံးမရောက်ခင် မျက်ရည်ကျနေသည်။

"ဟေဝန်ကို ခွင့်လွှတ်ပါ မာမီရယ်၊ ဟေဝန့်အိမ်ထောင်

စိုး:မိုး:၈၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



ရေးကို ဟောဝန်ဘာသာ ဆုံးဖြတ်ချင်လို့ပါ''

လေသံအေးအေးလေးဖြင့် မာမို့ကို နှစ်သိမ့်ဖို့ ကြိုးစားပေမယ့် မာမီက ဟောဝန့်စကားကို လက်ခံမဲ့ပုံမပြပါ။

''အချစ်ဆိုတာ လရောင်ထဲမှာသာ စိတ်ကူးယဉ်နေချင်စရာကောင်းတာမျိုးဆိုတာ နောက်တော့ သမီးသိလာလိမ့်မယ်''

''သမီးက သမီးချစ်တဲ့သူကို ရှာချင်တာမဟုတ်လား၊ ကိုယ်ချစ်တဲ့သူကို တွေ့ရုံနဲ့ သူကရော သမီးချစ်သလို သမီးကို တုံ့ပြန်ချစ်လာလိမ့်မယ်လို့ သမီးထင်နေလား''

ထိုစကားကိုတော့ ဟောဝန် မဖြေနိုင်ပါ။ ဟောဝန့်စိတ်ထဲမှာတော့ တိတ်တခိုးရွဲလန်းစိတ်နဲ့ သတိရနေမိဆဲဖြစ်သော လူကြီးအကြောင်း ပြန်တွေးပြီး နှလုံးသားတစ်ခုလုံး မွန်းကြပ်နာကျင်သွားသည်။

နာမည်လေးတောင် သိခွင့်မပေးနိုင်တဲ့လူက ဟောဝန့်အချစ်ကို ဟောဝန်ချစ်သလို လက်ခံတုံ့ပြန်နိုင်မှာတဲ့လား။

''ချစ်တိုင်းလည်း မညားနိုင်သလို မချစ်ဘဲနဲ့ ညားကြရတဲ့လူတွေလည်းရှိတာပဲ၊ အချစ်နဲ့လက်ထပ်တာ တစ်ထပ်ထဲဖြစ်ချင်တာကို မာမီလည်း မကန့်ကွက်ပါဘူး၊ ဒါပေမယ့် ဖြစ်ချင်တာထက်





ဖြစ်သင့်တာကို ဦးစားပေးရတာလည်း သမီးမမေ့နဲ့''

''အခု သမီးမှာ ချစ်ရမယ့်သူ ရှိနေပြီလား''

''မရှိသေးပါဘူး မာမီ''

မာမီက ဟောဝန့်မျက်နှာကို ငေးကြည့်ရင်း သက်ပြင်းချသည်။

''မာမီသဘောကတော့ မာမီမျက်စိမှိတ်မသွားခင်မှာ မာမီသမီးလေးကို ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်မိသားစုလေးနဲ့ ပျော်ပျော်ရွှင်ရွှင်နေတာကို မြင်သွားချင်တယ်''

''မာမီရယ်''

ဒီလိုဆိုပြန်တော့လည်း မာမို့ကိုကြည့်ပြီး ဟောဝန့်မှာ စိတ်မကောင်းဖြစ်ရသည်။ မာမို့အစ်မ ဟောဝန့်ကြီးကြီး အပျိုကြီးက ဟောဝန့်တို့ အိမ်ထောင်ရေးကိစ္စမှာ ဘာတစ်ခုမှ ဝင်မပြောပေမယ့် တူမဖြစ်သည့် ဟောဝန်ကိုရော ညီမဖြစ်သည့် မာမို့ကိုပါ စိတ်ချမ်းသာပျော်ရွှင်စေချင်မှန်း ဟောဝန်သိပါသည်။

ဟောဝန် အိမ်ကိုပြန်ရောက်ထဲက ဝန့်ဇင်းကို မတွေ့ရပါ။ အိမ်ကိုလည်းမလာ။ မန္တလေးရှိ သူ့အမျိုးတွေရှိရာ အလည်သွားသည်ဆိုတာလောက်နှင့်ပဲ ဝန့်ဇင်းအကြောင်း ပြီးပြတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဟောဝန်မှာတော့ စိတ်ချမ်းသာသလို ဖြစ်မိသည်။

ဟောဝန်ကို စိတ်နာပြီး မ်န်းသူအပျိုချောချောလေးနှင့် တွေ့ပါစေဟု ကျိတ်ဆုတောင်းပေမယ့် ဆုတောင်းကမပြည့်။ ဟောဝန် ရောက်ပြီး သတင်းကြားတာနဲ့ ဟိုမှာမနေဘဲ ရန်ကုန်ကို လက်ဆောင် တနင့်တပိုးနဲ့ ပြန်ရောက်လာသည်။

"ပိန်သွားလိုက်တာ သားရယ်၊ သမီးလေးကို လွမ်းလို့ ထင်တယ် ဟုတ်လား"

မာမီက သူ့ထုံးစံအတိုင်း မတော်ရသေးသည့် သမက် ဘက်ကဖြစ်သည်။

"မဟုတ်ပါဘူး အန်တီ၊ နေပူထဲ ခရီးတွေအများကြီးသွား ရလို့ ပင်ပန်းပြီး ကိုယ်ရေစစ်သွားတာပါ"

"ကိုယ့်ကိုယ်ကို ငါဆရာဝန်ပဲဆိုပြီး မပေါ့နဲ့ကွယ်၊ ဆရာ ဝန်လည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးမှပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

မာမီက ဆရာဝန်ကို ပြန်တရားချပြီး ကျန်းမာရေးဂရုစိုက် ဖို့ ပြောနေပုံကို သဘောကျစွာ ကျိတ်ပြုံးလိုက်ပေမယ့် ဝန်ဇင်းနှင့်





မာမီစကားဝိုင်းထဲ ဟောဝန်ဝင်မပါပါ။

"ဆွေဆွေတို့က ဟိုမှာကြာဦးမှာဆိုရင် ဒီမှာ သားတစ်ယောက် အိမ်မှာပဲ ညမနက်စားပြီး ညကြမှပဲ အိမ်ကိုပြန် အိပ် ကြားလား သား"

"ဟုတ်ကဲ့"

ဝန်ဇင်းတို့က တစ်ချက်မငြင်း။

အရင်ထဲက ဟောဝန်တို့အိမ်က သူ့အတွက် စားအိမ် သောက်အိမ်ဖြစ်သလို ဟောဝန်ကိုယ်တိုင်လည်း ဝန်ဇင်းတို့ တစ်ဖက် ခြံမှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်ကူးသန်းကာ နှစ်အိမ့်တစ်အိမ် နေလာခဲ့သူပါ။

ဟောဝန်ကသာ ဝန်ဇင်းအချစ်ကို လက်ခံလိုက်တာနှင့် နှစ်အိမ့်တစ်အိမ် အဘယ်မျှ ပျော်စရာကောင်းလိုက်မလဲဆိုတာ တွေးကြည့်နေစရာပင်မလို။ အားလုံးကလည်း ထိုနေ့ထိုအချိန်ကို အမျှော်လင့်ကြီး မျှော်လင့်ထားကာမှ ဟောဝန်က ထဖောက်သလိုဖြစ် ကာ နှစ်ဘက်မိဘတွေမှာ ခြေမကိုင်မိလက်မကိုင်မိ မျက်စိပျက် မျက်နှာပျက်နှင့်။

တကယ်တော့ ထိုအဖြစ်က ဟောဝန်အပြစ်မဟုတ်။ အစ



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဝန်ဇင်းအချစ်ကို လက်မခံနိုင်ပါ။ အပြတ်ငြင်းထားပြီးသား။ ဒါကိုပဲ ဝန်ဇင်းကိုယ်တိုင်က ဟောဝန်မှဟောဝန် ဖြစ်နေတာကိုပဲ ကြည့်မရအောင် မုန်းဖို့ ဖြစ်လာရခြင်းဖြစ်သည်။

"မလုံးရေ…ညနေစာ ဘာဟင်းချက်လဲဟင်၊ ဟောဝန် ဗိုက်ဆာပြီ"

"ဟောဝန်အကြိုက် သီးစုံသနပ်လေးလုပ်ထားတာရှိတယ်၊ ဆိတ်သားရှိတယ်၊ ပဲကြီးဆူးပုပ်ခပ်မယ်၊ ကြက်အသည်းအမြစ်နဲ့ အစိမ်းကြော် ပူပူနွေးနွေးရမယ်"

"အိုကေ…ဒီလောက်ဆိုရပြီ၊ ဟောဝန်အတွက် ထမင်းပွဲ ပြင်ပေးပါ"

"မလုံးရေ…သားအတွက်ပါ တစ်ခါထဲပြင်လိုက်၊ ဆိတ်သားနပ်အိုးကို ပြန်နွေးလိုက်ဦး"

"သား…သွား…သွား၊ မင်းညီမနဲ့ တစ်ခါတည်းဝင်စား သွား"

မာမီကိုယ်တိုင် ဝန်ဇင်းလက်ကိုဆွဲပြီး ဟောဝန်ထိုင်နေသည့် ထမင်းပွဲရှေ့အရောက် ခေါ်လာမှတော့ ဟောဝန်မှာ ဝန်ဇင်းကို မခေါ်ချင်ဘဲ မနေလို့မရဖြစ်သွားသည်။





"သမီးရေ…သားကိုပါခေါ်လေ"

"ခေါ်ချင်ပါဘူး၊ သူ့ဘာသာ ထိုင်ချင်တဲ့နေရာထိုင်ရပါ့"

"မလုံး…ဗိုက်ဆာပြီ"

စားပွဲမှာထိုင်ပြီး ဟောဝန်အော်လိုက်တော့ ဝန်ဇင်းက စားပွဲမှာမထိုင်ဘဲ မလုံးနဲ့အတူ ထမင်းဟင်းတွေ ဝင်ကူခူးခပ်ကာ စားပွဲရှေ့ရောက် ဟောဝန်အတွက် ပြင်ဆင်ပေးတာကို မာမီက သဘောတကျ ပြုံးပြုံးကြီး ကျေနပ်နေပေမယ့် ဟောဝန်က မသိဟန်ဆောင်နေလိုက်သည်။

ဒါ သူလုပ်နေကြအလုပ်ပဲ လုပ်ပေါ့။ ဟောဝန်အတွက် ဘာမှမထူးဆန်း။ ဟိုဘက်အိမ်မှာပဲဖြစ်ဖြစ်၊ ဒီဘက်အိမ်မှာပဲဖြစ်ဖြစ် ဟောဝန်ဗိုက်ဆာပြီဆိုတာနဲ့ ဝန်ဇင်းကိုယ်တိုင် ဒီလိုပဲ ခူးခပ်ကျွေးမွေးနေကြ။ သူ့အိမ်ကိုယ့်အိမ် ဘာပြဿနာမှမရှိ။

ဝန်ဇင်းမာမီကအစ ခပ်ပြုံးပြုံး။

"အဲဒါသာကြည့် သူ့ညီမ သူဘယ်လောက်ချစ်လဲဆိုတာ၊ ဟောဝန်အတွက်ဆို သားက သူ့အသက်ကို လိုချင်ရင်တောင် ပေးမယ့်လူမျိုး သိလား"

ဝန်ဇင်းမာမီ အန်တီဆွေကိုယ်တိုင် သူ့သားကိုပေးသည့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ဖြစ်သည်။

"မာမီရော စားမှာဆို လာလေ"

"မာမီမစားပါဘူး သမီးရယ်၊ သားကိုသာ ဂရုစိုက်လိုက်ပါ၊ သားနဲ့သမီး ပြေပြေလည်လည် ပြုံးပျော်နေတာမြင်ရရင်ကိုပဲ မာမီစိတ်ချမ်းသာတယ်"

မာမီ ဝန်ဇင်းကိုထားပြီး ထမင်းစားခန်းထဲက ပြန်ထွက်သွားသည်။

"ကြားတယ်နော် ဟောဝန်၊ အန်တီကို စိတ်ဆင်းရဲအောင်မလုပ်နဲ့"

"အဲဒါ နင့်ကြောင့်၊ နင်မကောင်းလို့ ဟောဝန်လည်း လူဆိုးဖြစ်ရ၊ မာမီလည်း စိတ်ဆင်းရဲရနဲ့ ဟွန်း"

မာမီအနားမှာ မရှိတာနှင့် ဟောဝန်ကို ရန်လာစနေသောဝန်ဇင်းကို မျက်စောင်းထိုးရင်း အပြစ်တင်လိုက်ပေမယ့် ဝန်ဇင်းမျက်နှာက တစ်ချက်မှ အပြုံးမပျက်။

"ဒီအသံမကြားရတာ ကြာလို့ ငါ့မှာလွမ်းလိုက်ရတာ"

"သေလိုက်ပါလား"

"သေချင်တိုင်း သေလို့မရလို့ပေါ့ဟ၊ ဝဋ်ရှိသ၍တော့





ငါလည်း နင်နှိပ်စက်ချင်တိုင်း နှိပ်စက်သမျှ ခံနေရဦးမှာသေချာတယ်"

"အံမယ်…ဘယ်တုန်းက နင့်ကိုနှိပ်စက်နေလို့လည်း နင်သာ ဟောဝန်ကို နှိပ်စက်နေတာ"

"ကဲ…ကဲ ထမင်းဟင်းတွေ ပူတုန်းစားနော်၊ စားကြ၊ စကားလည်းများကြ၊ မလုံး ကြီးကြီးဆီ ထမင်းသွားပို့လိုက်ဦးမယ်"

ဟောဝန်နှင့် ဝန်ဇင်းတို့အကြောင်းသိ မလုံးက ကြီးကြီးအတွက် ညစာကို ဗန်းတစ်ချပ်နှင့် ပြင်ဆင်ပြီး အပေါ်ထပ်တက်သွားသည်။

"ဟောဝန် တကယ်ပြောနေတာ ဝန်ဇင်း၊ နင်သာ တခြားတစ်ယောက်ကို လက်ထပ်မယ်ဆိုရင် ဟောဝန်လောက် ပျော်တဲ့သူရှိမှာမဟုတ်ဘူး"

ထိုစကားကို ဟောဝန် လေးနက်စွာ ပြောလိုက်ခြင်းဖြစ်သော် ဝန်ဇင်းက ထမင်းပင်မပျက်။

"အေးပါ…ငါလည်း နင်ပျော်တာ မြင်ချင်ပါတယ်၊ ဆိတ်သားနှပ်လေးက အိနေတာပဲ၊ ရော့…သီးစုံသနပ်လေးလည်း ရောစား"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဇင်းက ဟောဝန်စကားကို ဆိတ်သားနှပ်လောက် တန်ဖိုးမထားခြင်းက သေချာတာနှင့် ဘာမှဆက်မပြောတော့ဘဲ ပါးစပ်ပိတ်ပြီး ထမင်းငုံ့စားနေလိုက်သည်။

ဒီလိုနဲ့ ဟောဝန်တို့ နှစ်အိမ့်တစ်အိမ်ပြန်ဖြစ်သွားချိန်မှာ ဟောဝန်လျှောက်ထားသည့် အလုပ်ခန့်စာ ရောက်လာသည်။

"အလိုလေး...စခန်းသာအထိအောင်ပါလား၊ ဟောဝန်နော် မဖြစ်ဘူး၊ မဖြစ်ဘူး သမီးတစ်ယောက်တည်း မာမီစိတ်မချဘူး၊ မာမီပါ လိုက်မယ်"

"မာမီလိုက်ရင် ဒီမှာ ကြီးကြီးတစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ ဟိုမှာ သမီးစီနီယာ စောသက်လယ် ရှိပါတယ် မာမီရဲ့၊ ဟောဝန်အတွက် စိတ်ချပါ"

ဟောဝန်က မာမီ့ကို စိတ်ချဖို့ ဘယ်လောက်ပဲပြောပြော မာမီက သူ့ရဲ့တစ်ဦးတည်းသော သမီးလေးကို စိတ်မချ။

"သားရေ...လာပါဦးကွယ်၊ စခန်းသာမှာ သားမမမျိုး ဆိုတာ ရှိတယ်မဟုတ်လား၊ သမီးက စခန်းသာမှာ တာဝန်ကျတယ်ကွဲ့၊ ဟိုကိုဖုန်းလေး ဘာလေး ဆက်ပြုပေးစမ်းပါဦး"

မာမီက သည်းသည်းလှုပ် ဝန်ဇင်းကို ချက်ချင်းဖုန်းထ





ဆက်သည်။ ဝန်ဇင်းအမျိုးတွေ စခန်းသာမှာရှိ၍ ဝန်ဇင်းက ဟောဝန်ကိုမပူ။ မာမီကိုလည်း စိတ်အေးအေးထားဖို့ နှစ်သိမ့်ချော့မော့လျက် အကျိုးသင့်အကြောင်းသင့် ရှင်းပြနေတာ အကြာကြီး။

နေရာတကာ သူပဲ သည်းခံစိတ်ရှည်နိုင်သည်။ ဟောဝန်က မိန်းကလေးဖြစ်ပေမယ့် ဝန်ဇင်းလို စိတ်မရှည်တတ်။ ဟောဝန်ရဲ့ သူငယ်ချင်း စောသက်လယ်ထံ ဖုန်းဆက်တော့ အားလုံးအိုကေ။

စခန်းသာကို ဝန်ဇင်းကိုယ်တိုင် လိုက်ပို့ချင်ပေမယ့် ကုမ္ပဏီကိစ္စတွေ ရှုပ်နေတာနှင့် မလိုက်ဖြစ်။ ဟောဝန်ကို စောသက်လယ်ကိုယ်တိုင် လာကြိုမည်ဆိုတာနှင့် အားလုံးအဆင်ပြေသွားသည်။

ဒုတိယအကြိမ် ဟောဝန်တစ်ယောက်တည်း ခရီးထွက်ဖြစ်တော့ လေယာဉ်ပေါ်မှာ ထူးထူးခြားခြား လူကြီးကို ပြန်အမှတ်ရ မြင်ယောင်ရင်း နှုတ်ခမ်းအစုံမှာ ပြုံးရိပ်တစ်ခုဝင်လာ၏။

တမင်သက်သက်ကြီး တကူးတကမဟုတ်ပေမယ့် အရပ်မြင့်မြင့်မြင်တိုင်း လူကြီးများလားဆိုပြီး အမှတ်ထင်ထင် လှမ်းကြည့်ဖြစ်တာကိုတော့ ဝန်ခံချင်သည်။ ခရီးစဉ်အားလုံး ကြိုတင်စီစဉ်ထား၍ အားလုံးချောမွေ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသက်က ဝန်ဇင်းရဲ့ ဝမ်းကွဲအစ်မ မမျိုးကို သိရုံသာမက ခင်လည်းခင်တာနှင့် ပိုအဆင်ပြေသွားသည်။ ရေကန်ကြီးပတ်လည်မှာတည်ထားသော ချိုင့်ဝှမ်းတွင်းမှ မြို့ရှုခင်းက မြင့်မတ်သော ကျောက်တောင်များ၊ ကောက်ကွေ့ဝေ့ဝိုက်နေသော တောင်တက်တောင်ဆင်း လမ်းသွယ်များစွာတို့ဖြင့် နှစ်ခြိုက်စွဲမက်ဖွယ်ဖြစ်သည်။

ဟောဝန်အတွက် တွေ့သမျှ မြင်သမျှ အားလုံးစိမ်းနေသည်။ ဆန်းနေသည့်အတွက် ခံစားမှု အသစ်တစ်မျိုးကို ဖြစ်စေသည်။ ရတနာမြေဟု နာမည်ကြီးသော မြို့လေးက မြင်ကွင်းဆန်းတွေက ဟောဝန်ကို ဖမ်းစားထားကြသည်။

ဟောဝန်တို့မိသားစုက ပေးလိုက်သည့် လက်ဆောင်ပစ္စည်းတွေနှင့် ဝန်ဇင်းအစ်မ မမျိုးအိမ်ကို စောသက်ကပဲ ဦးဆောင်လိုက်ပို့သည်။ တိုက်နှင့်ခြံကြီးက ဟောဝန်တို့နေသော ရန်ကုန်မှအိမ်ထက် အဆပေါင်းများစွာ ကျယ်ဝန်းသလို သီးပင်စားပင်များစိမ်းစိုစွာ စိုက်ပျိုးထားသည်။

"ဝန်ဇင်း သည်းသည်းလှုပ်မယ်ဆိုလည်း လှုပ်ချင်စရာပါလားကွယ်၊ ဟောဝန်က သိပ်လှတာကိုး"





"မမျိုးလည်း လှပါတယ်"

တကယ်လည်း မမျိုးက အသားဖြူဖြူနုနု၊ အရပ်ပုပုသေးသေးလေးနှင့် နဖတ်စိုအိလျက် အပြစ်ဆိုစရာမရှိအောင် လှသူဖြစ်သည်။

"ကဲ…ကျေပြီ၊ ကျေပြီ၊ စောသက်နဲ့ မမျိုးတို့က ခင်ပြီးသားဆိုတော့ ဘာမှပြောစရာမလိုဘူး၊ နေ့လည်စာအတွက် မမျိုးကိုယ်တိုင် စီစဉ်ချက်ပြုတ်ထားတာ ကိုယ့်အိမ်ကိုယ့်မိသားစုလိုသဘောထားပြီး လွတ်လွတ်လပ်လပ်သာ နေကြ၊ စားကြဟုတ်လား"

ထမင်းဝိုင်းမှာ ဟင်းတွေစုံနေသလို မမျိုးကိုယ်တိုင်က ဟောဝန်ထမင်းပန်းကန်ထဲ ဟိုဟာလေး စားပါဦး၊ ဒီဟာလေး မြည်းကြည့်ပါဦးဆိုပြီး ဟင်းတွေတစ်မျိုးပြီး တစ်မျိုး ထည့်ထည့်ပေးတာနှင့် ဟင်းတွေပုံနေသည်။

"မမျိုး အမျိုးသားနဲ့ကလေးတွေရော"

"ကျောင်းပိတ်ရက်ဆိုတော့ သူတို့အဘွားဆီသွားကြတာလေ၊ မိုးချုပ်မှ ပြန်လာကြမှာ"

မြင်တာနှင့် မမျိုး အဘယ်မျှ ကံကောင်းသည်ကို မေးနေ



www.burmeseclassic.com

www.burmeseclassic.com



စရာပင်မလိုပါ။ ဟောဝန်နေဖို့ကိုတော့ စောသက် ငှားထားသည့် အိမ်လေးမှာပဲ နှစ်ယောက်အတူ နေလိုက်သည်။

ဆေးရုံက မဝေးသဖြင့် စကားပြောရင်း လမ်းအတူ လျှောက်သွားကြသလို စောသက် ကားလေးနှင့်လည်း အတူ လျှောက်လည်ဖြစ်ကြသည်။ စောသက်က သူ့မအိမ်နှင့် အလုပ်ကို အိမ်ဦးကြမ်းပြင် ကူးနေသူဖြစ်၍ သူ့အိမ်ကကားကို ယူထားသူဖြစ်သည်။

"မမျိုးကတော့ မတော်ရသေးတဲ့ ယောင်းမလောင်းလေးကို ဂရုစိုက်လိုက်တာ ပြာနေတာပဲ၊ ယူတို့ လက်မထပ်ကြသေးဘူးလား ဟောဝန်"

"ဝန်ဇင်းကို ခင်ပါတယ်၊ ဟောဝန်ကို အနစ်နာခံပြီး ချစ်တာလည်းသိတယ်၊ ဒါပေမယ့် လက်မထပ်ချင်ဘူး"

"ဘာလဲ…ဟောဝန်မှာ ချစ်သူရှိလို့လား"

"လောလောဆယ်တော့ မရှိပါဘူး"

"တွေ့တော့ တွေ့ထားပြီပေါ့ ဟုတ်လား"

စောသက် အမေးစကားကို မဖြေဘဲ ဟောဝန်က ပြုံးနေတော့ စောသက်က ခေါင်းကို တဆတ်ဆတ်ညိတ်သည်။





"တစ်ခါတလေတော့လည်း အချစ်ဆိုတာ မရှာဖွေဘဲ သူ့အလိုလို ရောက်လာတတ်တယ်၊ ဟောဝန်က ကံကောင်းမှာပါ"

"ဟောဝန်က ကံကောင်းမှာပါဆိုတော့ စောသက်ကရော"

"စောသက်လည်း ကံကောင်းချင်ပါတယ် ဟောဝန့်ရယ် ကံကောင်းပါစေလို့လည်း ဘုရားမှာ နေ့တိုင်းဆုတောင်းနေရတယ်"

"စောသက်တို့ ချစ်သူနှစ်ယောက်ကို မိဘတွေက သဘောမတူကြဘူးလေ၊ မိဘမျက်ရည်ကျ စိတ်ဆင်းရဲတာမျိုးလည်း မလုပ်ချင်တာနဲ့ မိဘတွေ 'သဘောတူလာမယ့်အချိန်ကို စောင့်နေတာ"

ပြောပြီး စောသက်က ရယ်သည်။

ဘယ်လိုအဓိပ္ပာယ်နှင့် ရယ်တာလဲဆိုတာကိုတော့ ဟောဝန်လည်းမသိ။

"တူတူ…တူတူ…တူ"

"ခဏနော် ဟောဝန်၊ သူ့ဆီက ဖုန်းလာလို့ သွားပြောလိုက်ဦးမယ်"

စောသက်ထွက်သွားတော့ ဟောဝန့်ရင်ထဲ တစ်မျိုးဖြစ်ကျန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ မာမီပြောသလို ချစ်တိုင်းလည်းမညားနိုင်ကြတဲ့ ချစ်သူတွေ ရှိကြတာ ယောဝန် လက်တွေ့ဖြစ်နေတော့ နည်းနည်းတော့ ရင်မောသွားသည်။

❖ ❖ ❖



## အခန်း (၆)

အစတုန်းကတော့ ဟိုးအဝေးက လှမ်းမြင်နေသည့် မြင့်မြင့်မားမားသဏ္ဍာန်ကို လူကြီးနဲ့တူလိုက်တာလို့ ထင်တာပဲရှိသည်။ မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ခွင့်ရလိမ့်မည်လို့ စိတ်ကူးပင် ယဉ်မကြည့်ခဲ့။ လက်တွေ့ဘဝထဲမှာ ရုပ်ရှင်တွေထဲကလို တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံတွေ့ရတာမျိုးက ဖြစ်နိုင်ချေအလွန်နည်းပါးမှန်း လူတိုင်းသိသည်။

ဒါကြောင့်လည်း စိတ်ကူးနဲ့လက်တွေ့ဘဝ တခြားစီဆိုတာ နားလည်ထားသည့်ကြား ယောဝန် လှမ်းမြင်နေရတဲ့ ခပ်ဝေးဝေးက မြင့်မြင့်မားမားသဏ္ဍာန် လူကြီးဖြစ်နေရင် ဘယ်လောက်ကောင်းမလဲဆိုတာမျိုး တွေးဖြစ်အောင် တွေးလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုက စိမ့်နေအောင် အေးသဖြင့် အနွေးထည်ထူထူ ဝတ်ရတာကို အထူးအဆန်းလုပ်ပြီး ပျော်နေမိသူက ဟောဝန်။ ဒီနေ့တော့ ဟောဝန်တစ်ယောက်တည်း ဈေးသို့ထွက်လာခြင်းဖြစ်သည်။ စောသက်ကို သူ့ချစ်သူက မနက်အစောကြီးထဲက လာခေါ်သွားသည်။

စောသက်ချစ်သူက လူချောတစ်ယောက်ပေမယ့် ဘာသာခြားတစ်ယောက်ဖြစ်၍ စောသက်မိဘတွေ သဘောမတူနိုင်မှန်း သိရသည်။ အချစ်မှာ မျက်စိမရှိဘာမှန်ပေမယ့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လက်ခံနိုင်သူဖြစ်ဖို့ကလည်း အရေးကြီးသည်။

ကြည်လင်သော ကောင်းကင်အောက်မှာ ကိုယ့်အတွေးနှင့်ကိုယ် ခပ်မှန်မှန်လမ်းလျှောက်ရင်း မျက်နှာချင်းဆိုင်မှ လာနေသည့် မြင့်မြင့်မားမားသဏ္ဌာန်က ဟောဝန်နှင့် ပိုနီးကပ်လာသည်။ သာမန်ဆိုရင် မျက်နှာချင်းဆိုင်က လာနေသူတွေကို သတိထားမိစရာ အကြောင်းမရှိပေမယ့် ဟောဝန့်စိတ်ထဲမှာ လူအများနှင့်မရောဘဲ တစ်မူကွဲထွက်နေသည့်သဏ္ဌာန်ကို လှမ်းအကြည့်…

"ဟင်…လူကြီး"

လူကြီးက ဟောဝန်ကို မမြင်။





အတူပါလာသောလူနှင့် စကားပြောလျက် လျှောက်လာနေသည်။ ဒီလိုပဲဖြစ်ရမည်။ ဘယ်နေရာရောက်ရောက် ပတ်ဝန်းကျင်ကို စိတ်ပါဝင်စားစွာ လေ့လာနေမည်မဟုတ်ဘူးဆိုတာ ဟောဝန် သိသည်။

ကမ္ဘာကြီးက ကျဉ်းတယ်ဆိုတာ အခုမှ ဟောဝန် လက်တွေ့ယုံကြည်လိုက်မိ၏။ ရှာတုန်းက မတွေ့။ မရှာဘဲနေတော့မှ မထင်မှတ်ဘဲ ပြန်တွေ့ရခြင်းက ဟောဝန့်အတွက် ပျောက်ဆုံးနေသော အဖိုးတန်ရတနာပစ္စည်းတစ်ခုကို ပြန်တွေ့ရသလိုမျိုး ဟောဝန့်ရင်ထဲ အံ့ဩမှုတွေနှင့် လှိုက်ခုန်ပျော်ရွှင်သွားသည်။

ဝမ်းသာစိတ်နှင့် လူကြီးကို နှုတ်ဆက်မည်ပြုပြီးမှ လူကြီး၏ အေးစက်စက်ခံစားချက်မဲ့ မျက်လုံးများကို သတိရကာ ခြေလှမ်းတန့်သွားသည်။ ဟောဝန် သွားနှုတ်ဆက်လိုက်လို့ လူကြီးက ပြန်နှုတ်ဆက်လျှင် အကြောင်းမဟုတ်။

ဟောဝန်ကို တစ်ခါမှ မမြင်ဖူးသလို ခံစားချက်မဲ့ အေးစက်စက်ကြည့်ပြီး မင်းဘယ်သူလဲလို့ မေးလိုက်မှဖြင့် ဟောဝန်ပဲ ရှက်ရဦးမည်။ ရုတ်တရက် ဟောဝန်က ဘာလုပ်ရမှန်းမသိ။ အမျိုးသားနှစ်ယောက်က တဖြည်းဖြည်း ဟောဝန်နှင့် နီးလာမှ သတိရပြီး



www.burmeseclassic.com

www.burmeseclassic.com



နီးရာခေါက်ဆွဲဆိုင်ထဲ ပြေးဝင်လိုက်သည်။

ဖြစ်ချင်တော့ လူကြီးတို့နှစ်ယောက်ကလည်း ယောဝန်ထိုင်နေသည့်ဆိုင်ထဲ ဝင်လာ၍ ယောဝန့်မျက်နှာလေးကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။

လူက ခုံမှာ ငြိမ်ငြိမ်ထိုင်နေပေမယ့် စိတ်တွေကတော့ မငြိမ်။ မျက်လုံးကိုစွေပြီး လူကြီးတို့ကို ရှာကြည့်လိုက်တော့ ရုတ်တရက်မတွေ့။ ပြီးမှ ယောဝန်နဲ့ကျောချင်းကပ် အနေအထားဖြစ်နေ၍ ကျိတ်ပြုံးလိုက်သည်။

"မင်းကို ဒီပုံစံနဲ့တွေ့ရတာ ငါသိပ်အံ့သြတယ် မောင်မောင်၊ မင်း ဒီကိုလာတော့ မင်းကုမ္ပဏီကိစ္စတွေ ဘယ်သူလွှဲခဲ့လဲ"

"ဟိုမှာ အန်ကယ်ငြိမ်းရှိတယ်၊ သူ့ကိုလွှဲထားတာကြာပြီ"

"အိမ်မပြန်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်"

လူကြီးနာမည် မောင်မောင်ဟု ပြောစကားအရ သိလိုက်ရသည်။ တစ်ဖက်က အကြောင်းအရာတစ်ခုကို အားပါးတရ ပြောနေသလောက် မောင်မောင်ဆိုသည့် သူ့ထံမှ ဘာပြန်ပြောသံကိုမှ မကြားရ။





"မဖြစ်သင့်တာတွေ ဖြစ်လာတာ မယုံနိုင်စရာပဲကွာ"

"ငါပြောတာ နည်းနည်းလွန်သွားရင် ဆောရီး"

"လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်ရှိတယ်ဆိုတာ ကိုယ်နားလည်တယ် မိုးဇက်"

"မင်း ကိုယ့်ကို တောင်းပန်စရာမလိုပါဘူး"

သူ့အသံက အနိမ့်အမြင့်မရှိဘဲ တပြေးညီ အေးစက်စက်။ ခံစားမှုကင်းမဲ့နေသည့် မျက်နှာကို လှမ်းမမြင်ရပေမဲ့ တစ်ဖက်က မိုးဇက်ဆိုသည့် ဦးမောင်သူငယ်ချင်း စိတ်ထဲမှာ အားမလိုအားမရ ဖြစ်နေမည်ဟုထင်သည်။

မောင်မောင် သို့မဟုတ် ယောဝန်ရဲ့ဦးမောင်။

ထိုအမည်ကို ယောဝန့်နှလုံးသားတစ်နေရာမှာ နက်ရှိုင်းစွာ အမြတ်တနိုး သိမ်းဆည်းလိုက်၏။ တော်တော်ကြာသည်အထိ စကားပြောသံ မကြားရ။ ရှမ်းခေါက်ဆွဲမှာသံကိုသာ ကြားရပြီး တခြားအကြောင်းအရာတွေဆီ စကားရောက်သွားသည်။

မိုးဇက်ဆိုသည့် ဦးမောင်သူငယ်ချင်းက စကားကို ဦးဆောင်ပြောသူဖြစ်ပြီး ဦးမောင်က နားထောင်သူသက်သက်ဖြစ်သည်။ အပြန်အလှန် ပြောဆိုသံမကြားရ။ နောက်တော့ ကျသင့်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီး ဆိုင်ထဲက သူတို့ထွက်သွားသည်။

ဒီတစ်ခါတော့ ဦးမောင်ဆိုသည့်သူကို တွေ့လျက်နှင့် နောက်တစ်ကြိမ် ပျောက်ဆုံးသွားမှာမျိုး လက်မခံနိုင်ပါ။ ဦးမောင် ဘယ်မှာနေလဲ၊ သူ ဒီမြို့ကပဲလားဆိုတာ သိလိုစိတ်နှင့် ဟောဝန့် အတွက် ကျသင့်ငွေကိုရှင်းပြီး နောက်ကိုလှည့်အကြည့်···

"ဟယ်···ကားပေါ်တက်သွားကြပြီ"

ဟောဝန် ကြည့်နေဆဲမှာပင် ဦးမောင်တို့သူငယ်ချင်း နှစ်ယောက် လိုက်ပါသွားသည့်ကားက နေရာမှ ထွက်သွားသဖြင့် ကားနံပါတ်ကိုသာ မှတ်ထားလိုက်ရသည်။

ဘယ်လိုလိုက်စုံစမ်းရမှန်းလည်း မသိ။ ဘာဆက်လုပ်ရ မှန်းမသိ ဖြစ်နေစဉ်မှာပဲ အနားရှိ အမျိုးသမီးတစ်ယောက်ထံမှ စကားသံကြောင့် ဟောဝန့်ရင်ထဲ ဒိတ်ခနဲဖြစ်သွား၏။

"ဟိုတစ်ယောက်က မိုးဇက်သူငယ်ချင်းထင်တယ်၊ အရပ် အမြင့်ကြီးနဲ့ ချောလိုက်တာ၊ အသားတွေ ပန်းသွေးရောင်ထနေတာ ပဲ"

လူချောတစ်ယောက်အဖြစ် အမျိုးသမီးအများစု စိတ်ဝင် စားခံရသော ဦးမောင်ကြောင့် ဟောဝန့်ရင်ထဲ ပူသွားသည်။





"စတိုင်လ်က မိုက်တယ်နော်၊ မျက်နှာက တစ်ချက်မပြုံး ပေမယ့် ကြည့်လို့ကောင်းတယ် သိလား"

တိုးတိတ်သော စကားအဆုံးမှာ ရယ်သံနွေးနွေးတို့ကို ရင်ခုန်ဖွယ် ကြားရသည်။

ဦးမောင်။

ဟောဝန်ကသာ ဆေးခန်းထဲရောက်လာသည့် ဦးရန်အောင် မောင်မောင်ဆိုသည့် ထူးဆန်းသည့် အမည်ပိုင်ရှင် ဦးမောင်ကို ပြန်ဆုံလိုက်သည့်အတွက် အံ့သြနေပေမယ့် ဦးမောင်ကတော့ သူ့မူပိုင် ထုံးစံအတိုင်း အေးစက်စက်မျက်လုံးများဖြင့် ဟောဝန့်မျက်နှာကို တစ်ချက်မကြည့်ဘဲ သူထိုင်ရမည့်ခုံမှာ ဝင်ထိုင်သည်။

"ဘာဖြစ်တာလဲ အန်ကယ်"

"ဖျားလို့"

ခံစားမှုမရှိသော အသံက တပြေးညီ။ ဖြူသောမျက်နှာက အဖျားရှိန်ဖြင့် နီနေ၏။

"ခုတင်ပေါ် လှဲလိုက်ပါ အန်ကယ်"

ဟောဝန်ကိုမကြည့်ဘဲ ခုတင်ပေါ် လှဲချလိုက်ပုံကိုကြည့်ပြီး ဟောဝန် သူမမြင်အောင် ပြုံးလိုက်သည်။ လောကကြီးမှာ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတွေလည်း ရှိနေနိုင်သေးတာပဲလို့ တွေးမိ၍ပါ။

လိုအပ်သော စမ်းသပ်မှုတွေ လုပ်ကြည့်တော့ အဆုတ်မှာ အအေးပတ်သွားမှန်း သိလိုက်၏။

"အအေးမိသွားတာပါ၊ ဆေးထိုးရမယ် အန်ကယ်"

"သောက်ဆေးပဲ ပေးပါ"

ဆေးမထိုးချင်ဘဲ ဆေးခန်းလာပြသော ဦးမောင်ကို ဟောဝန်နားမလည်။ ထပ်ပြော၍ ရမည့်သူမျိုးမဟုတ်သဖြင့် သူ့သဘောအတိုင်း သောက်မည့်ဆေးတွေကို သုံးခွက်စာအိတ်လေးထဲ ထည့်လိုက်သည်။

"ဟောဝန်ကို မမှတ်မိဘူးလား ဦးရန်အောင်မောင်မောင်"

တစ်ခါမှ ကျွမ်းဝင်ရင်းနှီးခြင်းမရှိသည့် မိန်းကလေးတစ်ယောက်က သူ့နာမည်အပြည့်အစုံကို ခေါ်ပြီး နှုတ်ဆက်တော့မှ အခုချိန်ထိ ဟောဝန်ဆီ ရောက်လာခြင်းမရှိသော မျက်ဝန်းအစုံက ဟောဝန့်မျက်နှာလှလှလေးထံ ဖျတ်ခနဲရောက်လာသည်။

ပြုံးကြည့်နေသည့် ဟောဝန့်မျက်ဝန်းပြာကြီးတွေနှင့် ဆုံပေမယ့် သူ့မျက်နှာပေါ်မှာ ဘာခံစားချက်မှ မမြင်ရ။ ပြီးမှ အေးစက်စက်လေသံဖြင့်...





"ကိုယ့်အလုပ်က လူတွေကို လိုက်မှတ်နေတဲ့အလုပ်မှ မဟုတ်ဘဲ၊ သောက်ရမယ့်ဆေးရရင် ကိုယ် ပြန်ချင်ပြီ"

ဟောဝန့်မျက်နှာ ဖြန်းခနဲ ပူနွေးသွားကာ လက်ထဲက ဆေးထုပ်လေးတွေကို သူ့ရှေ့ချပေးလိုက်သည်။ စိတ်ထဲကတော့ ရန်အောင်မောင်မောင်ဆိုသည့် ဦးမောင်ကို မကျေနပ်။

ဟောဝန်ကို သူမှတ်မိရက်သားနဲ့ဆိုသည့် အတွေးစိတ်နှင့် ရင်ထဲကဒေါသကို ဖွတ်မိတ်မျိုသိပ်လိုက်ရသည်။

"ဟောဒီမှာ ဦးရန်အောင်မောင်မောင် သောက်ရမယ့်ဆေးပါ၊ ဆေးဖိုးကို ဆရာမဆီမှာပဲ ရှင်းပါ"

"ကောင်းပြီ"

တစ်သက်လုံး အံလိုလိုက်ခံထားရသော တစ်ဦးတည်းသောသမီး ပန်းဟောဝန် ပီသစွာ ရန်အောင်မောင်မောင်ဆိုသည့် လူကြီးအရင် ဟောဝန်ကစပြီး ကျောခိုင်းပစ်လိုက်သည်။

သူ ဟောဝန်ရှေ့က ထွက်သွားသည်။

ဟောဝန့်ရင်ထဲ ဘယ်လိုဖြစ် ကျန်ရစ်သည်ကိုမသိ။ သိလည်း ဂရုစိုက်မည်မထင်ပါ။

ယုန်မွေးဆွယ်တာ ခေါင်းစွပ်မီးခိုးရောင်နှင့် သက္ကလပ်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီ မီးခိုးရောင်ရင့်ရင့်၊ အီတလီလုပ် သားရေကွင်းထိုးဖိနပ် စီးထားသည့် ဦးမောင်အသွင်က ရှင်းသန့်လျက် တည်ငြိမ်စွာ ချော့မွေ့လျက်။

ယောကျ်ားပီသစွာ ကျက်သရေရှိနေ၏။

အကယ်၍သာ ဦးမောင်ရဲ့မျက်လုံးတွေဟာ အေးစက်စက် ခံစားချက် ကင်းမဲ့မနေဘဲ နွေးထွေးစွာ အရောင်တွေလက်ဖြာနေခဲ့မည်ဆိုလျှင် အဘယ်မျှ မက်မောတွယ်တာစရာကောင်းလိုက်မလဲ။

ခံစားချက်မရှိ၊ အေးစက်စက်အကြည့်တွေနဲ့ ဦးမောင်ကို သက်ဝင်နွေးထွေးတဲ့ ခံစားချက်ပိုင်ရှင်ဖြစ်အောင် ဟေဝန်ကိုယ်တိုင် မစွမ်းဆောင်နိုင်ဘူးလားဟု မေးရင် ဟေဝန့်ပါးလေးတွေ ပန်းသွေးရောင် တောက်သွားသည်။

❖ ❖ ❖



## အခန်း (၇)

နောက်နေ့တွင် ဟေဝန့်ဆေးခန်းကို သူရောက်လာလိမ့်ဦးမည်ဟု ထင်ထားသော်လည်း ဆေးခန်းပိတ်သိမ်းချိန်သာ ရောက်သွားသည်။

ရန်အောင်မောင်မောင်ဆိုသည့် သူ့ကို အရိပ်အယောင်မျှပင် မမြင်မတွေ့ရ။ တစ်ချိန်မဟုတ်တစ်ချိန် ရောက်လာနိုးနှင့် တိတ်တခိုး မျှော်နေမိသူ ဟေဝန့်အဖြစ်ကိုသာ လှောင်ပြုံးလေးပြုံးလိုက်မိ၏။

ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။

ဟေဝန် စိတ်ဝင်စားမိတဲ့လူဟာ တခြားသူမှမဟုတ်ဘဲ။

အများနဲ့ ဘယ်လိုမှမတူတဲ့ ဦးရန်အောင်မောင်မောင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူချောလူဆန်းပေကိုး။ ဆေးခန်းပိတ်ပြီး အေမီနှင့်အတူ ပြန်ခဲ့ကြသည်။ သူ့မှာဖြစ်နေသည့် အဖျားက ဆေးတစ်ခွက်သောက်ရုံနှင့် ပျောက်သွားမည့် အာဂန္တုအဖျားမဟုတ်။ ဆေးထိုး၊ ဆေးသောက် ပုံမှန်လုပ်မှ သက်သာနိုင်မည့် အဖျားဖြစ်၍ ဟောဝန့်ထံ မလာချင်လည်း တခြားဆရာဝန်နှင့် ကုသဖို့ လိုအပ်သည်။

ဟောဝန်ကို ဂရုမစိုက်။ အရေးမလုပ်ရုံသာမက ဟောဝန် ဘာပြောပြော ဘာလုပ်လုပ် ဥပေက္ခာဆန်ဆန် စိမ်းကားရက်စက်သူ့အပေါ်မှာ မနာကျင်နိုင်သေးဘဲ သူ့အတွက် ဟောဝန့်ရင်မှာ စိုးရိမ်နေမိတာကို ဦးရန့်အောင်မောင်မောင်ဆိုသည့် ဦးမောင်က သိမည်မဟုတ်ပါ။

အိပ်ရာထဲမှာ လဲလျောင်းရင်း တစ်နေ့တာ ပင်ပန်းသမျှ အနားယူအိပ်စက်ချိန်မှ အိမ်ရှေ့ဆီမှ ခေါ်သံကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာက ဟောဝန် လန့်နိုးလာပါသည်။

"ဒေါက်တာ...ဒေါက်တာ ပန်းဟောဝန်"

"လာပါပြီ"

ညကြီးအချိန်မတော် ဘယ်သူတွေမှန်းမသိ။ အိမ်ရှေ့မီး ခလုတ်ကိုဖွင့်ပြီး အိပ်ခန်းပြတင်းကို ဖွင့်အကြည့်မှာ မြင်လိုက်ရ

စိုး:မိုး:၀၁၉ပ



သည့် မျက်နှာက တခြားသူမျက်နှာမဟုတ်။

ဦးရန့်အောင်မောင်မောင်ရဲ့ သူငယ်ချင်း မိုးဇက်ဆိုသူ ဖြစ်နေ၏။

"ဘယ်သူပါလဲ"

"ကျွန်တော် စောမိုးဇက်ပါ ဒေါက်တာ၊ မနှောင့်ယှက်ချင်ပါဘူး၊ အိမ်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် အဖျားကြီးပြီး ကယောင်ကတမ်းတွေ ပြောနေလို့ တစ်ချက်လောက် လိုက်ကြည့်ပေးဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

"ဒေါက်တာ့ကျေးဇူးကို မမေ့ပါဘူး"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ စောမိုးဇက်ဇနီး ကယ်ရီလင်းပါ၊ ခဏလောက်ဖြစ်ဖြစ် လူနာကို လိုက်ကြည့်ပေးစေချင်ပါတယ် ဒေါက်တာ"

"ကူညီပါရှင်"

လင်မယားနှစ်ယောက်စလုံး ချမ်းချမ်းစီးစီး ညဥ့်နက်သန်းခေါင်မှာ သူငယ်ချင်းဖြစ်သူအတွက် ဆရာဝန်လာပင့်နေကြသည်။ သူတို့စကားသံထဲမှာ သူတို့သူငယ်ချင်းအတွက် စိုးရိမ်ခြင်းက အထင်းသား။

စိုး:မိုး:၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးစောင့်ပါနော်၊ ကျွန်မ ဆေးအိတ်ယူလိုက်ပါဦးမယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဦးရန်အောင်မောင်မောင်။

ဆေးအိတ်ကိုပြင်၊ သင့်တော်သော အဝတ်ကိုလဲ၊ အနွေးထည်ထူထူဝတ်ရင်း ဟေဝန့်နှုတ်ဖျားက သူ့အမည်ကို ခပ်ဖွဖွ ရေရွတ်လိုက်မိသည်။

ဟေဝန် ဆေးခန်းကို နောက်ထပ်မလာချင်။ တခြားဆရာဝန်နဲ့လည်းမပြ။ သူ့အဖျားရောဂါကို ဘယ်လောက်အထိ ပေခဲ့ပြီး ငြိမ်နေသည်မသိ။ မရှုနိုင်မကယ်နိုင်ဖြစ်ချိန်ကြမှ သူငယ်ချင်းလင်မယားက အပြေးအလွှား အကူအညီတောင်းရသည့်အဖြစ်။

ရှင့်ကို ဟေဝန် ဘယ်လိုနားလည်ရမှာလဲ ဦးမောင်ရယ်။

ဟေဝန့်လို မိန်းမလှတစ်ယောက်နဲ့ လုံးဝမပတ်သက်ချင်လောက်အောင် ရှင်ဟာ လူ့လောက၊ လူ့ဘဝကြီးကိုပဲ ငြီးငွေ့စိတ်ကုန်နေတဲ့ ဘာခံစားချက်မှ မရှိတော့တဲ့လူပဲလား။

ဟင့်အင်း။ ထိုအဆိုကို ဟေဝန် လက်မခံပါ။ ရန်အောင်မောင်မောင်ဆိုတာ လူသားများစွာထဲက လူတစ်ယောက်အဖြစ်





သူ့မှာလည်း ဟေဝန်တို့လို ခံစားတတ်သည့်နှလုံးသား ရှိကိုရှိရမည်။

မနောဖြူခြံကြီးက ကျယ်သလို နှစ်ထပ်အိမ်မြင့်ကြီး၏ ထည်ဝါခမ်းနားမှုကို မြင်ရသည်။ စောမိုးဇက်တို့ ဇနီးမောင်နှံ ဦးဆောင်ခေါ်သွား၍ လူမမာရှိရာ အိပ်ခန်း လှမ်းဝင်လိုက်တော့ လှပသော ဖဲမွေ့ယာကြီးပေါ်မှာ လဲလျောင်းအိပ်စက်နေသော ရန်အောင်မောင်မောင်ကို တွေ့လိုက်ရ၏။

ထူထဲသော မျက်ခုံးတွေက စိမ်းညို့နေသလို ကျယ်လွင်သော နဖူးပြင်ပေါ် ဆံပင်တချို့ ခပ်ယိုင်ယိုင်ဖြာကျနေ၏။ ဖြောင့်စင်းသောနှာတံ၊ စေ့ပိတ်ထားသည့် မျက်တောင်ရှည်ရှည်တွေက စင်းဖြောင့်မည်းနက်လျက်။ လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းအစုံက ပုံစံကျနလှပစွာ စေ့ပိတ်ငြိမ်သက်နေ၏။

"မောင်မောင်...မောင်မောင်"

"အင်း...ဟင်"

စောမိုးဇက်က ရန်အောင်မောင်မောင်ပခုံးကို ခပ်ဖွဖွကိုင်လှုပ်တော့ အအိပ်ဆတ်ပုံရသော သူ့ထံမှ ညည်းသံသဲ့သဲ့နှင့် မျက်လုံးကို လေးပင်စွာ ဖွင့်ကြည့်သည်။

"မင်း အဖျားတွေသိပ်ကြီးနေလို့ ငါတို့ ဒေါက်တာပင့်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ လိုအပ်တာ စမ်းသပ်စစ်ဆေးပြီး ဒေါက်တာက မင်းကို ဆေးကုသပေးလိမ့်မယ် ဟုတ်လား''

စောမိုးဇော်အသံက နူးနူးညံ့ညံ့။ ပြောသည့်စကားတွေက လည်း ကလေးတစ်ယောက်ကို ချော့မော့နေသလိုမျိုး။ ရန်အောင် မောင်မောင် အကြည့်တွေက သူ့နားမှာ ရပ်နေသည့် ဟောဝန့်ထံ ရောက်လာသည်။

''ကျွန်မ ဒေါက်တာပန်းဟောဝန်ပါ ဦးရန်အောင်မောင် မောင်''

အကြည့်ချင်းအဆုံမှာ ဟောဝန်က တမင်ပြောလိုက်ခြင်းဖြစ် သည်။ အေးစက်သော သူ့မျက်နှာမှာ အပြောင်းအလဲတချို့ ဖျတ်ခနဲ ပေါ်လာသည်။

ထူးထူးခြားခြားတော့မဟုတ်။

သူ့မျက်နှာပေါ်က ထူထဲစိမ်းညို့သော မျက်ခုံးအစုံ မသိ မသာ တွန့်သွားခြင်းဖြစ်သည်။

''ကိုယ် ဘာမှမဖြစ်ဘူး''

သူ့ထံမှ စကားကြောင့် ဟောဝန် ပြုံးလိုက်သည်။

''လက်ရှိအခြေအနေအရ ဆိုရင်တော့ ရှင့်ကို ကျွန်မ





ဆေးကုသရလိမ့်မယ်၊ လိုအပ်တာလေးတွေ စစ်ဆေးလိုက်ကြရ အောင် ဟုတ်လား''

ဟောဝန်နဲ့ ဆေးမကုချင်လို့ ရှောင်ပြေးနေသူထံမှ အေးစက် စက်အကြည့်ကို ဂရုမစိုက်ဘဲ လူမမာအတွက် လိုအပ်သည့် စမ်းသပ် စစ်ဆေးမှုကို လုပ်လိုက်သည်။

''အဖျားက တစ်ရှာလေးဆိုတော့ လူနာကို စောင့်ကြည့်ရ မယ်၊ နဖူးပေါ် ရေခဲပတ်အုပ်ပေးပါ၊ ကျွန်မ ဆေးထိုးပေးခဲ့မယ်၊ သောက်ဆေးတစ်ခုထဲနဲ့ မရဘူး''

ထိုစကားကိုတော့ ရန်အောင်မောင်မောင် မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်ပြီး သူနဲ့ဟောဝန် နှစ်ယောက်တည်း နားလည်သောစကားလည်းဖြစ်သည်။

ဆေးမထိုးချင်သည့် လူကြီးကို ဆေးထိုးရမည်ဖြစ်ကြောင်း အသိပေးခြင်းဖြစ်၍ သူ ဘာမှမပြောဘဲ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး ဟောဝန်ကို စိုက်ကြည့်သည်။

ထိုအကြည့်က ခါတိုင်းလို အေးစက်သောအကြည့်၊ ခံစား ချက်မဲ့အကြည့်မျိုး မဟုတ်တော့ဘဲ ဟောဝန်အပေါ် အလိုမကျသော အရိပ်အယောင်တို့ ရောနှောပါဝင်လာသဖြင့် ဟောဝန် နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ပျော်သွားသည်။

ယောဝန်နဲ့ပတ်သက်ပြီး သူ့မှာ ခံစားမှုရှိလာပြီ။ အနည်းဆုံး တော့ ယောဝန်နဲ့သူ မပတ်သက်ချင်တဲ့ စိတ်ခံစားမှု။ ဘာပဲဖြစ်ဖြစ် ထိုပြောင်းလွဲမှုကို ယောဝန် ကျေနပ်သည်။

ယောဝန် အိမ်ပြန်ရောက်တော့ ညနှစ်နာရီခွဲနေပြီ။ ဆေးအိတ် ကိုပစ်ချပြီး အိပ်ရာထဲမှာ သူ့အကြောင်းတွေးရင်း ဘယ်အချိန် အိပ်ပျော်သွားမှန်းပင် မသိလိုက်။

နောက်ရက်မှာ ယောဝန်ကို ဆေးကုသဖို့ လာမခေါ်တော့ သလို ယောဝန့်ဆေးခန်းကို ရန်အောင်မောင်မောင်ရော သူငယ်ချင်း ဓနီးမောင်နံ့ပါ ရောက်မလာတော့ပါ။

သူ့ကို ဆေးကုဖို့ပင့်လာသည့် ဆရာဝန်မှာ ယောဝန်ဖြစ်နေ တာကို သူသဘောမကျတာ ယောဝန် သိသည်။ သူမပတ်သက် ချင်သူနဲ့ အကြိမ်ကြိမ် ပတ်သက်နေရတာကို ရန်အောင်မောင်မောင် အတွက် စိတ်အနှောင့်အယှက်ဖြစ်နေမည်ထင်သည်။

တစ်ခုတော့ ယောဝန် ကျေနပ်သည်။

မနောဖြူခြံကြီးထဲမှာ ရန်အောင်မောင်မောင်ဆိုသည့်သူ ရှိနေသည်ကို တွေးမိတိုင်း ယောဝန့်ရင်ထဲ နွေးထွေးသွားသည်။





ဆရာဝန်နှင့်လူနာ အနေအထားနှင့် နောက်တစ်ကြိမ် ထပ်ဆုံတာ လည်း အံ့သြစရာ။

ဖူးစာပါလို့ ကြံဖန်ဆုံရတာလားဆိုသည့် အတွေးက ယောဝန့်ရင်ကို အခုန်မြန်စေသည်။ တစ်နေရာမှာများ ထပ်ဆုံဦးမလား လို့ရှာပေမယ့် ဘယ်နေရာမှ မတွေ့။

သူကပဲ အပုန်းကောင်းတာလား။

ယောဝန်ကပဲ ကံမကောင်းတာလား မသိ။

တစ်မြို့ထဲနေပြီး တွေ့ချင်မြင်ချင်သည့် မျက်နှာကို ထပ်တွေ့ခွင့်မရတော့ ရင်ထဲမှာ လွမ်းချင်သလိုလို၊ ဆွေးချင်သလို လို။

ရန်အောင်မောင်မောင်ရှိမည့် မနောဖြူခြံကြီးရှိရာကိုသာ တိတ်တိတ်လေး လှမ်းမျှော်ကြည့်ဖြစ်သည်။ ဒီလိုခံစားမှုဝေဒနာမျိုး ယောဝန့်ဘဝမှာ ဘယ်တုန်းကမှမရှိ။ ဤခံစားမှု ယောဝန့်ဘဝမှာ အသစ်အဆန်းဖြစ်နေ၏။

အလုပ်လုပ်နေသည့် အချိန်မှတစ်ပါး ကျန်အချိန်တိုင်းမှာ သူ့အကြောင်းတွေချည်း ယောဝန်ကို အချိန်ပြည့်စိုးမိုးနေသည်။

ဦးမောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကို ဟောဝန် မေ့လို့ရရင် မေ့ပစ်ချင်တယ်။

ဟောဝန့်အာရုံကို အလုပ်ထဲ ဖွတ်နစ်ဖို့ကြိုးစားသည်။ ဒီနေ့တော့ ဟောဝန်တို့ ဆေးခန်းစောပိတ်ပြီး ဟောဝန်တို့အိမ်အပြန်···

"မမ"

နောက်ပါးမှခေါ်သံကြောင့် ဟောဝန်တို့နှစ်ယောက် လှည့်ကြည့်လိုက်တော့ နောင်ဆိုသည့်ချာတိတ်ကို တွေ့လိုက်ရ၍ စိတ်ရှုပ်သွားသည်။ မြို့မျက်နှာဖုံး သူဌေးကြီး ဦးအိုက်စွန်း၏ အငယ်ဆုံး၊ အထွေးဆုံး သားလူဆိုးလေး။

ဟောဝန်နှင့် အမှတ်မထင် စတိုးဆိုင်တစ်ခုမှာ ဆုံမိရာက ဟောဝန့်နောက် တကောက်ကောက် လျှောက်လိုက်ရင်း တန်ဖိုးရှိလှသည့် အချိန်တွေကို အလကားဖြုန်းနေသည့် ကောင်လေး။

တစ်နေ့တစ်မျိုး ဟောဝန်ကို ချစ်ရေးဆိုနေပုံကလည်း စိတ်ညစ်စရာ။ မလာပါနဲ့ဆိုလည်း မရ။ မချစ်နိုင်ပါဆိုတော့လည်း မသွား။ ဟောဝန် ဘာပြောပြော၊ ဘာလုပ်လုပ် သူ့အတွက် ပန်းနှင့် ပေါက်သလို ထင်နေသည်။

သူ့ကိုမြင်တာနှင့် ဟောဝန့်ခြေလှမ်းတွေက ပိုသွက်လိုက်တော့ နောင်က ဟောဝန့်အနားကပ်ပြီး ဟောဝန်နှင့်အတူ ယှဉ်လျှောက်





သည်။

"ဘယ်လိုဖြစ်တာလဲ မမရယ်၊ နောင့်ကိုမြင်တာနဲ့ မျက်နှာလှလှလေးကို ရှုပုပ်သွားတာပဲ၊ နောင်က မမအတွက် အဲဒီလောက်တောင် မုန်းစရာကောင်းနေပြီလား ချစ်မရယ်"

"မင်း ငါ့ကို လိုက်မနှောင့်ယှက်နဲ့လို့ ပြောထားတာ ဘယ်နှကြိမ်ရှိပြီလဲ၊ ပြောမရရင် ငါ မင်းအဖေနဲ့တိုင်မှာနော်"

"အဟား···နောင့်ကို မမက ပါပါးနဲ့တိုင်မယ်ဟုတ်လား၊ လာလေ ပါပါးဆီသွားချင်ရင် နောင် လိုက်ပို့မယ်၊ ဒါမှ နောင့်ချစ်မဟာ ဘယ်လောက်လှတယ်ဆိုတာ ပါပါးသိသွားမှာ"

နောင်က ဟောဝန့်မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ရယ်လိုက်တော့ သွားစွယ်လေးတွေ ဖွေးခနဲ လက်သွားပုံက ချစ်စရာ။ မျက်နှာလေးက နုနုငယ်ငယ် ချောချောလေး။ သူနဲ့ သက်တူရွယ်တူ ချစ်သူကိုမရှာဘဲ ဟောဝန့်လို သူ့ထက်အသက်ကြီးသူကိုမှ ချစ်ပါသည်ဟုဆိုလာသော ချာတိတ်ကို စိတ်ညစ်ညူးစွာ ဟောဝန် ကြည့်လိုက်သည်။

"သိပ်ချစ်တာပဲ မမရယ်၊ နောင့်ကို ပြန်ချစ်ပါဗျာ၊ မမသာ နောင့်အချစ်ကို လက်ခံရင် ပါပါးကို ဖွင့်ပြောပြီး လက်ထပ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…မင်း အရက်တွေ သောက်ထားတယ်"

"နည်းနည်းပါ မမရဲ့"

"အရက်သမားနဲ့ တို့ စကားမပြောချင်ဘူး ချာတိတ်၊ အကောင်းဆုံးက မင်းအိမ်မင်းပြန်ပါ"

"မမ"

"မင်းဘာလုပ်တာလဲ၊ တို့ရှေ့က အခုဖယ်စမ်း"

သူ့ကို ကွင်းရှောင်ထွက်ပြေးဖို့ ကြိုးစားနေသော ဟေဝန် ရှေ့က ပိတ်ရပ်ကာဆီးလိုက်သော နောင်ကြောင့် ဟေဝန် လန့်သွားပြီး အနားမှာရှိနေသည့် အေမီလက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။

"နောင့်အချစ်ကို လက်ခံပါ မမ"

ပြောပုံကိုက ထောင့်မကျိုး။

ဟေဝန်က သူ့ကို မချစ်ဘူးဆိုရင် ထမျှားရိုက်ဦးမည်လား မသိ။ ဟေဝန့်မျက်နှာကို စူးစိုက်ကြည့်နေသော နောင့်မျက်လုံးကို ဟေဝန် ခပ်ရဲရဲ ပြန်စိုက်ကြည့်လိုက်သည်။

ဒီလိုခြိမ်းခြောက်လိုက်ရုံနဲ့ ကြောက်သွားသည်ထင်မှာစိုးရိမ်ပါ။





"လုံးဝ လက်မခံနိုင်ဘူး"

"မမ"

"အိုး…ဒါဘာလုပ်တာလဲ၊ တို့လက်ကိုလွှတ်"

"မလွှတ်ဘူး၊ မမ နောင့်ကိုချစ်တယ်လို့ပြောမှ လွှတ်မယ်"

"မင်းကို တို့မချစ်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"တို့လက်ကိုလွှတ်"

"မလွှတ်ဘူး"

"လွှတ်"

ရှုပ်ထွေးနေသည့် အခြေအနေထဲ အေမီ ဘယ်သူ့ဘက်က ဝင်ပါရမှန်းမသိ။ ဦးအိုက်စွန်းက အေမီတို့နှင့် ကျေးဇူးမကင်းသူဖြစ်နေ၍ ဟေဝန်တို့ဘက်ကလည်း ဝင်မပါရဲ။

"ချစ်တယ်လို့ပြောလိုက်ပါ မမရယ်"

"အေမီ…တို့ကို ကူပါဦး"

ဟေဝန်က သူမလက်လေးကို ရန်းပေမယ့် ယောကျ်ားနဲ့ မိန်းမ အင်အားချင်းမမျှ။

"ခင်ဗျား ဝင်မပါနဲ့ မအေမီ"



www.burmeseclassic.com

www.burmeseclassic.com



ဟောဝန်ဘက်က ဝင်ကူရန်ပြင်နေသော အေမီကို နောင်က မျက်နှာထားတင်းတင်းနှင့် ဆိုလိုက်တော့ အေမီ ဘာမှမတတ်နိုင်ဘဲ ဖြစ်သွားသည်။

"မင်း…တို့ကိုလွှတ်နော်၊ ပြောမရရင် အော်လိုက်မယ် သိလား"

"အော်လိုက်လေ၊ ဒါမှ မမကို နောင် ဘယ်လောက်ချစ်တယ်ဆိုတာ အားလုံးသိသွားမှာ"

"မင်းမယုတ်မာနဲ့နော် လွှတ်စမ်း"

"မလွှတ်ဘူးဆိုရင်ရော"

"ဒေါက်တာ့လက်ကို လွှတ်လိုက်ပါ ချာတိတ်"

"ဟင်…ဦးမောင်"

လုံးဝထင်မှတ်မထားသည့် အချိန်မှာ ဘယ်လိုမှထင်မထားသည့် လူတစ်ယောက် ဟောဝန့်မျက်စိရှေ့ကို ရောက်လာသည့်အဖြစ်က ဟောဝန် ခံစားနေရသည့်ဒုက္ခတွေကိုပါမေ့ပြီး ဦးမောင်မျက်နှာကို အံ့သြစွာကြည့်လိုက်မိသည်။

ဦးမောင်က ဟောဝန်ကို မကြည့်။ သူ့ထံမှ အေးစက်စက် အကြည့်တွေက ဟောဝန့်လက်ကို မလွှတ်တမ်းဆွဲကိုင်ထားသည့်





နောင့်မျက်နှာကိုသာ ကြည့်နေသည်။

"ခင်ဗျားဘယ်သူလဲ"

"လူ"

"ဘာဗျ"

"အလိုမတူတဲ့ မိန်းကလေးတစ်ယောက်ကို လူပီသစွာ မနှောင့်ယှက်တဲ့လူလို့ ပြောတာ"

"ခင်ဗျားက ကျုပ်ကို လူမပီသဘူးလို့ ပြောတာလား"

"အခုချိန်ထိ မင်းကိုယ်မင်း မသိသေးဘူးထင်တယ်"

"ခင်ဗျားကြီး…ကဲကွာ"

"ဝိုး"

"ဒုတ်"

"အမလေး…သေပါပြီ"

လုံးထွေးသွားသည့် ယောကျ်ားနှစ်ယောက်ကို ကြည့်ပြီး အလန့်တကြား အော်ရုံမှတစ်ပါး ဟောဝန် ကြည့်လိုက်ချိန်မှာ မျက်နှာတစ်ခုလုံး ဖူးယောင်လျက် မှောက်ကျန်နေခဲ့သူက ရန်အောင်မောင် မောင်။

"မင်း…မင်း ဘယ်လိုလုပ်လိုက်တာလဲဟင်၊ လုပ်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



အေမီ''

''ဦးမောင်''

ရန့်အောင်မောင်မောင်က မလှုပ်။ သူ့ကိုယ်တစ်ပိုင်းကို ဆွဲယူထူမရင်း မိုက်ကန်းကန်းပုံစံနှင့် နောင့်ကို မုန်းတီးစွာ မော့ကြည့်လိုက်သည်။

''မင်းလက်ချက်နဲ့ သူ တစ်ခုခုဖြစ်သွားရင်''

''ဒီလောက် မသေနိုင်ပါဘူးဗျာ၊ ဒဏ်ရာအတွက် နောက်တစ်ခါဆို ဒီထက်နာမယ်လို့ပြောလိုက်''

''နောင်...သွားပြီ''

နောက်ကို တစ်ချက်လှည့်မကြည့်။ တင်းမာခက်ထန်သော မျက်နှာဖြင့် နောင်က သူ့ဆိုင်ကယ်ကို ဝေါခနဲမောင်းထွက်သွားသည်။

''ဦးမောင်...ဦးမောင်''

''ကိုယ် ဘာမှမဖြစ်ဘူး၊ ကိုယ့်ကိုလွှတ်ပါဦး''

''အို''

စိုးရိမ်ခြင်းကြီးစွာ သူ့ကိုယ်ကြီးကို ပွေ့ဖက်လှုပ်ခါနေမိသော ဟောဝန်မှာ သူ့ထံမှ ထွက်ပေါ်လာသည့် စကားကြောင့်





ရှက်စိတ်မွှန်ထူလျက် တင်းကြပ်စွာ ဖက်ထားသော သူမလက်ကလေးကို အလန့်တကြား ဖြေလွှတ်လိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သင်းဖျော့သော ရနံ့က ချိုအီလျက်။

ညင်သာနူးညံ့သော လှုပ်ရှားမှုတိုင်းက လိုက်မမီနိုင်အောင် သိမ်မွေ့လွန်းတာကို သတိမထားမိအောင် သတိထားနေသည့်ကြား က သူ့အာရုံက ဖျတ်ခနဲ ဖျတ်ခနဲ ပန်းဟောဝန်ဆိုသည့် မိန်းမလှ လေးထံ ရောက်ရောက်သွားသည်။

ပိတောက်ရောင်ရင်ဖုံးအင်္ကျီနှင့် စိမ်းညိုရောင်အခံမှာ ပိတောက်ရောင်ရောနေသည့် ဝတ်စုံက ဝင်းဝါနေသော ရွှေအဆင်း ကို ပို၍တင့်တယ်စွာ ကျက်သရေရှိရှိ လှပစေ၏။

ဆံပင်အားလုံးကို နောက်ဘက်မှာ ကပ်ုကယို နှောင်ဖွဲ့ထား ၍ ဆံစတချို့ ပါးပြင်နှင့်လည်တိုင်မှာ ဖြာကျနေပုံက ယဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်တောင် စိမ်းမှောင်နေသည့် မျက်ဝန်းအစုံကို မည်းနက်ရှည်လျားသော မျက်တောင်ကော့ကော့အစုံ ခပ်စိတ်စိတ်ဝန်းရံလျက်။

ခပ်စင်းစင်းနှာတံလေးက အဖျားမှာလုံးဝန်းကော့တက်သွားသလို နှင်းဆီဖူးသဏ္ဍာန် သွေးရောင်ဖြည့်လွှမ်းမိုးနေသည့် နှုတ်ခမ်းလေးကို ငေးမကြည့်မိဖြစ်အောင် ဂရုစိုက်ရင်း မျက်နှာကို အကြည့်လွှဲလိုက်၏။

"ဒဏ်ရာတွေ ဆေးထည့်မယ်နော် အန်ကယ်"

"နေပါစေ ကိုယ့်ဘာသာပဲလုပ်မယ်"

သူ့မျက်နှာနား နီးကပ်စွာ ဝဲပျံလာသည့် ကိုယ်သင်းနံ့ကို မရှူရှိုက်မိအောင် ကြိုးစားရင်း ပန်းဟောဝန်ကိုယ်တိုင် တယုတယ ဆေးထည့်ပေးခြင်းကို ဟန့်တားဖို့ ကြိုးစားလိုက်၏။

"ဟောဝန်ကြောင့် ဖြစ်ရတာပဲ အန်ကယ်၊ ဟောဝန်မှာ တာဝန်ရှိပါတယ်၊ ဟောဝန်ကိုယ်တိုင်ပဲ အန်ကယ့်အနာကို ဆေးထည့်ပေးပါရစေ"

"မလိုဘူးလို့ပြောပြီးပြီပဲ"

"ဒီမှာအန်ကယ်"

"ပြောပါ"





"ဘာဖြစ်လို့ ဟောဝန်ကို မကျေမနပ်ဖြစ်နေရတာလဲ"

အခံရခက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ခံပြင်းခြင်းတို့ဖြင့် နီရဲလာပသော မျက်နှာလေးရှိရာသို့ သူ့အကြည့်တွေ ဖျတ်ခနဲရောက်သွား၏။ မျက်ရည်ရောင်သန်းနေသည့် မျက်ဝန်းလှလှလေးနှင့်အဆုံမှာ အေးစက်စက်သူ့မျက်ဝန်းတွေ ငြိမ်သက်သွား၏။

အဖျားခတ်မှာ တုန်ရီသွားသည့် စကားသံကို သတိမထားမိဘဲ မနေနိုင်အောင် ဖြစ်သွား၏။

"ကိုယ် ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး"

"အန်ကယ်"

ဟောဝန်ခေါ်ပေမယ့် သူလှည့်မကြည့်တော့ဘဲ နေရာက ကျောခိုင်းထွက်ခဲ့သည်။ ဘယ်လိုအနှောင်အဖွဲ့မျိုးကိုမှ သူမလိုချင်၍ အားလုံးနှင့် ဝေးနိုင်သ၍ဝေးအောင်နေခဲ့သည်။ ဘယ်လိုဝေဒနာမျိုးကိုမှ သူထပ်မခံစားချင်တော့ပါ။

အရာအားလုံးအပေါ်မှာ ဘာခံစားချက်မှ မရှိသော ခံစားမှုမဲ့ နှလုံးသားဘဝနှင့် ရင်ဆိုင်ဖြတ်သန်းလာခဲ့ရချိန်တွေကို နောက်ပြန်လှည့်မကြည့်ချင်တော့သည့် သူ့အဖြစ်ကို မည်သူမျှ စာနာနားလည်နိုင်ကြမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် ငြိတွယ်နေသည့် ပန်းဟောဝန် မျက်ဝန်းအကြည့်လေးတွေကို သူသိပါသည်။ ဖြူစင်အေးချမ်းသော သူမလေးကို ငြိမ်းချမ်းအေးမြသည့် အနေအထားအတိုင်းပဲ ရှိနေစေချင်သည်။

ဒါထက်ပိုပြီး နက်ရှိုင်းရှုပ်ထွေးမှုတွေထဲ မဝင်ရောက်စေချင်။

"ခဏနေပါဦး အန်ကယ်"

ခေါ်သံနှင့်အတူ သူ့ရှေ့ကို လှပသောပုံရိပ်က ဖျတ်ခနဲရောက်လာသည်။ မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းအစုံကို မြင်လိုက်ရတော့ ရန်အောင်မောင်မောင်မျက်နှာမှာ သာမန်မဟုတ်သော အရိပ်တစ်မျိုး ဖျတ်ခနဲပြေးသွား၏။

"အန်ကယ်က ဟောဝန်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူးလို့ပြောရအောင် ဟောဝန်ကရော အန်ကယ့်လို ပေါင်းရသင်းရခက်တဲ့ လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ပါရစေလို့ ပြောနေလို့လား"

"အခု အန်ကယ့်ကို ဟောဝန် လာပြုစုနေတာကလည်း အန်ကယ်အခုလိုဖြစ်ရတာ ဟောဝန့်ကြောင့်ဆိုတဲ့ အသိနဲ့ ကိုယ့်ကျေးဇူးရှင်ကို လာပြုစုနေတာ"

"အန်ကယ့်ကို မိတ်ဆွေလာဖွဲ့နေတာ မဟုတ်ဘူး"





"ကိုယ် သွားလို့ရပြီလား"

ဟောဝန့်ထံမှ ဘာသံမှထွက်မလာ။ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက် ရန်အောင်မောင်မောင်မျက်နှာကို စိုက်ကြည့်ပြီး သူ့အရင်နေရာက ချာခနဲ လှည့်ထွက်ကျောခိုင်းပြေးထွက်သွားသံကို ကြားလိုက်၏။

စတွေ့ထဲက ဟောဝန်ကို သူ့ဘက်က ပြတ်သားစွာဆက်ဆံခဲ့သည်။ ခံစားမှုမှန်သမျှ ဘာတစ်ခုမှ သူ့ရင်ထဲမှာ မထားခဲ့။ အဆိုးရွားဆုံးသော ဝေဒနာခံစားမှုအပိုင်းကို ဖြတ်ကျော်လာခဲ့ရပြီးနောက်မှာ အရာရာ သွေးအေးငြိမ်သက်လျက်။ ခံစားချက်မဲ့သွားကာ ဘာကိုမှ အာရုံမထားတတ်တော့။

ဟောဝန်သာ စိတ်ဆိုးတတ်သည့် မိန်းကလေးဆိုလျှင် ရန်အောင်မောင်မောင် ပြောဆိုဆက်ဆံပုံကြောင့် နောက်တစ်ကြိမ်ထပ်တွေ့လျှင်တောင် မသိသလို ဟန်ဆောင်နေမည်ထင်သည်။

အခုတော့ ဟောဝန်က ရန်အောင်မောင်မောင် ထင်သလို မဟုတ်။ ခံစားမှုအားလုံး လျစ်လျူရှုထားသည့် သူ့ကို အမျက်ဒေါသမထား။ တကယ့်သီဟောင်းကျွမ်းဟောင်းတစ်ယောက်ပမာ ခင်မင်ရင်းနှီးစွာ ပြောဆိုဆက်ဆံသည်။ ဂရုစိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲက ရန်အောင်မောင်မောင်က ဟောဝန်နှင့် မိတ်ဆွေမဖြစ်ချင်ပါဟု အတိအလင်း ကြေညာလိုက်တော့ ဟောဝန့်ရင်ထဲဘယ်လိုခံစားသွားရသည်မသိ။

မျက်ရည်တွေနှင့် သူ့ကို ရန်တွေ့စကားဆိုလာသည့် ဟောဝန်မျက်နှာလေးက ရန်အောင်မောင်မောင့် နှလုံးသားတစ်နေရာမှာ စွဲငြိထင်ကျန်ခဲ့သည်။

ကိုယ့်လိုလူတစ်ယောက်အပေါ်မှာ ဘာလို့ ငြိတွယ်ချင်ရတာလဲ မိန်းကလေးရယ်။

ကိုယ့်ဘဝနဲ့ကိုယ်ပဲ နေပါရစေ။

ကိုယ့်ကြောင့် မင်းအပါအဝင် တခြားဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်တာ စစ်မှန်တဲ့ ကိုယ့်ရင်ထဲက စေတနာပါကွယ်။

အဖြစ်အပျက်တွေက တိုက်ဆိုင်ချင်လာတော့လည်း တစ်ခုပြီးတစ်ခု။ တစ်ညလုံး အိပ်မပျော်နိုင်ဘဲ လေသာဆောင်မှာ ထွက်ထိုင်မိရာက အအေးမိပြီး ဖျားသည်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တာနှင့် နီးရာဆေးခန်းတစ်ခုမှာ ဝင်အပြ လေယာဉ်ပေါ်မှာ သူနဲ့တွေ့ခဲ့သည့် ဟောဝန်ဆိုသည့် မိန်းမလှလေးက ဆရာဝန်ဖြစ်နေသည်။





အန်ကယ်ဟု သူ့ကိုခေါ်ပြီး ဝမ်းသာပျော်ရွှင်သွားသည့် မျက်နှာလေးကို ဘာတစ်ခုမှ ခံစားချက်မရှိသော အေးစက်စက်နှလုံးသားဖြင့် လက်ခံတုံ့ပြန်ခဲ့ပေမယ့် ဟောဝန်က သူ့အပြုအမူတွေကို ဂရုမစိုက်။

သူမပြုမူပြောဆိုနေကျအတိုင်း သာမန်လူတစ်ယောက်လိုပဲ ပြောဆိုဆက်ဆံသည်။ ဒီမိန်းကလေး အမှတ်မရှိဘူးလားလို့ ထင်စရာရှိပေမယ့် လှပခြင်းနှင့် ထက်မြက်ခြင်းတို့ ပေါင်းစပ်ထားသည့် ဟောဝန်မှာ တစ္ဆတ်ထိုးဆန်သော ခေါင်းမာတတ်သည့် စိတ်လေးရှိတာ လှမ်းမြင်နေရသည်။

နောက်ရက် ဟောဝန်ထိုင်သည့် ဆေးခန်းကို မသွားတော့သလို ဘယ်ဆေးခန်းမှလည်း မပြဖြစ်။ တစ်ယောက်တည်း ပေပြီးကျိတ်ခံနေရာက စောမိုးဇက်တို့လင်မယား သိသွားပြီး အဖျားကြီးနေသည့် သူ့အတွက် ဆရာဝန်သွားပင့်လာသည်။

ထိုဆရာဝန်က တခြားသူမဟုတ်ဘဲ ဟောဝန်ကိုယ်တိုင်ဖြစ်နေသော ကံကြမ္မာကို ရန်အောင်မောင်မောင် ဘယ်လိုမှ လွန်ဆန်ခွင့်မရ။ ဟောဝန်က သူ့အတွက် ခြေကြွခလုံးဝမယူဘဲ စောမိုးဇက်တို့လင်မယား ကျွေးပ်ရုံ ဆေးဖိုးလောက်သာယူပြီး ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ပန်းဟောဝန်က မင်းရဲ့မိတ်ဆွေလားမောင်မောင်၊ ကောင်မလေးက တော်တော်လှတယ်၊ မင်းကိုလည်း ဂရုစိုက်တယ်၊ သူ့ပုံစံလေးက ကြင်နာတတ်မယ့်ပုံပဲ''

စောမိုးဇက်က ဟောဝန့်အပေါ်မှာ ဝေဖန်မှုတွေ အများကြီး ပြောပေမယ့် သူကတော့ မတုန်မလှုပ်။

''ခြေကြွခလည်း လုံးဝမယူဘူး၊ မင်းမိတ်ဆွေဆိုရင် အိမ်မှာ ထမင်းစားဖိတ်ကွာ၊ ငါတို့လင်မယား စီစဉ်လိုက်မယ်''

''မလိုပါဘူး''

''ဘာကိုမလိုတာလဲ''

''ကိုယ် ဘယ်သူနဲ့မှ စကားမပြောချင်ဘူး''

သူ့အဖြေကို စောမိုးဇက် သဘောမကျသော်လည်း ဘာမှ တော့မပြော။ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားသလို အကြာ ကြီး ငြိမ်နေပြီးမှ ရန်အောင်မောင်မောင်မျက်နှာကို တစ်ချက်လှမ်း ကြည့်သည်။

''အေးလေ…မင်းစိတ်ချမ်းသာမယ်ဆိုရင် ပြီးတာပါပဲ''

စောမိုးဇက်စကားက သူ့ကို တမင်အလျှော့ပေးလိုက်သည့် စကားမှန်း ရန်အောင်မောင်မောင် သိပါသည်။ တစ်ခုသေချာသည်





က ရန်အောင်မောင်မောင်ဆိုသည့် သူ့ထံမှ ပျော်ရွှင်ခြင်း၊ စိတ်ချမ်းမြေ့ခြင်းဆိုသော အရာများ ရှာဖွေလို့မရအောင် ပျောက်ဆုံး နေခြင်းကို သူသိသလို သူနှင့်သက်ဆိုင်သော ပတ်ဝန်းကျင် အသိုင်း အဝိုင်းအားလုံး သိနေခြင်းပင်။

''မင်း…ဘယ်လိုလုပ်လိုက်တာလဲ မောင်မောင်''

မိုးကောင်းကင်ကြီးကို တစ်ယောက်တည်း အဓိပ္ပာယ်မဲ့ငေး ကြည့်နေချိန်မှာ စောမိုးဇက် မျက်စိမျက်နှာပျက်နှင့် ရန်အောင်မောင် မောင်ရှေ့ အပြေးအလွှား ရောက်လာသည်။

''ကိုယ်ဘာလုပ်လို့လဲ''

''မင်းကြောင့် မိန်းမလှလေးတစ်ယောက် မျက်ရည်ကျရ တာမြင်ရင် မင်းပျော်နိုင်လား''

''ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းဆိုတာ ကိုယ့်ဘဝနဲ့မသက် ဆိုင်ခဲ့တာ ကြာပြီပဲ မိုးဇက်''

''ဟုတ်ပြီ၊ မင်းဘဝနဲ့ မသက်ဆိုင်တဲ့၊ မရှိတော့တဲ့အရာ တွေကို ငါမပြောဘူး၊ ဒါပေမယ့် မင်းမှာ ခံစားချက်မရှိတိုင်း တခြားသူတွေကိုလည်း မင်းလိုထင်ရင် သိပ်မှားသွားမှာပေါ့ကွာ၊ အထူးသဖြင့် ပန်းဟောဝန်''



www.burmeseclassic.com

www.burmeseclassic.com



"မင်းအပေါ်မှာ သူ သံယောဇဉ်တော်တော်ကြီးတယ်ဆိုတာ ငါသိတယ်၊ မင်း သူ့ကို ဘာပြောလိုက်ဘာလဲ"

"ကိုယ် ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူးလို့ ပြောလိုက်တယ်"

"မင်းကွာ…ဒီလောက်တောင် ပတ်ဝန်းကျင်နဲ့ ကင်းကွာနေချင်ရက်နဲ့ ဘာလို့ ပန်းဟောဝန် ဒုက္ခရောက်နေချိန်မှာ သွားဝင်ကူညီရတာလဲ"

"ဖြစ်ချင်ရာဖြစ် ကိုယ်နဲ့ဘာမှမဆိုင်ဘူးဆိုပြီး ဥပေက္ခာပြုလျစ်လျူရှုထားလိုက်ပါလား၊ ပြီးတော့ ကိုယ်ခံပညာလည်း ဘာတစ်ခုမှ တတ်တဲ့သူလည်း မဟုတ်ဘဲနဲ့"

စောမိုးဇက်စကားအောက်မှာ ရန်အောင်မောင်မောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ စောမိုးဇက် ပြောသလို ကိုယ်ခံပညာလည်း မတတ်။ ပန်းဟောဝန်ကို လူဆိုးလေးတစ်ယောက် နှောင့်ယှက်နေတာ မြင်လိုက်ပေမယ့် သူ့ရင်ထဲ ဘာခံစားမှုမှမရှိ။ ဒီအတိုင်း ခံစားချက်မဲ့ အေးစက်စက်မျက်လုံးတွေနဲ့ ကြည့်နေခဲ့သည်။

ပန်းဟောဝန်နှင့် ကောင်လေးက ရန်အောင်မောင်မောင်ကို

စိုးမိုး ၀၁၆၀



မမြင်။ ကိုယ့်ဓာ ကိုယ့်အာရုံနှင့် ရုန်းရင်းဆန်ခတ်ဖြစ်နေရာက ကောင်လေးက ပိုရဲတင်းလာချိန်မှာ သူငြိမ်နေလို့မရတော့။ ကိုယ်တိုင်ဝင်ပါဖို့ ဖြစ်လာသည်။

ရန်အောင်မောင်မောင်ကို မြင်တော့ အံ့သြဝမ်းသာသွားသည့် ပန်းဟောဝန်မျက်နှာလေးကို ဖျတ်ခနဲ ပြန်မြင်ယောင်မိသလို သူ့ကို အားကိုးတကြီး ခေါ်လိုက်သည့်အသံချိုချိုလေးကို ပြန်ကြားမိ၏။

"အန်ကယ်"

ပန်းဟောဝန်ဆိုတဲ့ မိန်းမလှလေးရယ်။

"မင်း ပန်းဟောဝန်ကို ပြန်တောင်းပန်လိုက် မောင်မောင်၊ မင်းကြောင့် သူဘယ်လောက်ရှက်သွားမယ်၊ ခံစားသွားရမယ်ဆိုတာ မင်း မတွေးဘူးလား"

"ကိုယ်တစ်ယောက်တည်း နေချင်တယ် စောမိုးဇက်"

ထိုစကားကို သူ့ရင်ထဲက ခံစားရသည့်အတိုင်း အမှန်ပြောခြင်းဖြစ်သော်လည်း စောမိုးဇက်က သူ့စကားကို လက်မခံပါ။

"အခုကိစ္စက မင်းဘာသာ တစ်ယောက်တည်းနေခြင်း၊ မနေခြင်းနဲ့ မဆိုင်ဘူး ရန်အောင်မောင်မောင်၊ ဘာမှအပြစ်မရှိတဲ့

စိုးမိုး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ဂုဏ်သိက္ခာနဲ့ပဲဆိုင်တယ်''

''မင်းကို ငါကိုယ်တိုင် ပန်းဟောဝန်ဆီ လိုက်ပို့မယ်၊ မင်း သူ့ကိုတောင်းပန်လိုက်''

''ကိုယ်မသွားချင်ဘူး စောမိုးဇက်''

''လာစမ်းပါကွာ၊ မင်းကြောင့် ဘာအပြစ်မှမရှိတဲ့ မိန်းကလေးတစ်ယောက် မျက်ရည်ကျရတာ မကောင်းပါဘူး''

စောမိုးဇက်က ဇွတ်တရွတ် ရန်အောင်မောင်မောင် ငြင်းဆန်နေသည့်ကြားက ပန်းဟောဝန်ရှိရာကို သူ့ကားနှင့် ခေါ်သွားသည်။

''ရော့…ဒီမှာကားသော့''

''မင်းဘာသာ ကောင်မလေးနဲ့ အဆင်ပြေအောင်ကြည့်ဖြေရှင်းခဲ့၊ ငါတော့သွားပြီ''

''စောမိုးဇက်''

ရန်အောင်မောင်မောင် လက်ထဲကို သူ့ကားသော့ထည့်ပေးခဲ့ပြီး စောမိုးဇက် နေရာက ထွက်သွား၏။ လှမ်းခေါ်ပေမယ့် ပြန်လှည့်မကြည့်တော့။ ရန်အောင်မောင်မောင်မှာသာ စောမိုးဇက် ဇွတ်ခေါ်၍ ရောက်လာရသည့် ပန်းဟောဝန်ရဲ့အိမ်ရှေ့မှာ လက်ထဲက





ကားသော့ကို ဆုပ်ကိုင်ရင်း တွေဝေငေးငိုင်စွာ ရပ်ကျန်ခဲ့သည်။

သူဘာဆက်လုပ်ရမည်နည်း။

ထိုအမေး၏အဖြေကို ရန်အောင်မောင်မောင် ကိုယ်တိုင်တိကျရေရာစွာ ဖြေဆိုနိုင်ခြင်းမရှိ။ တိတ်ဆိတ်ငြိမ်သက်နေသော ပန်းဟောဝန်နေသည့် တစ်ထပ်တိုက်လှလှလေးရှိရာ ငေးကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။

သစ်ပင်ပန်းပင်တို့ စိမ်းလန်းလှပနေသော တစ်ထပ်တိုက်ပြာပြာလေးမှာ ပန်းဟောဝန်ဆိုသည့် မိန်းမလှလေးရှိနေသည်။ ပြီးတော့ ထိုမိန်းမလှလေးက ရန်အောင်မောင်မောင်ဆိုသည့် သူ့အပေါ်မှာ သံယောဇဉ်ငြိတွယ်လျက် သူ့ကြောင့် မျက်ရည်ကျခဲ့ရသူ။

အေးစက်သော ခံစားချက်မဲ့ မျက်ဝန်းအကြည့်တွေနှင့် ပန်းဟောဝန်ရှိနေသည့် တိုက်ပြာလေးကိုကြည့်ပြီး သက်ပြင်းချလိုက်သံက ဘယ်နကြိမ်မြောက်မှန်းမသိ။

ကိုယ်တစ်ယောက်တည်း နေပါရစေလား ကလေးရယ်။

ကိုယ့်ဘဝ၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်နှလုံးသားဟာ ပန်းဟောဝန်နဲ့ ဘယ်လိုမှ မသက်ဆိုင်၊ မပတ်သက်သင့်တဲ့ နေရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ။

"ဟင်…ဦးမောင်"

အိမ်ရှေ့မှာ မြင်လိုက်ရသည့် ရန်အောင်မောင်ရဲမောင်ကြောင့် ဝမ်းနည်းကြေကွဲနေသည့် ပန်းဟောဝန် နှလုံးသားလေး ထိတ်ခနဲ လှုပ်ခတ်သွား၏။

သူဘာယ်လိုလုပ်ပြီး ပန်းဟောဝန်အိမ်ရှေ့ကို ရောက်လာရတာလဲ။ စောစောကပဲ ပန်းဟောဝန်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူးလို့ စိမ်းကားရက်စက်စွာ ပြတ်ပြတ်သားသား ငြင်းခဲ့သည့်လူက အခု ပန်းဟောဝန်အိမ်ရှေ့မှာ ကျောက်ရုပ်ချထားသလို မားမားကြီးရပ်လျက်။

အေးစက်စက် မျက်လုံးအစုံနဲ့ ပန်းဟောဝန်နေသည့် တိုက်အိမ်ပြာပြာလေးကို ကြည့်နေသည်။ ပန်းဟောဝန် အသံမပေးဘဲ လိုက်ကာဖြူဖြူလေးနောက်က အသာငြိမ်ပြီး ကြည့်နေလိုက်သည်။

သူ့ကြောင့် ပန်းဟောဝန် ငိုခဲ့ရသည်။

သူစိမ်းယောကျ်ားတစ်ယောက်အတွက် ပန်းဟောဝန်ဘဝမှာ ဒါပထမဆုံးအကြိမ် နာကျင်ရှက်ရွံ့သော ခံစားမှုတွေနှင့် ဝမ်းနည်း





ကြေကွဲရခြင်းဖြစ်သည်။

အိမ်အပြန် လမ်းတစ်လျှောက်မှာ ရန်အောင်မောင်မောင်ဆိုသည့် လူကြီးနဲ့ နောက်ဘယ်တော့မှ မပတ်သက်တော့ဟု ကိုယ့်စိတ်ကိုယ် ပန်းဟောဝန် ပိုင်ပိုင်ဆုံးဖြတ်ခဲ့သည်။ အခုလို ပန်းဟောဝန် အိမ်ရှေ့ကို ရန်အောင်မောင်မောင် ကိုယ်တိုင်ရောက်လာတော့ ခိုင်မာစွာချထားသော ပန်းဟောဝန်ဆုံးဖြတ်ချက်လေး ယိမ်းယိုင်ပျက်ပြယ်သွားသည်။

ပန်းဟောဝန် ကြည့်နေတုန်း ရန်အောင်မောင်မောင်က လက်ထဲက ကားသော့ကို ငုံ့ကြည့်ပြီး ပန်းဟောဝန် အိမ်ရှေ့ တိုက်ပြာလေးကို စတင်ကျောခိုင်းလိုက်တာမို့ ပန်းဟောဝန်ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။

ပန်းဟောဝန်အိမ်ရှေ့က သူပြန်တော့မည်။

ပန်းဟောဝန် ဘာလုပ်ရမှန်းမသိ။

မပြန်ပါနဲ့လို့ လိုက်ခေါ်ရမှာလား။

သူဘာသာ ပြန်ပြန်မပြန်ပြန် ဂရုမစိုက်ဘဲ နေလိုက်ရမည်လား။

ကိုယ့်ကိုယ်ကို ဘာလုပ်ရမှန်းမသိသေးခင် ပန်းဟောဝန်



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ အသင့်ရှိနေသည့် ရေပန်းကရားလေးကို ဆွဲယူပြီး အိမ်ရှေ့သို့ ထွက်လိုက်မိတာ ရန်အောင်မောင်မောင်ဆိုသည့်သူ ပန်းဟောဝန် အိမ်ရှေ့က ထွက်သွားမှာ စိုးရိမ်လို့ဆိုတာ။

"ပန်းဟောဝန်"

သူ့အသံက အေးစက်စက် မတိုးမကျယ်။ ဒါပေမယ့် ပီသကြည်မြနေ၍ တိတ်ဆိတ်သောဝန်းကျင်မှာ ကောင်းစွာကြားနိုင်ပါသည်။ ပန်းဟောဝန်နောက်ကို လှည့်ကြည့်လိုက်တော့ အိမ်ပေါက်ဝမှာ ရပ်နေသည့် ရန်အောင်မောင်မောင်နှင့် အကြည့်ချင်း ဆုံသွားသည်။

"ကိစ္စရှိလို့လား အန်ကယ်"

"ကိုယ်တောင်းပန်ပါတယ်"

ပန်းဟောဝန် သူ့ရှေ့ကို ရောက်သွား၏။

"ဟောဝန်ကို ဘာအတွက် တောင်းပန်တာလဲ အန်ကယ်"

"ကိုယ်ပြောမိတဲ့အတွက်ပါ၊ ကိုယ်ဆိုလိုတာက ကိုယ့်လို အထီးကျန်ဘဝသမားတစ်ယောက်နဲ့ ဆက်စပ်ပတ်သက်မိတဲ့သူ မှန်သမျှ ဘယ်သူမှ စိတ်ချမ်းသာနိုင်မှာမဟုတ်ဘူး"

"ဒါက အန်ကယ့်အထင်ပါ"





"အန်ကယ်နဲ့ပတ်သက်ပြီး စိတ်ချမ်းသာတယ်၊ စိတ်မချမ်းသာဘူးဆိုတာ အန်ကယ်ဆုံးဖြတ်ရမှာ မဟုတ်ပါဘူး၊ ကာယကံရှင်ကသာ သူ့ဘာသာသူ ဆုံးဖြတ်ရမှာပါ"

ပန်းဟောဝန်ထံမှ အဖြူရောင်နှင်းဆီပွင့်လေးထံ ရန်အောင်မောင်မောင် အကြည့်က ဖျတ်ခနဲ ရောက်သွား၏။

"အန်ကယ်"

ဟောဝန့်ခေါ်သံကြောင့် ရန်အောင်မောင်မောင် အကြည့်တွေ ဖျတ်ခနဲ ရောက်လာ၏။ နှစ်ယောက်အကြည့်ချင်းအဆုံမှာ ရန်အောင်မောင်မောင်မှာ သာမန်မဟုတ်သည့် အရိပ်တချို့ ဖြတ်ပြေးသွား၏။

ထိုအတူ အလွန်တရာ နူးညံ့သိမ်မွေ့သော လှုပ်ရှားမှုတစ်ရပ် သူ့ရင်မှာ ထူးဆန်းစွာ ဖြစ်ပေါ်လှုပ်ခတ်သွားတော့ အနည်းငယ် အံ့ဩသွား၏။

ရန်အောင်မောင်မောင်ဘဝမှာ ဘယ်သောအခါမှ ပြန်လည်ရယူရှာဖွေတွေ့နိုင်တော့မှာ မဟုတ်တော့ဟု ထင်ထားသော အရာတစ်ခု။ သူ့ရင်ထဲ ဖျတ်ခနဲရောက်လာတာလည်း တကယ့်ကို မယုံနိုင်စရာဖြစ်သည်။

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဟောဝန်ကို တောင်းပန်ဖို့သက်သက် ဒီကိုလာတာဆိုရင် အန်ကယ်ပြန်လို့ရပါပြီ''

''ကောင်းပြီ''

ပန်းဟောဝန်ကို တစ်ချက်ကြည့်ပြီး နှုတ်ဆက်ခြင်းမပြုဘဲ ကျောခိုင်းသွားသော ကျောပြင်ကိုကြည့်ပြီး ဟောဝန်မှာ ထပ်ပြီး စိတ်ဆိုးရခက်၊ ဒေါသဖြစ်ရခက်နှင့် ဘာဆက်လုပ်ရမှန်းမသိ။

''ဒီမှာ အန်ကယ်''

ပန်းဟောဝန်ကပဲ သူ့ကိုထပ်ခေါ်မိပြန်တော့ သူက ပန်းဟောဝန်ကို လှည့်ကြည့်သည်။

''ဟောဝန်တို့က အခုဘာလဲ''

''ဗျာ''

''မိတ်ဆွေဖြစ်သွားပြီလားလို့ မေးတာ''

ချစ်စရာကောင်းအောင် မူနွဲ့စူချိတ်လိုက်သော ပန်းနုရောင်နှင်းဆီဖူးနှုတ်ခမ်းလှလှလေးကို စိုက်ခနဲ ငေးကြည့်မိတာကို ချက်ချင်းအကြည့်လွှဲလိုက်သည်။

''ကိုယ့်သဘောကို မေးတာလား''

''ဟုတ်တယ်''





''မင်းသဘောအတိုင်းဆိုရင်ရော''

ပန်းဟောဝန့်ထံမှ လှပဝိုင်းစက်သော မျက်ဝန်းနက်နက်လေးများက ရန်အောင်မောင်မောင်၏ ခံစားမှုမဲ့သောမျက်နှာကို သေချာစူးစိုက်ကြည့်လိုက်၏။

ဘယ်သူမှ အကြည့်ကိုမလွှဲ။

ဟောဝန်သာ စိတ်ဆိုးတတ်သော မိန်းကလေးဆိုရင် ရန်အောင်မောင်မောင် ဆက်ဆံပုံမှာ ဘယ်လိုမှ သည်းခံနိုင်စရာမရှိ။ သို့သော် ဟောဝန်က ရန်အောင်မောင်မောင်ဆိုသည့် သူ့ကို စိတ်ဝင်စားနေသူဆိုတော့ သူမစိတ်ကို တစ်ထစ်မက လျှော့ချလိုက်သည်။

''ဟောဝန့်သဘောဆိုတာ သေချာတယ်နော် အန်ကယ်''

''အင်း''

''ဒါဆို ဟောဝန်တို့နှစ်ယောက် အခုချိန်ကစပြီး မိတ်ဆွေဖြစ်သွားပြီ၊ ဟောဝန့်ကို အန်ကယ် ကော်ဖီလိုက်တိုက်ပါ''

''ကိုယ်က''

''ဟုတ်တယ်''

ရန်အောင်မောင်မောင် နှုတ်ခမ်းမှာ အပြုံးတစ်စ လှစ်ခနဲ ဖြစ်သွားသလားဟု ထင်လိုက်မိပေမယ့် ဟောဝန် ဝေခွဲမရလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံသွားရဦးမှာ မဟုတ်လား"

သူ့အသံက အေးစက်စက်။

"ဒီနေ့ ဟောဝန် နိုက်ဂျူတီ"

"နာရီဝက်လောက်တော့ ကိုယ့်မှာ အချိန်ရပါတယ်"

ရန်အောင်မောင်မောင်၏ လက်ကနာရီကို တစ်ချက်ငုံ့ကြည့်၍ ဟောဝန်ကို ပြောခြင်းဖြစ်သည်။

ဖြစ်ရလေ ပန်းဟောဝန်ရယ်ဟု စိတ်ထဲက ကျိတ်ညည်းလိုက်မိ၏။

ဒါထက်ပိုပြီးတော့လည်း ဟောဝန် မညည်းတတ်တော့ပါ။ ရန်အောင်မောင်မောင်ကိုယ်တိုင် မောင်းသည့်ကားပေါ်မှာ အမျိုးမျိုးသော ခံစားချက်တွေနှင့်အတူ လိုက်ပါလာရင်း ဝန်ဇင်းဝဋ်တွေ ဒီနေ့ကစ လည်တာပဲဟု တွေးဖြစ်အောင်တွေးလျက် သက်ပြင်းကို ခပ်ဖွဖွချလိုက်သည်။

❖ ❖ ❖



## အခန်း (၉)

ဖြူဖွေးသော ပတ်တီးစများကို တစ်ရစ်ပြီးတစ်ရစ် နူးညံ့သိမ်မွေ့စွာ လှုပ်ရှားစည်းနှောင်ပေးနေတာကို သိပေမယ့် ရန်အောင်မောင်မောင်က မျက်လုံးအစုံကို ဖွင့်မကြည့်။ မျက်ဝန်းအစုံကို မှေးမှိတ်လျက် တိတ်ဆိတ်ငြိမ်သက်နေ၏။

ဆေးနံ့နှင့်အတူ သူ့ထံ လွင့်ပျံ့ရောက်ရှိလာသည့် ချိုအီသော ကိုယ်ရနံ့နှင့် သင်းပျံ့လတ်ဆတ်သော သနပ်ခါးရနံ့ကို မရှူရှိုက်မိစေရန် အသက်ကို အောင့်ထားသော်လည်း မရ။ ကြာရှည်မွန်းကြပ်မှုကို မခံနိုင်သဖြင့် ချိုအီသော မွှေးရနံ့ကို ရှူရှိုက်လိုက်မိ၏။

ကိုယ့်ဘာသာ ပတ်တီးစည်းပါရစေဆိုတာလည်း မရ။



www.burmeseclassic.com

www.burmeseclassic.com



အနှာသက်သာပါပြီလို့ ပြောလည်း နားမထောင်။ ပန်းဟောဝန်က ရန်အောင်မောင်မောင် ဘာပြောပြော ဂရုမစိုက်။ သူလုပ်ချင်တာ၊ သူဖြစ်ချင်တာကိုသာ တဇွတ်ထိုးလုပ်တတ်သည့် ကလေးမလေး အဖြစ် သူမနှင့် ရန်အောင်မောင်မောင် မိတ်ဆွေဖြစ်သွားပြီဆိုသည့် စကားလေးတစ်ခွန်းတည်းနှင့် သူမဖြစ်ချင်တာကို ဖြစ်ခွင့်ရအောင် ဖန်တီးယူတတ်သူဖြစ်သည်။

တဇွတ်ထိုးစိတ်။

ထိုစိတ်ကြောင့်လည်း ရန်အောင်မောင်မောင်လို ဘာခံစားချက်မှမရှိဘဲ အရာအားလုံးကို လျစ်လျူရှုထားသည့် ဆက်ဆံပေါင်းသင်းရခက်သည့် လူတစ်ယောက်အပေါ်မှာ ဤမျှ သည်းခံနိုင်ခြင်း ဖြစ်သည်။

အေးစက်နေသည့် သူ့နှလုံးသားကို နွေးထွေးလှုပ်ခတ်စေဖို့ ကြိုးစားနေသည့် ပန်းဟောဝန်ဆိုသည့် မိန်းမလှလေးကို ရန်အောင်မောင်မောင်နှာက အဝေးကို ထွက်သွားအောင်လည်း သူ မစွမ်းဆောင်နိုင်တော့ပါ။

ပန်းဟောဝန်ဆိုသည့် ဒေါက်တာမလှလှလေးက ရန်အောင်မောင်မောင် ဘာပြောပြော၊ ဘာလုပ်လုပ် ဝိုင်းစက်လှပသည့်





မျက်ဝန်းကြီးများဖြင့် နူးညံ့သိမ်မွေ့စွာ ငေးကြည့်နေရုံမှတစ်ပါး။

''ကဲ...ပတ်တီးစည်းလို့ ပြီးသွားပါပြီရှင်''

စေ့ပိတ်ထားသည့် မျက်ဝန်းအစုံကို ဖြည်းဖြည်းချင်းအဖွင့်မှာ ပြုံးနေသည့် မျက်နှာလှလှလေးကို အရင်ဆုံး မြင်လိုက်ရ၏။

''အနာမြန်မြန်ကျက်သွားအောင် ဆေးထိုးရမယ်နော် အန်ကယ်''

စကားအဆုံးမှာ နော်ထည့်ပြောပြီး ဆေးမထိုးချင်သည့် ရန်အောင်မောင်မောင်ကို ကလေးတစ်ယောက်လို ပြန်ချော့နေသူထံ ဖျတ်ခနဲ အကြည့်ရောက်သွားသည်။

''သောက်ဆေးပဲ ပေးခဲ့ပါ၊ ကိုယ် ဆေးမထိုးချင်ဘူး''

''အရင်ဆေးတွေ အန်ကယ် မသောက်ဘူးနော်''

''ဘယ်သူပြောလဲ''

''ဟောဝန် သိတာပေါ့၊ ဟောဝန် ပေးထားတဲ့ဆေးတွေ ဟောဝန် မှတ်မိတယ်''

သူ သက်ပြင်းချလိုက်သည်။

ဤကလေးမနှင့်တော့ မလွယ်။

စားပွဲပေါ်မှာ သူမသောက်ဘဲ ပစ်ထားသည့် ဟောဝန့်ဆေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို မြင်သွား၍ ထပ်ငြင်းလို့မရဘဲ ဖြစ်သွားသည်။

"အန်ကယ်ကို ဟောဝန်ကိုယ်တိုင် ဆေးတိုက်ခဲ့မယ်နော်"

"ကိုယ့်ဘာသာ သောက်ပါ့မယ်"

ကလေးတစ်ယောက်လို ဆေးတိုက်ဖို့ ကြိုးစားနေတာကို လက်မခံဘဲ ဟောဝန့်လက်ထဲက ဆေးကို ရန်အောင်မောင်မောင် လှမ်းယူပေမယ့် ဟောဝန်က မပေး။

"ဟောဝန်ကိုယ်တိုင် တိုက်မယ်လို့ ပြောပြီးပြီလေ၊ အန်ကယ်က နားထောင်မှပေါ့"

"မလုပ်ပါနဲ့ဗျာ၊ ကိုယ်က လူမမာမဟုတ်ဘဲ ကိုယ့်ဆေး ကိုယ်ယူသောက်နိုင်ပါတယ်"

"ဒါဆို ဟောဝန်ရှေ့မှာပဲ သောက်ရမယ်၊ ဟောဒီမှာ ရေနဲ့ ဆေး"

အမြဲထာဝရ တည်ငြိမ်အေးစက်သော မျက်နှာမှာ ဘာခံစားချက်ကိုမှ ရှာမတွေ့သော်လည်း ဒီတစ်ကြိမ်မှာတော့ ရန်အောင်မောင်မောင် ဖြူသောမျက်နှာ အနီရောင်ပြောင်းလျက် ဟောဝန့်မျက်နှာကို အေးစက်စွာ လှမ်းကြည့်သည်။

"ကိုယ့်ဆန္ဒမပါဘဲ မင်းဖြစ်ချင်တာကိုပဲ ပြောနေတော့မှာ





လား ပန်းဟောဝန်"

"အန်ကယ်"

ဟောဝန် ခေါ်ပေမယ့် ရန်အောင်မောင်မောင်က လှည့် မကြည့်။ ဟောဝန်ကို ကျောခိုင်းပြီး ပြတင်းပေါက်မှာ ကျောခိုင်း လျက် ရပ်နေ၍ ဟောဝန့်ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းသွား၏။ ဟောဝန့် စိတ်ထဲမှာ ရန်အောင်မောင်မောင်နှင့် အကျွမ်းတဝင် တရင်းတနှီး ရှိသလောက် သူ့ဘက်က တုံ့ပြန်ပုံက စိမ်းကားမှုတွေနှင့် ရက်စက် ရင့်သီးလွန်းသည်။

ဟောဝန် ဘာမှမပြောဘဲ ဆေးတွေကို စားပွဲပေါ်တင်လိုက် သည်။ ဟောဝန့်အပေါ်မှာ ဘာလို့များ သူ့ဘက်က ဒီလောက် အေးစက်နေရတာပါလိမ့်။

"အန်ကယ်"

ရန်အောင်မောင်မောင် နောက်ပါးမှာ နီးကပ်စွာရပ်ရင်း ဟောဝန် သူ့ကိုခေါ်လိုက်တော့ ခံစားမှုမဲ့သော မျက်လုံးများဖြင့် သူက ဟောဝန်ကို လှည့်ကြည့်သည်။

"ဆောရီး အန်ကယ်၊ ဟောဝန် မှားသွားတယ်"

ပြောရင်း ဟောဝန့်ရင်ထဲ နင့်ခနဲ ကြေကွဲသွားကာ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်တက်လာ၏။

ဟောဝန်ကို မပတ်သက်ချင်၍ ကင်းကင်းပြတ်ပြတ် ရက်ရက်စက်စက်စိမ်းကားစွာ နေသူကိုမှ တွယ်ငြိမိသော ဒေဟာဝန့်အဖြစ်မှာ ရန်အောင်မောင်မောင်ဘက်က ဒီထက်မက ပိုပြီးတုံ့ပြန်လာရင်လည်း ကျေကျေနပ်နပ် လက်ခံရုံအပြင် တခြားမရှိ။

ဒါကိုသိရက်နဲ့ သူ့အနားမှာပဲ တစ်ဖဝါးမခွာနေချင်သော ဟောဝန်မှာသာ အပြစ်ရှိသူ။

"ဟောဝန် ပြန်တော့မယ် အန်ကယ်"

"ကောင်းပြီ"

ဒုတိယအကြိမ် ဟောဝန့်နှလုံးသားထဲ နင့်နဲ့စွာကြေကွဲသွား၏။ ဦးမောင်မှာ ကောင်းပြီဆိုတဲ့ စကားအပြင် ဟောဝန့်အတွက် တခြားပြောစရာမရှိတော့ဘူးလား။ ရန်အောင်မောင်မောင်ဘက်က စိမ်းကားအေးစက်သော အပြုအမူ အပြောအဆိုတွေကို ဟောဝန့်ရင်ထဲ မခံစားနိုင်၍ သူနဲ့ နောက်ထပ် ဘယ်တော့မှ မပတ်သက်တော့ပါဟု အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့ပေမယ့် ထိုဆုံးဖြတ်ချက်တို့က လက်တွေ့မှာ ဘာတစ်ခုမှ အရာမထင်ခဲ့ပါ။

အမှတ်သည်းခြေမရှိသော ဟောဝန်က ရန်အောင်မောင်

စိုးမိုး ၈၁၈၀



မောင်ဆိုသည့် ဦးမောင်နှင့် ပတ်သက်တိုင်း နှလုံးသားတစ်ခုလုံး အကွဲကြေခံပြီး မိုက်မဲဖို့ ကြိုးစားနေခဲ့။ ဆေးအိတ်ကိုဆွဲပြီး လာရာလမ်းအတိုင်း ပြန်မည်အလုပ်မှာ ဟောဝန့်နားကို ရန်အောင်မောင်မောင် ရောက်လာပြီး ဟောဝန့်လက်ထဲက ဆေးအိတ်ကို ယူလိုက်၏။

"ကိုယ်လိုက်ပို့မယ်"

"အန်ကယ်နေခဲ့ပါ၊ ဟောဝန့်ဘာသာ ပြန်မယ်"

သူက ဟောဝန့်စကားကို မကြားသလို ဟောဝန့်လက်ထဲက ဆေးအိတ်ကိုယူပြီး ဟောဝန်ရှေ့က ဦးဆောင်ထွက်သွားတာမို့ ရန်အောင်မောင်မောင် ကျောပြင်ကို တစ်ချက်ကြည့်ပြီး သူ့နောက်က အတူလိုက်ခဲ့ရသည်။

"ပြန်တော့မလို့လား ညီမလေး"

"ဟုတ်ကဲ့ မမ"

"ဟောဝန် ခွင့်ပြုမယ်ဆိုရင် ဟောဝန့်ကို မမအိမ်မှာ ထမင်းစားဖိတ်ပါရစေကွယ်၊ လာမယ့် ဆန်းဒေးဆို ဟောဝန်ဘက်က အဆင်ပြေမလား"

"ပြေပါတယ် မမ"

စိုးမိုး ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာကွယ်၊ အိမ်ကအမျိုးသားသိရင်လည်း သိပ်ဝမ်းသာမှာ၊ မမကိုယ်တိုင် အဲဒီနေ့ကြရင် လာကြိုမယ်နော် ညီမ"

"ဟုတ်ကဲ့ပါ၊ ဟောဝန်ကို ခွင့်ပြုပါဦး မမ"

"ကောင်းပါပြီကွယ်"

ဟောဝန်တို့ ကားနားအထိ စောမိုးဇက်ဇနီး ကယ်ရီလင်းကိုယ်တိုင် လိုက်ပို့ပေးပြီး လက်တပြပြနှင့် ကျန်ခဲ့သည်။ ကားပေါ်မှာ ဆိုရန်စကားမရှိသလို နှစ်ယောက်စလုံး တိတ်ဆိတ်လျက်။ ဟောဝန်မှ စကားမစလျှင် ရန်အောင်မောင်မောင်ဘက်ကစ၍ စကားဆိုမည်မဟုတ်မှန်း ဟောဝန် သိပါသည်။

"ဟောဝန်ရဲ့ အလိုက်မသိတတ်မှုတွေကြောင့် အန်ကယ်စိတ်အနှောင့်အယှက်ဖြစ်သွားရင် ထပ်တောင်းပန်ပါတယ် အန်ကယ်"

"တကယ်တော့ အန်ကယ်က ဟောဝန့်ကျေးဇူးရှင်ပါ"

"အဲဒီလိုသတ်မှတ်မယ်ဆိုရင် မင်းလည်း ကိုယ့်ရဲ့ကျေးဇူးရှင်ပဲ ပန်းဟောဝန်"

"ရှင်"





ရန်အောင်မောင်မောင် မျက်နှာကို ဟောဝန် မယုံနိုင်စွာကြည့်မိ၏။ သူ့လိုလူတစ်ယောက်ရဲ့ နှုတ်ဖျားက ဒီလိုစကားမျိုးပြောလာလိမ့်မည်လို့ ဟောဝန် မထင်ခဲ့ပါ။

ဟောဝန် ဘာလုပ်လုပ် ရန်အောင်မောင်မောင်က အမြဲလိုမသိကျိုးကျွံပြုလျက် ဥပေက္ခာပြု လျစ်လျူရှုနေခဲ့သူ။

"ကိုယ်ဖျားတုန်းက ခြေကြွခမယူဘဲ မင်း ဆေးကုပေးခဲ့တာ ကိုယ်မမေ့ဘူး ပန်းဟောဝန်"

"အန်ကယ်ရယ်"

ပထမဆုံး ရန်အောင်မောင်မောင် နှုတ်ဖျားက ဟောဝန်အမည်ကို သိမှတ်စွာ ထုတ်ဖော်ခေါ်သံကြားရခြင်းက ဟောဝန့်ရင်ကိုအတိုင်းမသိအောင် ခံစားပျော်ရွှင်သွားစေတာကို သူသိမည်မဟုတ်ပါ။

ဦးမောင် သူ ဟောဝန့်ကို မမေ့ဘူးဆိုပါလား။

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ အန်ကယ့်ဆီက ဟောဝန့်ကို အသိအမှတ်ပြုတဲ့စကား ကြားရတာ ဟောဝန် သိပ်ကိုပျော်ပါတယ်"

"ဘာကြောင့်လို့တော့ ဟောဝန်လည်း မပြောတတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အန်ကယ့်ကို မြင်မြင်ချင်း ဟောဝန့်စိတ်မှာ သိပ်ကို ရင်းနှီးနေတာ သိပ်ကိုထူးဆန်းတယ်"

"တကယ်တော့ ဟောဝန်ကိုယ်တိုင် လူတစ်ယောက်ကို အလွယ်နဲ့ ခင်တတ်သူမျိုးမဟုတ်လို့ ဒီခံစားချက်ကို ပိုပြီးအံ့သြနေမိတာလည်းပါတယ်"

သူက ဘာမှဝင်မပြောပါ။

ဟောဝန် ပြောသမျှကို ငြိမ်သက်စွာနားထောင်ရင်း ကားကိုသာ ဂရုစိုက်မောင်းနေတာနှင့် ဟောဝန် ထိုမျှသောက်ပြောပြီး ပါးစပ်ကို ပိတ်ထားလိုက်ရပါသည်။

ဒီထက်ပို ပြောမိရင် ဟောဝန့်ရင်ထဲက ခံစားချက်တွေ ပါသွားပြီး တစ်ဖက်က ဟောဝန် ငြီးငွေ့မိသမျှ ရိပ်မိသွားမှာ စိုးရိမ်မိသည်။ အိမ်ရှေ့မှာ ကားရပ်တော့ ကားပေါ်က ဟောဝန် ဆင်းလိုက်၏။

"ကျေးဇူးတင်ပါတယ် အန်ကယ်"

ဟောဝန် နှုတ်ဆက်ပေမယ့် ရန်အောင်မောင်မောင်က ခေါင်းမညိတ်ပါ။

ဟောဝန့်ကိုသာ အေးစက်သော မျက်ဝန်းအစုံဖြင့် ကြည့်နေ





သည်။

ဦးမောင်ရယ်။

ဦးမောင်ရဲ့ မျက်ဝန်းလေးတွေ နွေးထွေးလာမယ့်အချိန်ကို ဟောဝန် စောင့်နေမယ်။

နေရာက ကားလေး ဝေါခနဲ ပြေးထွက်သွားတာကို မျက်စိတစ်ဆုံး ကြည့်နေပြီးမှ သက်ပြင်းချလိုက်၏။ ဒီတစ်ခေါက် မနော ဖြူကို လာရသည့်ခရီးက အရင့်အရင်ရက်တွေတုန်းကလို ရန်အောင်မောင်မောင် ကြိုက်မှကြိုက်ပါ့မလားဟု စိုးရိမ်စိတ်တွေ ဟောဝန်မှာ မရှိတော့ပါ။

အရင်ကတော့ ရန်အောင်မောင်မောင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဟောဝန်က လူနာတစ်ယောက်ကို ဆေးကုသပေးရသည့် ဆရာဝန်တစ်ယောက်အနေနှင့် မနောဖြူကို လာခဲ့သည်။

အခုတော့ ရန်အောင်မောင်မောင်ကိုယ်တိုင် ဟောဝန့်အပေါ်မှာ နားလည်မှုရှိသွားပြီဆိုတော့ မမကာယ်ရိုလင်းကိုယ်တိုင် ဟောဝန်ကို ညစာစားဖို့ လာခေါ်ချိန်မှာ စိတ်ထဲ ပေါ့ပါးလွတ်လပ်နေ၏။ ကံကောင်းချင်တော့ မမကာယ်ရိုလင်းက ရန်အောင်မောင်မောင် အကြောင်း ဟောဝန်ကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က စိတ်ဝင်စားသူ။ တိတ်တခိုးချစ်မြတ်နိုးသူ အကြောင်း ကြားရသည်မှာ ဟောဝန့်အတွက် အားလုံး စိတ်ဝင်စား စရာဖြစ်နေ၏။

''တကယ်တော့ မမတို့လင်မယားနဲ့ မောင်မောင်က ငယ်သူငယ်ချင်းတွေပဲ ဟောဝန်၊ ဒါပေမယ့် မောင်မောင်က အရမ်း အနေအေးတယ်၊ သူ့မှာ ငယ်ငယ်ထဲက မိဘနှစ်ပါးစလုံးမရှိဘူး၊ ပြောရရင် မိဘမဲ့တစ်ကောင်ကြွက်ပေါ့ကွယ်''

ဦးမောင်ရယ်။

မိဘမဲ့တစ်ကောင်ကြွက်ဆိုသည့် စကားက ဟောဝန်လို လောကကြီးမှာ ဘာပူပင်သောကမှမရှိ လိုတရပြည့်စုံနေသူ၏ နားထဲမှာ အလွန်ဆန်းကြယ်လျက်။ နာကြည်းခါးသီး ဝမ်းနည်းဖွယ် ရာ စကားတစ်ရပ်ဖြစ်နေတာကို ဝန်ခံချင်သည်။

''အပေါင်းအသင်း မိတ်ဆွေတွေအပေါ်မှာ အရမ်းတွယ် တာပြီး သံယောဇဉ်ကြီးတဲ့ လူတစ်ယောက်မှာ ချစ်သူရည်းစားရှိ လာတော့ ပိုဆိုးတာပေါ့ကွယ်''

''ကြိမ်ကို သူသိပ်ချစ်ခဲ့တယ်၊ သိပ်ပြီး မြတ်နိုးတန်ဖိုးထား ခဲ့တယ်၊ ကြိမ်ဟာ သူ့ဘဝ၊ သူ့အနာဂတ်၊ သူ့ရဲ့ဘဝတန်ဖိုး၊ အဲဒီ





လောက်အထိ ကြိမ်ကို ချစ်တာတဲ့၊ မောင်မောင်ရဲ့ကြိမ်ပေါ့''

ကြိမ်။

မောင်မောင်ရဲ့ကြိမ်။

ဟောဝန့်ရင်ထဲ ဘယ်နေရာမှန်းမသိ ဝမ်းနည်းမှုတွေနဲ့ နာကျင်ကြေကွဲ နင့်စို့သွားသည်။

ဦးမောင်မှာ ဦးမောင်ဘဝ၊ ဦးမောင်အသက်၊ ဦးမောင်နှလုံး သားနဲ့ တစ်ထပ်တည်းထားပြီး ချစ်ခဲ့၊ မြတ်နိုးခဲ့ရတဲ့ ချစ်သူရှိခဲ့ ပြီးသားဆိုပါလား။

ဒါကြောင့် ဒါကြောင့် ဦးမောင်က တခြားဘယ်လိုမိန်းက လေးကိုမှ စိတ်မဝင်စားတော့တာ။ လုံးဝ ဂရုမစိုက်တော့တာ။ ဥပေက္ခာပြု လျစ်လျူရှုထားနိုင်ခဲ့တာပေါ့။

ဟိုးအဝေးကြီးက ပြေးလာခဲ့ရသော အပြေးသမားလို ဟောဝန့်နှလုံးသားမှာ နာကျင်မောပန်းမှုတွေအောက်မှာ နစ်မွန်းလျက် ရှိရှိသမျှ ခွန်အားတို့ ပျောက်ဆုံးသွား၏။

''တိုတိုပြောရရင်တော့ကွယ် ကြိမ်နဲ့မောင်မောင် လက်ထပ် လိုက်တယ်''

လက်ထပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဦးမောင်ဟာ လူပျိုမဟုတ်ဘူး။ အိမ်ထောင်သည် ပေါ့။

ဘုရားရေ…။

ဟောဝန့်နှလုံးသားထဲမှာ မြတ်မြတ်နိုးနိုး ချစ်ခင်စွဲလမ်းမိတဲ့ ဦးမောင်က လွတ်လပ်သူတစ်ယောက်မှ မဟုတ်ပါပဲလား။ အမျိုးအမည် ဖော်ပြရန် ခက်ခဲသော ဝေဒနာလှိုင်းက နုနယ်ငယ်ရွယ်သောဟောဝန့်နှလုံးသားကို လက်ကြမ်းကြီးနှင့် ဖျစ်ညှစ်ဆုပ်ချေလိုက်သလို ဘယ်နေရာကမှန်းမသိ ဆတ်ဆတ်ခါ နာကျင်သွား၏။

"နောက် သိပ်မကြာဘူး၊ ကွာရှင်းပြတ်စဲလိုက်ကြတယ်၊ ကြိမ်က နိုင်ငံခြားကို ထွက်သွားတယ်၊ အဲဒီနောက်ပိုင်းမှာ မောင်မောင့်ပုံစံက အခုလိုဖြစ်သွားခဲ့တာပဲ ဟောဝန်"

"သူတို့မှာ သားသမီးမကျန်ခဲ့သလို မောင်မောင့်ဘဝမှာ ပျော်ရွှင်မှုဆိုတာလည်း ဘာတစ်ခုမှ မကျန်ခဲ့ဘူး၊ အထီးကျန်ဘဝနဲ့ လောကကြီးကို စိတ်ပျက်စိတ်ကုန်နေတဲ့သူအဖြစ် ပြောင်းလဲသွားတာလည်း အတော့်ကို သနားစရာကောင်းပါတယ်"

"ဟောဝန်ကို မမက ဘာလို့ ဒီအကြောင်းတွေ ပြောပြနေရတာလဲဆိုတော့ ကြိမ်နဲ့ လမ်းခွဲခဲ့ပြီးနောက်ပိုင်းမှာ မောင်မောင့်





ဘဝကို ပထမဆုံး လှုပ်လှုပ်ရှားရှားဖြစ်လာအောင် စွမ်းဆောင်နိုင်တဲ့ အမျိုးသမီးဟာ ဟောဝန်ကိုယ်တိုင် ဖြစ်နေလို့ပဲ"

ဟောဝန်က ဦးမောင်ဘဝကို ပထမဆုံး လှုပ်ရှားအောင် ပြုနိုင်တဲ့သူဟု မမကယ်ရီလင်းကဆိုလာတော့ ဟောဝန်မှာ မျက်နှာအထားရခက်လျက် ခပ်ငြိမ်ငြိမ် ပြုံးနေမိသည်။

"ဟော…ဟိုမှာ သူတို့ထွက်စောင့်နေကြပြီ၊ မောင်မောင့်ဘဝကို ပြောင်းလဲသွားစေတဲ့ ညီမဟောဝန်ကို မမ ကျေးဇူးတင်ပါတယ်၊ မောင်မောင့်ကို ပစ်မထားပါနဲ့နော်"

မမကယ်ရီလင်းအသံက တိုးတိတ်ပေမယ့် ဟောဝန့်နားထဲမှာ ပြင်းထန်ကျယ်လောင်သော ဗုံးတစ်လုံး ပေါက်ကွဲသလို ကျယ်လောင်နေသည်။ အိမ်ထောင်ပျက်ထားသည့် ယောကျ်ားတစ်ယောက်အဖြစ် ကားရပ်လိုက်ချိန်မှာ ရန်အောင်မောင်မောင်မျက်နှာကို ထူးခြားသော ခံစားမှုတွေနှင့် ရူးရူးနှင့်နှင့်လေး စိုက်ကြည့်လိုက်၏။

အေးစက်စက် မျက်ဝန်းအကြည့်တွေနှင့် တုံ့ပြန်ကြည့်လာသည့် ရန်အောင်မောင်မောင် အကြည့်တွေနှင့် ရင်ဆိုင်လိုက်ရတော့ ဟောဝန့်ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းကြေကွဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ဘဝ၊ ဦးမောင်နှလုံးသားကို လွှမ်းမိုးထားနိုင်တဲ့ ဦးမောင်ရဲ့ချစ်သူ။ ဦးမောင်ချစ်ဇနီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူး ပါဘဲ ဟောဝန့်စိတ်ထဲက အားကျချီးကျူးမိသည်။ ဘာဖြစ်လို့များ ဦးမောင်ရဲ့ဘဝ၊ ဦးမောင်ရဲ့နှလုံးသားတစ်ခုလုံးကို စိုးပိုင်ခံစားခွင့် ရနေပါလျက်နဲ့ ဦးမောင်လို ချစ်တတ်သူကိုထားပြီး ဘယ်ကိုများ ပြေးထွက်သွားရတာပါလိမ့်ကွယ်။

ဟောဝန်သာ ဦးမောင်ရဲ့အချစ်ကို ရယူပိုင်ဆိုင်ခွင့် ရမည် ဆိုလျှင် ဟောဝန်ချစ်သော ဦးမောင်ကို အခုဘဝမှာရော နောင်ဘဝ အဆက်ဆက်အထိ မခွဲအတူ ပါရမီဖြည့်ဖက်အဖြစ် ဘဝတိုင်း အတူရှိနေချင်ပါသည်။

"ဘယ်လိုလဲ အိမ်ရှေ့အထိအောင် ထွက်စောင့်နေကြတယ် ဆိုတော့ ဗိုက်ပဲဆာလို့လား၊ ဟောဝန်ပဲ လိုက်မလာမှာစိုးရိမ်ကြလို့ လား"

"နှစ်ခုစလုံးပါပဲဗျာ"

ထိုစကားကို စောမိုးဇက်က ပြောခြင်းဖြစ်၍ ကယ်ရီလင်း က နှစ်ခြိုက်သဘောကျစွာ ရယ်လိုက်ချိန်မှာ ဟောဝန် ပြုံးရုံသာ ပြုံးနေလိုက်သည်။ ရန်အောင်မောင်မောင်ဆိုသည့် ဦးမောင်နဲ့





ပတ်သက်ပြီး ဟောဝန့်နှလုံးသားလေးထဲမှာ ဖော်မပြနိုင်သည့် ခံစား ချက်တွေက ရင်တစ်ခုလုံး လှုပ်ခတ်နေ၏။

ဟောဝန့်နှလုံးသားက မြတ်မြတ်နိုးနိုး ချစ်ခင်စွဲလမ်းမိခဲ့တဲ့ ဟောဝန်ရဲ့ ပထမဆုံးချစ်သူက ဟောဝန်မဟုတ်တဲ့ တခြားမိန်းမ တစ်ယောက်ကို အသက်ထပ်တူထားပြီး ချစ်ခဲ့၊ မြတ်နိုးခဲ့ရုံသာ မက လက်ထပ်ခဲ့သည့်သူဖြစ်နေသည်။

ပြီးတော့ တစ်ခုလပ်။

အိမ်ထောင်ပျက်အဖြစ် ဘဝကို ရှင်သန်ရပ်တည်နေသူ တစ်ယောက်။

"လာ...ဟောဝန်"

မမကယ်ရီလင်းက ဟောဝန့်လက်လေးတစ်ဖက်ကို ဆွဲပြီး ထမင်းစားခန်းရှိရာ ဦးဆောင်ခေါ်သွားချိန်ထိ ဟောဝန် ဘာစကားမှ မပြောမိ။ ပြောစရာစကားလည်း ရှာမတွေ့ပါ။ အရာအားလုံး ဟောဝန့်မျက်ဝန်းအကြည့်ထဲမှာ စိမ်းသွားသည်။ ဝေးကွာသွားသည်။

ဟောဝန် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသည့် နယ်မြေ အသစ်အဆန်းထဲမှာ ထူးဆန်းသည့်အရာတွေကို တွေ့မြင်နေရသူ တစ်ယောက်၏ ခံစားချက်မျိုးဖြင့် မမကယ်ရီလင်းကိုလှည့်ကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



စောမိုးဇက်ဆိုသည့် ချစ်သူမျက်နှာကိုလည်းကောင်း တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်နေမိသည်။

ရန့်အောင်မောင်မောင်နှင့် မျက်လုံးချင်းအဆုံမှာ ဟောဝန့်ရင်ထဲ၊ နှလုံးသားထဲက လုံးဝမပြောင်းလဲသော ခံစားချက်တစ်ခုကို အံ့ဩနာကျင်စွာ သိလိုက်ရသည်က အခုချိန်ထိ ဦးမောင်ကို ဟောဝန့်နှလုံးသားထဲက မမုန်းနိုင်အောင် စွဲလမ်းမြတ်နိုးစွာ ချစ်နေဆဲဖြစ်ကြောင်းတည်း။

ညစာစားပွဲမှာ အတတ်နိုင်ဆုံး ဟန်မပျက်နေနိုင်ခဲ့တာကို ဟောဝန့်ကိုယ်ဟောဝန် ကျေးဇူးတင်မိသည်။ ပြီးတော့ ဟောဝန် နားလည်လိုက်မိတာ တစ်ခုရှိသည်။

ထိုအရာက တခြားမဟုတ်။

ချစ်ခြင်းမေတ္တာဆိုသည့် ထူးခြားဆန်းကြယ်သည့် ဘယ်သူမှ မမြင်မတွေ့နိုင်သည့် လူတစ်ယောက်ရင်ထဲက နှလုံးသားခံစားချက် ဖြစ်သည်။

အချစ်ကို လုပ်ယူဖန်တီးမရနိုင်သလို ဒီလူကိုမချစ်နဲ့၊ မုန်းပစ်မေ့ပစ်လိုက်ဟု အမိန့်ပေး၍ မရနိုင်ခြင်းကို ပထမဆုံး ခံစားနားလည်လိုက်မိ၏။





ရန့်အောင်မောင်မောင်ဆိုသည့် ဦးမောင်ကို ဟောဝန့်ချစ်သည်။ လှိုက်လှိုက်လှဲလှဲ ချစ်ခြင်း၊ မြတ်နိုးမိခြင်းဖြစ်သည်။ ထိုချစ်ခြင်းမေတ္တာသည် ဦးမောင်မှာ ချစ်သူရှိတာနှင့်လည်းမဆိုင်။

ဦးမောင် အိမ်ထောင်ကျဖူးတာနှင့်လည်း မဆိုင်။

ဦးမောင် အိမ်ထောင်ကွဲတာ၊ တစ်ခုလပ်ဖြစ်တာနဲ့လည်း မဆိုင်။ ဘာဆို ဘာမှမဆိုင်ဘဲ ဟောဝန့်ရင်ထဲက ဦးမောင်အပေါ်ထားသည့် ချစ်မေတ္တာက သူ့ဘာသာ သီးခြားရပ်တည်နေခြင်းဖြစ်သည်။

ဦးမောင်ကို ဟောဝန့်ချစ်သည်။

ဒါပဲဖြစ်သည်။

အချစ်မှာ အချစ်ပဲရှိသည်။

တခြားဘာဆိုဘာမှမရှိ။

အပြန်ကြတော့ ဟောဝန်နဲ့ ရန့်အောင်မောင်မောင် နှစ်ယောက်တည်း။

မြင့်လှပြီဟုထင်သော ဟောဝန့်အရပ်က ရန့်အောင်မောင်မောင်နှင့် နှိုင်းစာတော့ ခေါင်းတစ်လုံးစာ နိမ့်သွား၏။

ထူးခြားစွာပင် ဒီနေ့မှာ လမင်းကြီးက ဝင်းပစွာ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်တစ်ခုလုံးကို အေးမြလင်းလက်နေစေ၏။ လရောင်ကိုငေးမောရင်း တိတ်ဆိတ်နေသော ပန်းဟောဝန်ရှိရာသို့ ရန်အောင်မောင်မောင် တစ်ချက်မျှ လှည့်ကြည့်လိုက်၏။

သူနှင့်တွေ့တိုင်း စကားမရှိ စကားရှာပြီး သာလိကာမလေး လုပ်တတ်သည့် ကလေးမက အခု အပြန်လမ်းခရီးမှာ ထူးခြားစွာ နှုတ်ဆိတ်နေ၏။

ကယ်ရီလင်းက ဟောဝန်နှင့်မောင်မောင်ကို သဘောတူနေတာ မောင်မောင်သိသည်။ ကယ်ရီလင်းမှမဟုတ်။ စောမိုးဇက်လည်း အတူတူဖြစ်သည်။ ကြိမ်ကြောင့် ရန်အောင်မောင်မောင် ဘဝပျက်မတတ် ဖြစ်သွားတာကို သူတို့လင်မယားက မကြည့်ရက်။ ဘယ်သူ့ကိုမှ အပြစ်တင်စကားမဆိုပေမယ့် ရန်အောင်မောင်မောင်ကို နောက်ထပ်အချစ်သစ်နှင့် ဘဝသစ်ကို စစေချင်ကြသည်။

ဒါကြောင့်လည်း သူ့ကို တစ်ခွန်းမတိုင်ပင်ဘဲ မနောဖြူမှာ ညစာစားဖို့ ပန်းဟောဝန်ကို ကယ်ရီလင်းကိုယ်တိုင် လိုလိုလားလား ဖိတ်ခဲ့ခြင်းဖြစ်သည်။

ပန်းဟောဝန်ကလည်း လက်ခံသည်။

ကြားထဲက ထိုအခြေအနေကို လက်မခံချင်သူက





ရန်အောင်မောင်မောင်တစ်ယောက်တည်း ဖြစ်နေ၏။

ကိုယ့်ဘဝနဲ့ကိုယ်ပဲ ရှိစေချင်သည်။

တခြားသူတစ်ယောက်ကို ကိုယ့်ဘဝထဲ ဆွဲခေါ်ပြီး ဒုက္ခရောက်အောင် မလုပ်ချင်။ လုပ်လည်း မလုပ်ရက်ပါ။ သိပ်လှသည့် ပန်းဟောဝန်ကြောင့် ရန်အောင်မောင်မောင် စိတ်လှုပ်ရှားခဲ့တာကို ဝန်ခံပါသည်။

ဒါထက်ပိုပြီး ဘာမှရှေ့မဆက်ချင်။

သူ့နှလုံးသားကို အပြီးအပိုင် သော့ခတ်သိမ်းထားချင်သည်။

မုန်တာကို ဝန်ခံရလျှင် နောက်ထပ်ချစ်ရမှာကို ရန်အောင်မောင်မောင် ကြောက်သွားပါပြီ။ နောက်ထပ်လည်း ဘယ်သူ့ကိုမှ မချစ်ချင်တော့။

ပထမတော့ အချစ်ကြောင့် သူပျော်ခဲ့ရသည်။ ကြည်နူးခဲ့ရသည်။ သာယာချမ်းမြေ့ခဲ့ရသည်။ နောက်တော့ ထိုအချစ်ကြောင့်ပင် သူ့နှလုံးသားတွေ နာကျင်ခဲ့ရသည်။ ကြေကွဲဝမ်းနည်းခဲ့ရသည်။ စိတ်မချမ်းမြေ့စရာ၊ စိတ်ဆင်းရဲစရာ ကြုံတွေ့ခဲ့ရ၏။

ကြိမ်နှင့် လမ်းခွဲပြီးနောက်မှာ နောက်ထပ်အချစ်သစ်ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်မရှာတော့ပါ။

သို့သော် မရှာဖွေဘဲ သူ့ထံ အချစ်က ရောက်လာ၏။ သူကိုယ်တိုင် ဘဝမှာ နောက်ထပ်မချစ်တတ်တော့ဟု ထင်ထားသူ၏ နှလုံးသားထဲကို အမှတ်မထင် ဝင်ရောက်လာခဲ့သူက ဟေဝန်ဆိုသည့် မိန်းမလှလေးဖြစ်နေသည်။

မေ့ထားချင်၍လည်းမရ။

နောက်ထပ် ပြန်မဆုံနိုင်ဘူးလို့ ထင်ပေမယ့် ကံတရားက ရန်အောင်မောင်မောင်ရှေ့အရောက် ပန်းဟေဝန်ကို တွန်းပို့လိုက်ပြန်သည်။

ဘယ်လိုမှ ပုန်းရှောင်၍မရတော့ဘဲ ဟေဝန်နှင့်သူ ဆုံတွေ့ဖို့ ဖြစ်လာတော့ သူရင်မောရသည်။ ကားလေးက ပန်းဟေဝန်အိမ်မှာ ရောက်လာ၏။ အခုချိန်ထိ မည်သူမှ စကားမပြောကြသေး။

အိမ်ရှေ့တည့်တည့်မှာ ကားရပ်လိုက်တော့မှ…

"ကျေးဇူးတင်ပါတယ် ပန်းဟေဝန်"

တပြေးညီစကားသံက အနိမ့်အမြင့်မရှိ။

အေးစက်စက်အကြည့်တွေမှာလည်း ဘာခံစားချက်မှမပါ။ လှပသော ပန်းဟေဝန်မျက်နှာမှာ အပြုံးတစ်ချက် လင်းခနဲ

ဝိုး၊မိုး၊၈၁၄၀



လက်သွားပေမယ့် ထိုအပြုံးမှာ တစ်ခုခုပျော်ဝင်နေသလိုလို ဘာလိုလို။

ရွှန်းစိုတောက်ပသည့် မျက်ဝန်းအကြည့်တွေက ရန်အောင်မောင်မောင်ထံ ဖျတ်ခနဲ ရောက်လာ၏။

"ဟေဝန့်ကို ဘာအတွက် ကျေးဇူးတင်ရတာလဲ အန်ကယ်"

"ကိုယ်တို့ဖိတ်တဲ့ ဒင်နာကို လက်ခံတဲ့အတွက်ပါ"

"ဟေဝန် ကျေးဇူးအတင်မခံချင်ဘူး အန်ကယ်"

"ဘာဖြစ်လို့လဲ"

"ကျေးဇူးတင်တယ်ဆိုတာ သူစိမ်းတွေမှ ပြောကြတာပဲ"

"ဩော်"

သူ့ထံမှ ဘာစကားမှ ထွက်မလာသဖြင့် ဟေဝန်ပြုံးသည်။

"ဟေဝန်ကို ဘယ်လိုမြင်လဲ အန်ကယ်"

ဟေဝန်က ရန်အောင်မောင်မောင် မျက်ဝန်းထဲကို စိုက်ကြည့်ပြီး ထိုမေးခွန်းကို မေးသဖြင့် ရန်အောင်မောင်မောင်ရင်ထဲ ဖျင်းခနဲဖြစ်သွားသည်။

ဝိုး၊မိုး၊၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



မုန်တာပြောရလျှင် ဒီနေ့ ဟေဝန် သိပ်လှနေသည်။

သူမဝတ်ထားသည့် အဖြူရောင်ဝတ်စုံက ညအမှောင်မှာ နတ်သမီးလေးတစ်ပါး မိုးပေါ်က ကျလာသလားထင်ရအောင် သိပ်လှနေတာကို သူမြင်နေရပါလျက် ဘာမှမပြော။

"ဟေဝန်မေးတာ ဖြေပါ အန်ကယ်"

"ကိုယ်က ဘာဖြေရမှာလဲ"

"ဖြေချင်တာဖြေပေါ့၊ အန်ကယ် ဟေဝန်ကို ဘယ်လိုမြင်လဲ"

"လူတစ်ယောက်လို့ပဲ မြင်တယ်"

ဟေဝန့်အကြည့်လေး စူးခနဲလင်းလက်သွားကာ မျက်နှာပေါ်က အပြုံးလေး လွင့်ပျောက်သွားတာ မြင်လိုက်ရ၏။

ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ဟေဝန်ရယ်။

ကိုယ်လိုလူတစ်ယောက်ကို ဟေဝန် မုန်းဖြစ်အောင် မုန်းမေ့ပစ်လိုက်ပါ။

တကယ်တော့ ဟေဝန် ဘာကိုမေးတယ်ဆိုတာ ရန်အောင်မောင်မောင် သိပါသည်။ သိလျက်နှင့် ဟေဝန့်အမေးစကားကို သူ တမင်မဖြေခြင်းက ဟေဝန် သူ့ကိုစိတ်နာပြီး မုန်းမေ့သွားစေ





ချင်လို့ဆိုတာ ဟေဝန် သိစေချင်သည်။

ဒါပေမယ့် ဟေဝန် တုံ့ပြန်ပုံက ရန်အောင်မောင်မောင် ထင်သလိုမဟုတ်ပါ။ လှပသော သူမဦးခေါင်းလေးကို စောင်းငဲ့ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ခပ်ဖွဖွရယ်ပုံက အသည်းနွေးစရာကောင်းအောင် သူ့ရင်ကို လှုပ်ခတ်သွား၏။

"အဟင်း...ဟင်း...ဟင်း၊ ဟုတ်တာပေါ့ အန်ကယ်၊ ဟေဝန်က လူပဲ၊ နတ်သမီးမှမဟုတ်တာ"

"ဂွတ်နိုက် အန်ကယ်"

"ဂွတ်နိုက်"

သူ့ကားပေါ်က ဟေဝန် ဆင်းသွားသည်။

နောက်ကို တစ်ချက်ပင် လှည့်မကြည့်တော့။ အိမ်တံခါး သော့ဖွင့်ပြီး တောက်လျှောက်ဝင်သွားကာ တံခါးမကြီးကို ပိတ်လိုက်သည့် အချိန်အထိ။

ရန်အောင်မောင်မောင် ဟေဝန့်အိမ်ရှေ့မှာ အကြာကြီးရပ်ကာ တိတ်ဆိတ်ငြိမ်သက်နေသော ဟေဝန့်အိမ်လေးကို ငေးကြည့်နေမိ၏။

တကယ်တော့ ကိုယ်ဟာ တော်ဝင်နန်းထိုက်တဲ့ ဟေဝန့်လို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေးနဲ့ ဘယ်လိုမှ မထိုက်တန်တဲ့ အညံ့ပန်းတစ်ပွင့်ဆိုတာ ပန်းဟော၀န် သိရင်။

❖ ❖ ❖



## အခန်း (၁၀)

ဟော၀န်တစ်ယောက်တည်း အိပ်ရာလေးထက်မှာ ကျိတ်၍ မျက်ရည်ကျရသော မျက်ရည်များအကြောင်းကို မည်သူမှမသိပါ။ သိ၍လည်း စိတ်ဝင်စားမည့်သူ ရှိမည်မဟုတ်။

ကိုယ့်ကို မချစ်မနှစ်သက်သူတစ်ယောက်ကိုမှ ကိုယ်က နှစ်နှစ်ကာကာ ချစ်ချစ်ခင်ခင် တမြတ်တနိုး ပတ်သက်ချင်မိသည်မှာ ဝဋ်ကြွေးကြောင့်ဖြစ်လျှင် ထိုဝဋ်ကြွေးကို ဤဘဝဤမျှနှင့်သာ ကျေချင်သူက ပန်းဟော၀န်ဖြစ်သည်။

ဘယ်တုန်းကမှ မျက်ရည်မကျတတ်သည့် ဟော၀န်က အခုလို ရန်အောင်မောင်မောင်ဆိုသည့်လူကို စချစ်မိသည့်အချိန်ထဲက မကြာခဏဆိုသလို မျက်ရည်ကျနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တူတူ…တူတူ…တူတူ"

ဟောဝန့်ဖုန်းက တီးလုံးသံ ကြားနေရပေမယ့် တော်တော်နှင့်မဖွင့်။ Display ပေါ်က နံပါတ်ကို ကြည့်မိတော့ ဖုန်းက ဝန်ဇင်းဆီကဖုန်း။

"ဟဲလို"

ဟောဝန်ရဲ့ ဟဲလိုထူးသံက အင်အားမရှိ။

ခပ်ဖျော့ဖျော့ တိုးတိုးလေးဖြစ်နေတာသိပေမယ့် မတတ်နိုင်။

"နင့်အသံက ဘယ်လိုဖြစ်နေတာလဲ ဟောဝန်"

"နေမကောင်းဘူးလား"

"အင်း"

"ဘာဖြစ်တာလဲ"

"နှာစေး၊ ချောင်းဆိုးလောက်ပါ"

လေသံကို တမင်ပေါ့ပါးဟန်ဆောင် ဖြေလိုက်ရပေမယ့် ရင်ထဲမှာ နင့်သည်းသော ခံစားချက်တွေကြောင့် ငိုချင်နေတာပဲသိသည်။

"ကိုယ်က ဆရာဝန်ဆိုပြီး မပေါ့နဲ့နော် ဟောဝန်၊





ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး"

"အင်းပါ၊ လူကို ကလေးကျနေတာပဲ၊ ကဲ ဘာပြောမှာလဲပြော"

"ကိုယ်ပြောရင် ဟောဝန် တကယ်နားထောင်မှာလား"

"နေမကောင်းပါဘူးဆိုမှ၊ ဟောဝန်ကို ဘာစိတ်ညစ်အောင်လုပ်ဦးမလို့လဲ"

"ကိုယ့်အချစ်ကို လက်ခံလိုက်ပါလား ဟောဝန်ရယ်၊ အခုလို ဟောဝန်က အဝေးကိုသွားနေတာ ကိုယ့်ရင်ထဲ ဟောဝန့်အတွက် ဘယ်လောက်ပူနေတယ်ထင်လဲ"

ဝန်ဇင်းအသံက ခံစားချက်အပြည့်။

ဟောဝန်ကို ဝန်ဇင်းက တကယ်ချစ်၊ တကယ်မြတ်နိုးမှန်းသိသိနဲ့ ပြန်မချစ်နိုင်တာလည်း အံ့သြစရာ။ ဝန်ဇင်းနဲ့ပတ်သက်ပြီး ဟောဝန်မှာ ဘာခံစားချက်မှကိုမရှိ။ ဝန်ဇင်းတစ်ယောက်တည်း ဟောဝန်နဲ့ပတ်သက်ပြီး ပေါက်ကွဲခံစားနေချိန်တွေကို ဟောဝန်ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ဖူးပေမယ့် ရင်ထဲမှာ ဘာကာစ်ခုမှ ထူးထူးခြားခြား မခံစားခဲ့ရ။ ဒီအတိုင်း ပွဲကြည့်ပရိသတ်နေရာက လက်ပိုက်ကြည့်ရင်း ပြုံးရယ်နေနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် ဝန်ဇင်း ခံစားနေရတာပါလားလို့ မတွေး။ ဟောဝန့်အတွက် ဝန်ဇင်း ခံစားနေရတာတွေကို ကြည့်ပြီး ရယ်စရာ ပြက်လုံးဖြစ်နေခဲ့သမျှ အခုတော့ ဝဋ်လည်ဖို့ဖြစ်လာ၏။

"ဟောဝန်"

"ဟင်"

"ဟောဝန်ကို ကိုယ်ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ် ဆိုတာ ဟောဝန်သိရက်နဲ့ ကိုယ့်ကို နည်းနည်းလေးလောက် ပြန်မချစ် နိုင်ဘူးလား ဟောဝန်ရယ်"

လှိုက်ဖြာတုန်ရီနေသည့် ဝန်ဇင်းစကားသံတွေထဲမှာ ခံစားချက်တွေက အပြည့်။ အချစ်ဆိုသည့်အရာကို ကိုယ်တိုင်ကြုံတွေ့လာရပြီဆိုတော့ ဝန်ဇင်းရင်ထဲက ခံစားချက်တွေအပေါ် အရင်ကလို လှောင်ပြောင်သရော်လိုစိတ်မရှိတော့ပါ။

ကိုယ်ချင်းစာနာစိတ်နှင့်သာ သက်ပြင်းကျိတ်ချလိုက်မိ၏။

"နင့်ကို ဟောဝန် ခင်ပါတယ် ဝန်ဇင်းရယ်၊ သူငယ်ချင်း တစ်ယောက်လိုလည်း ချစ်ပါတယ်၊ ချစ်သူတစ်ယောက်လို မချစ် နိုင်တာကလွဲရင် ဟောဝန့်ဘဝမှာ တစ်ဦးတည်းသော ခင်မင်အားကိုး ရတဲ့ ယောကျ်ားလေးဆိုလို့ နင်တစ်ယောက်တည်းပဲရှိတာပါ"





"ဒါနဲ့များ ဟောဝန်ရယ်၊ လက်ထပ်ဖို့ကိစ္စကို ခေါင်းညိတ် လိုက်ရင် ပြီးရော"

"ကိုယ့်ကို ဟောဝန်မချစ်လည်း ရတယ်၊ ကိုယ်ကပဲ ဟောဝန်ကို ချစ်နေချင်တာဆိုတော့ ကိုယ့်အပေါ် ဟောဝန်ဘက်က ဒီလောက်သဘောထားရင်ကိုပဲ ကျေနပ်ပါပြီ"

"မဖြစ်နိုင်တာ မပြောစမ်းပါနဲ့ ဝန်ဇင်းရယ်၊ ဒီမှာ ဟောဝန် စိတ်ညစ်နေပါတယ်ဆိုမှ"

"ဟောဝန်က ဘာစိတ်ညစ်နေတာလဲ၊ အလုပ်ထဲမှာ အဆင်မပြေလို့လား"

"မဟုတ်ပါဘူး၊ ဒီလိုပါပဲ၊ တစ်ခါတလေ ကိုယ့်စိတ်နဲ့ ကိုယ် အဆင်မပြေတဲ့အချိန်တွေလည်း ရှိတာပေါ့"

"ဘာလဲ...ကိုယ်နဲ့ရန်မဖြစ်ရလို့ ဟောဝန့်ဘာသာ တစ်ယောက်တည်း ရန်ဖြစ်နေရတာလား၊ အဟား...ဟား...ဟား"

ဝန်ဇင်းက သူ့စကားသူ သဘောကျပြီး ရယ်တော့ ဟောဝန် ပါ သူနဲ့အတူ ရောယောင်ပြုံးမိသည်။ ဟောဝန်လည်း ဝန်ဇင်းလို ဘာအပူအပင်မှမရှိဘဲ လွတ်လပ်ပေါ့ပါးစွာနေနိုင်ရင် ဘယ်လောက် များ ကောင်းလိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဟောဝန်က ဒေါက်တာမကြီးသာဖြစ်နေတာ အခုချိန်ထိ ကလေးဆန်နေတုန်းပဲ''

''အံမယ်...ဟောဝန်ကိုများ ကလေးဆန်နေတုန်းတဲ့၊ နင်က ရော အခုချိန်ထိ လူကြီးဆန်ဆန်နေလို့လား''

''ဘာလဲ ဟောဝန့်မျက်လုံးထဲ ကိုယ့်ပုံစံက အခုချိန်ထိ ကလေးဖြစ်နေတုန်းပဲလား''

''ဒါပေါ့''

''ကောင်းကွာ''

''ဟောဝန် အိပ်တော့မယ်ဟာ၊ ဖုန်းချလိုက်ပြီ''

''ဟော့...နေဦး''

ဝန်ဇင်း လှမ်းအော်တာကို ကြားပေမယ့် ဟောဝန်က ဖုန်းချပစ်လိုက်သည်။ ဟောဝန်အကြောင်း သိနေသည့် ဝန်ဇင်းကလည်း နောက်ထပ် ဖုန်းထပ်မခေါ်တော့ပါ။

ဦးမောင်။

လက်ထဲကဖုန်းကို ချလိုက်တာနှင့် ဟောဝန့်အတွေးအာရုံထဲ ရောက်လာသူက ဦးမောင်ဆိုသည့် ရန်အောင်မောင်မောင်ဖြစ်နေသည်။





အချစ်တွေအားလုံးကို တခြားသူတစ်ယောက်ကို ပေးအပ်ထားသည့် လူတစ်ယောက်ကိုမှ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်ခဲ့မိတာဟာ ဟောဝန့်နှလုံးသားလေး ကံဆိုးမိုးမှောင်ကျရတာပဲ ဦးမောင်ရယ်။

ဦးမောင်ကို ဟောဝန် မုန်းချင်တယ်။

အိပ်ယာထက်မှာ လူးလှိမ့်နေပေမယ့် ဘယ်လိုမှ အိပ်လို့ မရဘဲ မျက်လုံးက ကြောင်နေသည်။ စာကြည့်မီးအုပ်ဆောင်းလေးကို ဖွင့်ပြီး စာထဲမှာ စိတ်ကို ဖွတ်နှစ်လိုက်မှ လူကနည်းနည်းငြိမ်သွားသည်။ နောက်တော့ ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။ မနက်လင်းတော့မှ စာကြည့်မီးခလုတ်ကို ပိတ်လိုက်ရသည်။

''တီ...တီ''

အိမ်ရှေ့က ကားဟွန်းသံကြောင့် လှမ်းကြည့်လိုက်တော့ မမကယ်ရီလင်းကိုယ်တိုင် မောင်းလာသော ကားဖြစ်နေ၏။

''ကိစ္စရှိလို့လား မမ''

မနက်စောစော ရောက်လာ၍ ဦးမောင်အတွက် စိုးရိမ်စွာ မေးလိုက်တော့ မမကယ်ရီလင်းက ချစ်စရာကောင်းစွာ ရယ်သည်။

''ကိစ္စအထူးမရှိပါဘူး ညီမရယ်၊ မမတို့မိသားစု မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆင်းလည်မလို့၊ ညီမကိုပါ အတူလိုက်စေချင်လို့ လာခေါ်တာ"

"ကျေးဇူးတင်ပါတယ် မမရယ်၊ ဟောဝန် မလိုက်တော့ပါဘူး၊ မမတို့မိသားစုပဲ လွတ်လွတ်လပ်လပ် သွားကြပါ"

"ဒါဖြင့် မောင်မောင့်ကို ဟောဝန့်လက်ထဲ အပ်ခဲ့မယ်နော်၊ သူက သိပ်နေမကောင်းလို့ မမတို့နဲ့မလိုက်ဘူး၊ မနောဖြူမှာပဲ နေခဲ့မှာ"

"နေမကောင်းဖြစ်ရင် အချိန်မရွေး ဖုန်းဆက်လို့ရပါတယ်"

"တခြားအကြောင်းနဲ့ဆို ဟောဝန်ကို ဖုန်းမဆက်ရဘူးပေါ့"

"ဟောဝန်ပြောတာ အဲဒီလိုမဟုတ်ပါဘူး"

"မမကစတာပါ ညီမရဲ့"

ပြောပြီး မမကယ်ရီလင်းက ရယ်သည်။

"ဟောဝန့်သူငယ်ချင်းလည်း ပြန်မလာသေးဘူးနော်"

"ခွင့်ရက်ရှည် ယူသွားတာ မမရဲ့၊ တော်ရုံနဲ့ ပြန်လာဦးမှာမဟုတ်ဘူး"

"ညရေးညတာကိစ္စရှိရင် မောင်မောင့်ကိုခေါ်နော်၊ မမတို့





က ဟိုမှာ ကြာချင်ကြာဦးမှာ"

မမကယ်ရီလင်းစကားကို ဟောဝန် ဘာမှမပြော ပြုံးနေလိုက်သည်။ စကားလမ်းကြောင်း ပြောင်းသည့်အနေနှင့် မမကယ်ရီလင်းအတွက် ကော်ဖီတိုက်ဖို့ ကြိုးစားပေမယ့် မရ။ မမ အိမ်ကစားခဲ့ပြီဆိုတာနဲ့ လက်လျှော့လိုက်ရသည်။

ဟောဝန်ကို နှုတ်ဆက်ပြီး မမကယ်ရီလင်း ပြန်သွားမှ ဆေးရုံသွားဖို့ ကမန်းကတန်း ပြင်ဆင်ရသည်။ ဆေးရုံရောက်တော့ မနားရ။ အရေးပေါ် အော်ပရေးရှင်းဝင်ရတာနှင့် ဟောဝန့်တစ်ကိုယ်လုံး နုံးချိသွားသည်။

"မမ…ညွှဲသည်"

နားနေခန်းထဲ ဆရာမသန်းသန်း ရောက်လာပြီးပြောသဖြင့် သန်းသန်းနောက်မှာ အတူပါလာသည့် ညွှဲသည်ကိုမြင်တော့ ဟောဝန့်မျက်နှာ ကွက်ခနဲပျက်သွားသည်။ ဟောဝန်ဆီ ရောက်လာသည့်ညွှဲသည်က တခြားသူမဟုတ်။

ခွန်ဆက်နောင်ဆိုသည့်လူဆိုး။

"မမ"

"မင်း ဒီကို ဘာကိစ္စနဲ့လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရင်ဘတ်ထဲက နာလို့"

ပြုံးနေသည့်မျက်နှာက မှန်းစရာ။

တမင်သက်သက် ဟောဝန်ရှိသည့် ဆေးရုံအထိလိုက်လာပြီး ပြဿနာရှာနေမှန်း သိလိုက်၍ ဟောဝန် မျက်နှာကို တင်းပစ်လိုက်၏။

"မင်းပြန်တော့"

လေသံမာမာနှင့် ပြောပေမယ့် နောင်က ဂရုမစိုက်။

"နောင့်ကို ဆေးကုမပေးတော့ဘူးလား"

"ကုချင်ရင် တခြားဆရာဝန်နဲ့ သွားကု၊ တို့ကို လာမနှောင့်ယှက်နဲ့"

"နောင်က မမနဲ့ပဲ ဆေးကုချင်တာ၊ နောင့်ရင်ထဲ တကယ်ခံစားနေရတာပါ မမရယ်"

"နောင့်ကို သနားပါဗျာ၊ မမကို နောင် တကယ်ချစ်တာပါ"

"မင်း ပါးစပ်ကိုပိတ်ထားစမ်း"

တခြားသူတွေ မကြားစေချင်တာနှင့် လေသံကိုလျှော့ပြီး တိုးတိုးကျိတ်ကျိတ် ရန်တွေ့စကားဆိုနေသော ဟောဝန်ကိုကြည့်ပြီး





ခွန်ဆက်နောင်က ပြုံးသည်။

"မမ နောင့်ကို ဆေးမကုမချင်း ဒီမှာနေမယ်"

"ဘာ"

"နောင့်ကို စမ်းသပ်ပြီး ဆေးကုပေးပါလို့ပြောတာ"

"မင်းက ဘာဖြစ်လို့လဲ"

ဟောဝန် မေးခြင်းမဟုတ်ပါ။

ဟောဝန်တို့နောက်မှာ ရောက်နေသည့် စစ္စတာကြီးက မေးလိုခြင်းဖြစ်သည်။

"နောင့်ရင်ဘတ်ထဲက အောင့်လို့"

"ဩော်...ဘယ်သူများလဲလို့၊ ဦးအိုက်ပီးရဲ့ သားလေးကိုး"

ဆရာမကြီးက ခွန်ဆက်နောင်ကို သိနေ၍ ဒေါသဖြင့် တင်းမာခက်ထန်သော အသွင်မျိုးမဖြစ်အောင် အပြုံးဆောင်ထားရသည့် ဟောဝန်ကို လှမ်းကြည့်သည်။

"ဒီကလေးက သိပ်ပေတာ ဒေါက်တာရဲ့၊ တစ်ခါမှ ဆေးရုံဆေးခန်း လာဖူးတာမဟုတ်ဘူး"

"လာ...လာ လူနာစမ်းသပ်တဲ့ ခုတင်ပေါ်မှာ လှဲနေ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ဒေါက်တာက လိုအပ်တာတွေ စစ်ဆေးပေးလိမ့်မယ်"

"ဟုတ်ကဲ့"

စစ္စတာကြီးကြောင့် ဟေဝန် စိတ်ညစ်သွားသည်။ ဘာရောဂါမှမရှိဘဲ အကြောင်းမရှိ အကြောင်းရှာလာနေသူကို ဟေဝန် သိပေမယ့် ဆရာမကြီးက မသိ။

ဆေးရုံထဲမှာ အခြေအတင် စကားများချင်တာနှင့် သွေးပေါင်းတိုင်းတာ၊ နားကြပ်နှင့် ဟိုစမ်းဒီစမ်းအားလုံး စိတ်မပါ လက်မပါ လုပ်လိုက်၏။

နောင်ကတော့ ရွှန်းလဲ့တောက်ပ စူးရှသည့် မျက်ဝန်းအစုံနှင့် သွေးနားမှာ နီးနီးကပ်ကပ်ရှိနေသည့် ဟေဝန့်မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"ကဲ...ဘာရောဂါမှမရှိဘူး၊ မင်း ပြန်လို့ရပြီ"

"နောက်နေ့လာရဦးမှာလား"

"ဒါ ဆေးရုံကွ၊ ရောဂါမရှိဘဲနဲ့ ဒီကိုဘာလာလုပ်ချင်လို့လဲ"

"မမမျက်နှာလေးကို မြင်ချင်လို့"

နှစ်ကိုယ်ကြား လေသံနှင့် ဟေဝန့်နားကပ်ပြောပြီးမှ ချာခနဲ





ကျောခိုင်းထွက်သွားသည့် ခွန်ဆက်နောင် ကျောပြင်ကိုကြည့်ကာ ဒေါသနှင့် ဇွေ့ဇွေ့ခုန်ကျန်ခဲ့သူက ဟေဝန်။

အလုပ်ကို ဆက်လုပ်နေရပေမယ့် စိတ်မပါတော့။ ဟေဝန် မြင်ရသည့်နေရာမှာ သူ့ကားကြီးကိုရပ်ပြီး ဟေဝန် ဆေးရုံဂျူတီချိန်ပြီးကို စောင့်နေသော နောင်ကြောင့် ဟေဝန့်တစ်ကိုယ်လုံး ဒေါသနှင့် အရှက်ပေါင်းပြီး မွန်ထူနေ၏။

ဒါ ဘာအချိုးလဲ။

ဟေဝန်ကို တမင်သိက္ခာချ အရှက်ရအောင် လုပ်တာက လွဲပြီး တခြားမရှိ။

အားလုံးက ခွန်ဆက်နောင်ကို ဦးအိုက်ပီးသားမှန်း သိနေတော့ ပိုဆိုးသည်။

ဆေးရုံဂျူတီ မပြီးခင် ဟေဝန်တစ်ယောက်တည်း အခက်တွေ့နေ၏။ ဟေဝန့်ဒုက္ခကို ကယ်တင်မည့်သူက မရှိ။ တစ်ယောက်တည်း စိတ်ကျဉ်းကျပ်နေချိန်မှာ ဟေဝန့်အာရုံထဲ ဖျတ်ခနဲရောက်လာသူက ရန်အောင်မောင်မောင်ဆိုသည့် ဦးမောင်။

ဦးမောင်သာ ဟေဝန့်အနားမှာရှိနေရင်ဆိုသည့် အတွေးနှင့် တစ်ပြိုင်နက်ထဲမှာ ဒါ မဖြစ်သင့်ဘူးဆိုသောအသိက တစ်ပါတည်း



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်။

ဟောဝန်နှင့်ပတ်သက်ရမှာ သေမလောက်ကြောက်ရွံ့နေသည့်လူကို ဟောဝန်က ဘာအတွက် အားကိုးရမည်နည်း။ ကိုယ့်အားကိုယ်ကိုးရုံကလွဲပြီး တခြားမရှိ။

ဂျူတီချိန်ပြီးသွားသည်။

ပြဿနာကို ရှောင်လွှဲ၍မရတော့။ ဆေးရုံထဲက အပြင်ကိုအထွက်…

"မမ"

ထင်သည့်အတိုင်း ခွန်ဆက်နောင်က ဟောဝန့်အနား အပြေးရောက်လာ၏။ ဟောဝန် သူ့ကို လှည့်လည်းမကြည့်။ စကားလည်းမပြော။ မျက်နှာထားတင်းတင်း ခြေလှမ်းမှန်မှန်နှင့် ဣန္ဒြေမပျက်ဖြတ်လျှောက်ထွက်ဖို့ ကြိုးစားသည်။

"မမ"

"မမကို နောင် လိုက်ပို့မလို့ စောင့်နေတာ"

"မင်း ငါ့ကို မနှောင့်ယှက်နဲ့ ခွန်ဆက်နောင်၊ မင်းလည်းမင်းလမ်းကိုသွားပါ၊ ငါလည်း ငါ့လမ်းကိုသွားမယ်"

လေသံမာမာနှင့် ဘယ်လိုပြောပြော ခွန်ဆက်နောင်က

စိုး:မိုး:၀၁၆၀



ဂရုမစိုက်။ ဟောဝန့်နားမှာ အတူကပ်လိုက် လျှောက်လာရင်း ဟောဝန့်နားမှာ အတူကပ်လိုက် လျှောက်လာရင်း ဟောဝန့်ဒေါသမျက်နှာလေးကို ငုံ့ကြည့်သည်။

"ချစ်တာဟာ နှောင့်ယှက်တာ မဟုတ်ပါဘူးဗျာ၊ မမကိုနောင်က သိပ်ချစ်လို့ပါ"

ဟောဝန် ဘာမှမပြော။

ခြေလှမ်းကို ပိုတိုးပြီးအလျှောက်…

"တီ"

ကားဟွန်းသံနှင့်အတူ ဟောဝန့်ရှေ့ ရပ်လာသည့်ကားကြောင့် ဒေါသမျက်နှာလေးကို ဖျတ်ခနဲ ပင့်မော့အကြည့်…

"ကားပေါ်တက် ဟောဝန်"

"ဦးမောင်"

ခါတိုင်းလို ရန်အောင်မောင်မောင်ဆိုသည့်လူကို တမင်အရွဲ့တိုက်ပြီး အန်ကယ်လို့ မခေါ်ဖြစ်။ ဟောဝန့်ရင်ထဲက တိတ်တိတ်လေး ခေါ်နေမိသည့် ဦးမောင်ဆိုသည့် အမည်ကို ဟောဝန့်နှုတ်ဖျားက အလိုလိုထွက်သွား၏။

ခွန်ဆက်နောင် အံ့ဩပြီး ကြည့်နေချိန်မှာပဲ ဟောဝန်က

စိုး:မိုး:၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်မောင်မောင် အသင့်ဖွင့်ပေးသည့် ကားတံခါးအတိုင်း သူ့ကားပေါ်သို့ တင်လိုက်၏။

"မမ"

ဟေဝန် ကားပေါ်ရောက်တာနှင့် ရန်အောင်မောင်မောင်က သူ့ကားကို မောင်းထွက်လိုက်တာမို့ ခွန်ဆက်နောင်ထံမှ မခံမရပ်နိုင်သလို ဟေဝန့်ကို လှမ်းခေါ်လိုက်သံကို ကြားလိုက်ရ၏။

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေပေမယ့် ဘယ်သူမှ စကားမပြောမိ။ အနွေးထည်ထူထူ ဝတ်ထားသည့် ရန်အောင်မောင်မောင်ကို တစ်ချက်လှမ်းကြည့်ပြီး အကြည့်ကို လွှဲလိုက်သည်။

"အိမ်ကိုပဲ ပြန်ပို့ပေးရမှာလား"

"ဟုတ်ကဲ့"

ရန်အောင်မောင်မောင်အသံက ထုံးစံအတိုင်း အေးစက်စက်။ ဟေဝန်တို့နားကို သူ အချိန်မီရောက်လာသဖြင့် နောင်ဆိုသည့် လူဆိုးလေးရန်မှ ကင်းဝေးခွင့်ရခဲ့တာကို ကျေးဇူးတင်မိသည်။

"နေမကောင်းဘူးလား အန်ကယ်"

"ဒီလိုပါပဲ၊ ခန္ဓာကိုယ်ရှိတော့ ဝေဒနာရှိတာပေါ့"

တရားစကားလား။ သံဝေဂရသည့်စကားလားမသိ။





ဟေဝန်ကတော့ ရန်အောင်မောင်မောင်ဆိုသည့်သူနှင့် တွေ့ရတာကို စိတ်ထဲက တိတ်တိတ်လေး ကျေနပ်နေသည်။

"တီ...တီ"

နောက်ပါးဆီမှ ကျယ်လောင်သော ကားဟွန်းသံနှင့်အတူ ဟေဝန်တို့ကားကို အရှိန်ပြင်းစွာ ကျော်ဖြတ်ဖို့ ကြိုးစားနေသော ခွန်ဆက်နောင်ကားကို တွေ့ရ၍ ဟေဝန့်မျက်နှာပျက်သွားကာ ရန်အောင်မောင်မောင်ကို အလန့်တကြား ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

"ဟိုကောင်လေးကား လိုက်လာပြီ အန်ကယ်"

မရည်ရွယ်ဘဲ ဟေဝန့်နှုတ်ဖျားက နောင့်အကြောင်း ထုတ်ဖော်ပြောလိုက်ပေမယ့် ရန်အောင်မောင်မောင်က ဂရုမစိုက်။ မျက်နှာပေါ်မှာလည်း ဘာအပြောင်းအလဲမှမရှိ။

ဖွတ်အတင်း ကျော်တက်ဖို့ ကြိုးစားနေသော ကားကို ခပ်အေးအေးပင် ကျော်တက်ခွင့်ပြုလိုက်၏။ ဟေဝန်မှာသာ နောင်လိုက်လာတာကိုကြည့်ပြီး ရင်မောထိတ်လန့်နေ၏။

ဒီကောင်လေးကမလွယ်။

မိဘအသိုင်းအဝိုင်းတစ်ခုလုံးက အလိုလိုက်ထား၍ ဆိုးချင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဆိုးပြီး ဘာကိုမှ ကြောက်လန့်ရကောင်းမှန်းမသိ။ ဟောဝန်တို့နောက်ကို သူ့ကားနှင့် လိုက်လာခြင်းမှာ ကောင်းသော လိုက်လာခြင်းမဟုတ်မှန်း ဟောဝန်စိတ်ထဲ အလိုလိုသိသည်။

''ကျွီး''

''အမလေး''

''ကျွီး''

ထင်သည့်အတိုင်းပင် လူရှင်းသည့်နေရာတစ်ခုမှာ နောင်က ဟောဝန်တို့စီးလာသည့် ကားရှေ့က သူ့ကားကို ကန့်လန့်ဖြတ် ပိတ်ရပ်လိုက်၍ ရန်အောင်မောင်မောင်လည်း သူ့ကားကို ရပ်လိုက်ရသည်။

ဟောဝန်မှာတော့ အလန့်တကြား အော်သံလေးနှင့်အတူ တစ်ဖက်ကားပေါ်က မိုက်တိမိုက်ကန်းပုံစံနှင့် ဆင်းလာသည့် နောင့်မျက်နှာကိုကြည့်ကာ ခံပြင်းဒေါသတွေ ဝေဆူသွားသည်။

''မင်းဘာလုပ်တာလဲ နောင်''

''မမကရော နောင့်ကို ဘာအချိုးချိုးသွားတာလဲ''

''ဟင်''

နောင်ကအရင် ဟောဝန့်ကို ဒေါသဖြစ်နေ၍ နောင့်မျက်နှာမှုန်ကုတ်ကုတ်ကိုကြည့်ပြီး ဟောဝန် နှုတ်ဆွံ့အသွား၏။





''ဒီမှာ ခင်ဗျားက မမရည်းစားလား''

''အို''

နောင့်က ဟောဝန်ကို ဂရုမစိုက်။

ကားထဲမှာ ငြိမ်ထိုင်နေသော ရန်အောင်မောင်မောင်မျက်နှာကို စိမ်းစူးစွာ ရန်လိုဟန်အပြည့်ဖြင့် ကြည့်ရင်း လေသံမာမာနှင့် မေးပုံက တစ်ဖက်လူကို ဒေါသမဖြစ်ဖြစ်အောင် ဆွပေးနေမှန်း ဟောဝန်သိသည်။

''မင်း သူ့ကိုများ မဆိုင်တာတွေ သွားမပြောနဲ့နော်၊ အခုကိစ္စက မင်းနဲ့ငါ့ကိစ္စ၊ သူနဲ့ဘာမှမဆိုင်ဘူး''

ကြားထဲက ဟောဝန်ကပဲ ရန်အောင်မောင်မောင်ဘက်က ရပ်တည်မိသည်။

''သူနဲ့မမ မဆိုင်ရင် ကျွန်တော့်ကိစ္စမှာ ဝင်မရှုပ်စေနဲ့၊ နေစမ်းပါဦး ဟိုတစ်ခါက မမနဲ့ကျွန်တော့်ကြား ဝင်ရှုပ်လို့ ပညာပေးလိုက်တဲ့လူက ခင်ဗျားပဲမဟုတ်လား''

နောင်က ရန်အောင်မောင်မောင်မျက်နှာကို အခုမှ မှတ်မိသွားဟန်ဖြင့် စေ့စေ့ကြည့်ရင်း မထိတရိရယ်သည်။

''ဒီမှာ ခင်ဗျား ကျွန်တော်နဲ့ယှဉ်မယ်ဆိုရင် အခုထဲက



www.burmeseclassic.com

www.burmeseclassic.com



ဂျူဒိုလေး၊ ကရာတေးလေး ဘာလေး သင်ထားဦး၊ အနည်းဆုံး"

"မင်းတော်တော့ နှောင်"

"ကားခေါင်းကမဆင်းနဲ့ ဟေဝန်၊ ကိုယ်ပဲ ဒီကိစ္စကို ရှင်းလိုက်ပါ့မယ်"

"မင်းဘာဖြစ်ချင်တာလဲ ချာတိတ်"

တစ်ချိန်လုံး ငြိမ်နေသော ရန့်အောင်မောင်မောင်က သူ့ကားပေါ်ကဆင်းရန် ခြေလှမ်းပြင်နေသော ဟေဝန်ကို လှမ်းတားပြီး ရန့်လိုနေသော နှောင်ကို တစ်ချက်လှမ်းကြည့်ပြီး အေးဆေးတည်ငြိမ်စွာ မေးခြင်းဖြစ်သည်။

"အကောင်းဆုံးက ခင်ဗျားမျက်နှာကို ကျွန်တော့် မမနားမှာ နောက်ထပ်မမြင်ချင်၊ မတွေ့ချင်ဘူး ဒါပဲ"

"ဟေဝန်က မင်းမမဟုတ်ဘူး ချာတိတ်"

"ဘာဗျာ့"

"ဟေဝန်က ကိုယ့်ချစ်သူ"

"အို"

"ခင်ဗျား မဟုတ်တာတွေ လျှောက်မပြောနဲ့နော်၊ အခုပဲ မမက ခင်ဗျားနဲ့သူ ဘာမှမဆိုင်ဘူးလို့ ပြောထားပြီးသား"





"ဒါဆို မင်းမမကို မေးကြည့်ပါ၊ မင်းမမက ဟုတ်တယ်ဆိုရင်"

"ခင်ဗျားပါးစပ် ပိတ်ထား"

နှောင့်မျက်နှာက ဒေါသဖြင့် ရဲနီနေ၏။ ဖြစ်နိုင်ရင် ရန့်အောင်မောင်မောင်ကို နေရာမှာတင် အမှုန့်ကြိတ်ပစ်ချင်နေပုံမျိုးဖြစ်သည်။

"ဒီလူပြောတာ ဟုတ်လား မမ"

"ဟုတ်တယ်"

"ကိုကိုက ဟေဝန့်ချစ်သူ၊ ကျေးဇူးပြုပြီး တို့ကို နောက်ထပ် မနှောင့်ယှက်ပါနဲ့လို့ တောင်းပန်ပါရစေ"

"ဟာကွာ…တောက်"

"ဒုန်း"

ဒေါသဖြစ်ဖြစ်နှင့် နှောင်က ရန့်အောင်မောင်မောင် ကားဘီးကို ဒုန်းခနဲ လှမ်းပစ်ကန်လိုက်ကာ တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်သည်။

ပြီးတော့ ဟေဝန်နှင့် ရန့်အောင်မောင်မောင်မျက်နှာကို စူးစူးရဲရဲစိုက်ကြည့်ရင်း…

"မမကို ကျွန်တော်စောင့်ကြည့်မယ်၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လိမ်တာညာတာဆိုရင်တော့ လုံးဝခွင့်မလွှတ်ဘူး''

''ခင်ဗျားကြီး သတိထားနေ''

နောင်က ဟောဝန်ကိုပြောရင်း ရန်အောင်မောင်မောင်ဘက်ကိုလှည့်ပြီး ခပ်ပြင်းဒေါသနှင့် ရန်လိုလိုက်ပုံကိုကြည့်၍ နှစ်ယောက်စလုံး ပါးစပ်ပိတ်နေလိုက်သည်။

မပိတ်လို့လည်းမရ။

နောင်က ရှူးရှူးရှားရှား ဒေါသများနှင့် ဟောဝန်တို့ကားကို ကျော်ခိုင်းပြီး လမ်းပေါ်ကန့်လန့်ဖြတ် ပိတ်ထားသော သူ့ကားပေါ်တက်ပြီး အရှိန်ပြင်းပြင်း ခပ်ကြမ်းကြမ်းမောင်းထွက်သွားပုံက ကြောက်စရာ။

အချိန်အတော်လေးကြာမှ ရပ်ထားသည့်ကားကို နေရာက မောင်းထွက်ခဲ့သည်။ ဟောဝန့်နှုတ်ဖျားက စကားစရခက်နေသလို ရန်အောင်မောင်မောင်ကိုယ်တိုင်လည်း ဟောဝန်ကို ဘာစကားမှ မပြော။

ကားစက်သံမှတစ်ပါး တိတ်ဆိတ်ခြင်းကို လွှမ်းမိုးထားသည့် အနေအထားမှာ ဟောဝန့် အနေရခက်စွာ ရင်တစ်ခုလုံး မွန်းကြပ်သွား၏။

❖ ❖ ❖

ဗိုး:မိုး:ဝ၁၆ပ

## အခန်း (၁၁)

ဒီနေ့မှ လက ရွှန်းရွှန်းမြမြသာနေ၏။

ဟောဝန်ကို အိမ်ပြန်မပို့ပါ ရန်အောင်မောင်မောင်က ဒီနေရာလေးကို တမင်ခေါ်လာခြင်းဖြစ်သည်။ လူ့ဘဝမှာ ကြိမ်နှင့်ခွဲပြီးနောက် ပထမဆုံး ဟောဝန်ဆိုသည့် မိန်းမလှလေးနှင့် ပတ်သက်မိခြင်းဆိုလည်းမမှား။

မှန်တာဝန်ခံရလျှင် ဟောဝန်ကို ရန်အောင်မောင်မောင်ကိုယ်တိုင်လည်း တိတ်တခိုး ငြိတွယ်ခဲ့မိရပါပြီ။ ဟောဝန်နှင့်စတွေ့ထဲက ဟောဝန့်အလှကို သူသတိထားမိခဲ့သည်။ ပြန်လည်ဆုံတွေ့ရလိမ့်ဦးမည်လို့တော့ မမျှော်လင့်။

မျှော်လင့်နေစရာလည်းမလို။

ဗိုး:မိုး:ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာရေးရာမှာ အချစ်ဆုံးသူနှင့် ကျဆုံးရှုံးနိမ့်ပြီးထဲက နောက်ထပ်ချစ်ရမှာကို ရန်အောင်မောင်မောင် ကြောက်သွားသည်။ လန့်သွားသည်။ ဘယ်လိုအချစ်မျိုးကိုမှ မယုံကြည်တော့။

သူ့ဘဝ၊ သူ့နှလုံးသား၊ ချစ်ခြင်း၊ မုန်းခြင်း၊ ပျော်ရွှင်ခြင်းများကို ကြိမ်က တစ်စစီ တစ်ပိုင်းစီ ဆုတ်ခြေနင်းဖျက်ပစ်ခဲ့သည်။

ရန်အောင်မောင်မောင် နှလုံးသားမှာ ဘာခံစားချက်မှ မကျန်အောင် ရက်စက်စွာ စီရင်ရက်ခဲ့သည့် ကြိမ်။ အချစ်ဦး၊ အချစ်ဆုံးအဖြစ် ကြိမ့်ကို အလုံးစုံ ယုံကြည်စိတ်ချထားခဲ့သည်။

ကြိမ့်အပေါ်မှာ ရှိရှိသမျှအချစ်တွေ ပုံအောချစ်ခဲ့တာကိုက ရန်အောင်မောင်မောင် အမှားဆိုတာ နောက်ကျပြီးမှ သိခွင့်ရခဲ့သည်။

သူ့အမှား သူသိလိုက်ရချိန် အရာအားလုံး နောက်ကျသွားခဲ့ပြီ။ ဘာတစ်ခုကိုမှ ပြန်လည်ပြင်ဆင်ခွင့်မရှိတော့သည့် အခြေအနေမှာ ကြိမ့်ဆုံးဖြတ်ချက်၊ ကြိမ့်ဆန္ဒ၊ ကြိမ့်သဘောထားကို ခံယူရုံမှတစ်ပါး ရန်အောင်မောင်မောင်ဘက်က ဘာဆိုဘာတစ်ခုမှ မတတ်နိုင်ခဲ့။

ကြိမ်မှာ ရန်အောင်မောင်မောင်ဆိုသည့် သူ့ထက်ချစ်ရမယ့်





သူက ကြိုတင်ရှိနှင့်နေခဲ့သည်။ ချစ်သူကို မြတ်မြတ်နိုးနိုး ချစ်ခဲ့သည့် ရန်အောင်မောင်မောင်က အလုပ်ထဲမှာသာ အာရုံကို စူးနစ်ထားခဲ့သည်။

တစ်နေ့ လက်ထပ်မယ့်ချစ်သူများအဖြစ် ယုံကြည်စိတ်ချပြီး တစ်ယောက်တစ်နယ်စီ အလှမ်းဝေးနေချိန်မှာ ဖုန်းဆက်ရုံ၊ လက်ဆောင်ပေးရုံ၊ စာလှမ်းရေးရုံနှင့် ပြီးပြည့်စုံသည်ဟု ထင်ထားခဲ့သူ။ ချစ်သူရဲ့ အပြောင်းအလဲတွေကို ဘာတစ်ခုမှ ပြန်လည်မဆန်းစစ်ကြည့်မိခဲ့။

နောက်ဆုံး လက်ထပ်ကြတဲ့အချိန်အထိ ကြိမ်ဘက်က အပြောင်းအလဲလေးတွေကို ဘာဆိုဘာမှ မဆန်းစစ်ခဲ့မိသည့် ယောကျ်ား။ နောက်ဆုံး ကြိမ်ကိုယ်တိုင် ရန်အောင်မောင်မောင်ကို ကွာရှင်းခွင့်တောင်းလာမှ…

ကြိမ်ကိုယ်တိုင် ရန်အောင်မောင်မောင်ဆိုသည့် သူ့အနားမှာ မပျော်နိုင်တော့ပါဟုဆိုလာမှ…

ကြိမ့်သဘောဆန္ဒအတိုင်း ကြိမ့်ကို စွန့်လွှတ်ခဲ့ရသူ။ အရေးအကြီးဆုံးက ကြိမ့်ဘဝ ပျော်ရွှင်ဖို့။ ကြိမ် စိတ်ချမ်းသာဖို့ သူ့နှလုံးသားကို စတေးပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူချစ်တဲ့သူနဲ့ ကြိမ်က နိုင်ငံခြားကို အပြီးထွက်သွားချိန်မှာ ရန်အောင်မောင်မောင်က ခံစားချက်မဲ့၊ နှလုံးသားဗလာနဲ့ ဘဝမှာ ရန်အောင်မောင်မောင်က ခံစားချက်မဲ့၊ နှလုံးသားဗလာနဲ့ ဘဝ

သူချစ်တဲ့သူနဲ့ ကြိမ်က နိုင်ငံခြားကို အပြီးထွက်သွားချိန်မှာ ရန်အောင်မောင်မောင်က ခံစားချက်မဲ့၊ နှလုံးသားဗလာနဲ့ ဘဝ ပျက်ခဲ့ရသည့်လူသား။ ပျော်ရွှင်ခြင်းဆိုတာ သူနဲ့ဟိုးအဝေးကြီးမှာ ကျန်ခဲ့သည့်အရာ။

ဘယ်သူနဲ့မှ မတွေ့အောင် နေခဲ့သည်။

ဘယ်လိုအရာနဲ့မှ မပတ်သက်ဖြစ်အောင် သူကြိုးစားနေသည့်ကြားက ဟေဝန်ဆိုသည့် မိန်းမလှလေးက ရန်အောင်မောင်မောင်ဘဝထဲကို ထူးခြားဆန်းကြယ်စွာ ဝင်ရောက်ဖို့ ကြိုးစားခဲ့သည်။

သူလိုလူတစ်ယောက်အပေါ်မှာ ထားရှိသည့် ဟေဝန့်အချစ်၊ ဟေဝန့်မေတ္တာ သူမြင်သည်၊ တွေ့သည်။ သူ့အတွက် ဘာမှမထူးခြား။ ဘာခံစားချက်မှမပေး။ သူ့နှလုံးသားကိုရော၊ သူ့ဘဝကြီးတစ်ခုလုံးကိုရော အသေသော့ခတ်ပိတ်သိမ်းထားသည့်ကြားက။

အေးစက်သေဆုံးနေသော ရန်အောင်မောင်မောင် နှလုံးသားကို ပြန်လည်ရှင်သန် နွေးထွေးလှုပ်ခတ်အောင် ပြုစားလာသည့်ကလေးမ။

ဒီကြားထဲ ထူးခြားဆန်းကြယ်စွာ တိုက်ဆိုင်လာသည့်





အကြောင်းအရာတွေကြောင့်လည်း ဟေဝန်နှင့် ဝေးအောင် ကြိုးစားခွင့်မရခဲ့တာလည်း ပါသည်။

အခု ရန်အောင်မောင်မောင်၊ နောင်နှင့် ဟေဝန်တို့ သုံးပွင့်ဆိုင် တွေ့ဆုံကြသည့်ပွဲမှာ ရန်အောင်မောင်မောင်က လူကြမ်းကြီးဖြစ်နေသည်။

"အန်ကယ့်ကို ဟေဝန် တောင်းပန်ပါတယ်၊ ဟေဝန့်ကြောင့် အန်ကယ် လူမုန်းခံဖြစ်ရတာ ဟေဝန် စိတ်မကောင်းပါဘူး"

တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ ဟေဝန်နဲ့ ရန်အောင်မောင်မောင် နှစ်ယောက်ထဲ။ သူ့ထက် ခေါင်းတစ်လုံးစာနိမ့်သော ဟေဝန့်မျက်နှာလှလှလေးကို ရန်အောင်မောင်မောင် ငုံ့ကြည့်လိုက်၏။ ဟေဝန်က သူ့ကိုမကြည့်။ စိတ်ရှုပ်ထွေးသည့် မျက်နှာလေးနှင့် ဟိုးအဝေးကို မျှော်ငေးကြည့်နေ၏။

"ကိုယ့်ကို ဟေဝန် ဘယ်လိုမြင်လဲ"

သူ့အမေးစကားအဆုံးမှာ လှပဝိုင်းစက်သော ဟေဝန့်မျက်ဝန်းအစုံက ရန်အောင်မောင်မောင်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။

ပြီးမှ သူ့မျက်လုံးအစုံကို တည့်တည့်စိုက်ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



''လူတစ်ယောက်လို့ပဲမြင်တယ်''

ဟောဝန့်အဖြေစကားကြောင့် သူ့နှုတ်ခမ်းမှာ ပြုံးယောင်သန်းသွားပြီးမှ…

''ကိုယ်မေးတာ အဲဒါမဟုတ်ဘူး''

''ဒါဖြင့် အန်ကယ်က ဘာကိုမေးတာလဲ''

ရန်အောင်မောင်မောင် ဘာမှမပြော။ ဟောဝန့်မျက်နှာလှလှလေးကို လရောင်အောက်မှာ တစ်ချက်စိုက်ကြည့်ပြီး အကြည့်ကိုလွှဲလိုက်သည်။

ပြီးတော့ ခြေလှမ်းတွေက ဟောဝန့်နားက ရွေ့သွားပြီး လမင်းကို မော့ကြည့်သည်။

''ကိုယ့်အကြောင်း ပြောပြမယ်၊ နားထောင်မလား''

ရန်အောင်မောင်မောင်ထံမှ မထင်မှတ်သည့် စကားကြောင့် ဟောဝန့်ရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသည်။ မမကယ်ရီလင်းက ဦးမောင်အကြောင်း ဟောဝန့်သိအောင် ပြောပြထားလို့ သိထားရတာထက် ကာယကံရှင်ကိုယ်တိုင် ပြောပြတာကို ဟောဝန့် ပိုနားထောင်ချင်ပါသည်။

''အန်ကယ့်သဘောပါ''





သူက ဟောဝန့်အပြောကို ခေါင်းညိတ်သည်။

''ကိုယ်တို့ စတွေ့တာ လေယာဉ်ပေါ်မှာနော်''

''ဟုတ်ကဲ့''

''နောက်ထပ် ပြန်ဆုံစရာမရှိတော့ဘူးလို့ ထင်ထားခဲ့ပေမယ့် ကမ္ဘာမြေကြီးက ကျဉ်းကျဉ်းလေးဆိုတာ ကိုယ်တိုင်လက်တွေ့လာကြုံမှ ယုံတယ်''

''အန်ကယ်က ဟောဝန်နဲ့ ပြန်တွေ့ရတာ နှောင်တရနေတာလား''

''ဖြစ်နိုင်ရင်ပေါ့''

''ရှင်''

''ကိုယ် ဘယ်သူနဲ့မှ ပြန်မဆုံချင်ဘူး၊ ဖြစ်နိုင်ရင်ကိုယ့်ဘဝ ကိုယ့်ပုံစံခွက်ထဲမှာပဲ ဘဝတစ်ခုကို အဆုံးသတ်ချင်တယ်''

''ဒါပေမဲ့ ဘဝဆိုတာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်မှမရှိဘဲ၊ သူဖြစ်ချင်တာတွေချည်း ဖြစ်နေတတ်တယ်''

သူပြောသမျှကို ဟောဝန် ငြိမ်ပြီးနားထောင်နေရုံမှတစ်ပါး နှုတ်ဆိတ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကိုယ်ဟာ လူလွှတ်တစ်ယောက်မဟုတ်ဘူး၊ အိမ်ထောင်ရှိတဲ့ လူတစ်ယောက်ပဲ ပန်းယောဝန်၊ ဘာဖြစ်လို့ ယောဝန်ကို ဒီအကြောင်း ပြောပြနေရတာလဲဆိုတော့ ယောဝန့်လို ဂုဏ်သရေရှိ မိန်းမပျိုလေးတစ်ယောက်အနေနဲ့ ကိုယ့်လို အိမ်ထောင်သည်တစ်ယောက်နဲ့ ရင်းနှီးပတ်သက်မိရင် ယောဝန့်ဘက်က အများကြီး ထိခိုက်နစ်နာရလိမ့်မယ်ဆိုတာ ယောဝန် သိထားသင့်တယ်ထင်လို့"

"အခုလို ယောဝန့်ကို သတိပေးတာ ကျေးဇူးတင်ပါတယ် အန်ကယ်"

ယောဝန့်စကားအဆုံးမှာ ရန်အောင်မောင်မောင်ထံမှ သက်ပြင်းချသံ ကြားရ၏။

"ကိုယ်စိတ်မကောင်းပါဘူး၊ တကယ်တော့ ကိုယ်နဲ့ဆုံတွေ့ဖို့ ဖြစ်လာရတာကိုက ယောဝန် ကံဆိုးတာပဲ၊ ဖြစ်နိုင်ရင် ကိုယ့်အပေါ်ထားတဲ့ ယောဝန်ရဲ့ ခင်မင်ရင်းနှီးမှုကို ဒီနေ့ကစပြီး ပြန်ရုပ်သိမ်းသင့်တယ်"

ထင်မှတ်မထားသည့် ရန်အောင်မောင်မောင်အပြောကြောင့် ယောဝန့်ရင်ထဲ ခံပြင်းဒေါသဖြင့် လှိုင်းထန်သွားသည်။





"ဒါက ယောဝန့်အပိုင်းပါ အန်ကယ်၊ ကံဆိုးခြင်း ကံကောင်းခြင်းဆိုတာ ယောဝန့်ကိစ္စပါ၊ အန်ကယ်နဲ့မဆိုင်ပါဘူး"

"ပြီးတော့ ယောဝန်ကို ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့လို့ အမိန့်ပေးစရာမလိုပါဘူး၊ ယောဝန်ကို အန်ကယ်မကူညီချင်လည်း ရတယ်၊ ယောဝန် ဘယ်သူ့ကိုမှ မကြောက်ဘူး"

သူ့အကြည့်တွေက ယောဝန့်ထံ ဖျတ်ခနဲရောက်လာသည်။ ယောဝန်ကလည်း သူမအကြည့်တွေကို လွှဲဖယ်ခြင်းမပြု။ ရန်အောင်မောင်မောင်မျက်နှာကို ရင်နာနာနှင့် တုံ့ပြန်ကြည့်သည်။

သူ ယောဝန့်ကို ပြောနေသည့် စကားအဓိပ္ပာယ်တိုင်း ယောဝန် သိသည်။ နားလည်သဘောပေါက်သည်။ ဒါကိုပဲ ယောဝန် ရင်နာသလို သူ့မျက်နှာပေါ်မှာလည်း ယောဝန် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသော အရိပ်တချို့ကို တွေ့ရ၏။

ခံစားချက်ကင်းမဲ့သော မျက်နှာ၊ ခံစားမှုကင်းသော နှလုံးသားပိုင်ရှင်အဖြစ် သတ်မှတ်ခဲ့သော လူတစ်ယောက်၏ မျက်နှာပေါ်က ပြောင်းလဲလာသော ခံစားတတ်သော မျက်နှာက နဂိုထက်ပို၍ တင်းမာအေးစက်စွာ ယောဝန့်မျက်နှာကို စိုက်ကြည့်သည်။

"မင်းဟာ အရူးပဲ၊ မင်း ကိုယ့်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်သိလို့လဲ ဟောဝန်"

ဟောဝန် မဖြေ။

ရန်အောင်မောင်မောင်ဆိုသည့် သူ့မျက်နှာကိုသာ တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို ခပ်တည်တည် ပြန်ကြည့်နေလိုက်သည်။

"ပြောလေ...ပန်းဟောဝန်၊ မင်း ကိုယ့်အကြောင်း ဘယ်လောက်သိလဲဆိုတာ"

သူက ဟောဝန့်မျက်နှာကို စိုက်ကြည့်ပြီး မေးသည်။ သူ့အမေးကို ဖြေစရာ ဟောဝန့်မှာမရှိ။

ဟောဝန် ခေါင်းခါယမ်းလိုက်၏။

"ဟောဝန် အန်ကယ့်ကို ဦးရန်အောင်မောင်မောင်ဆိုတာပဲ သိတယ်၊ ကျန်တာ ဘာမှမသိဘူး၊ သိစရာလည်းမလိုဘူးထင်တယ်"

"အန်ကယ့်ကိုပဲ ခင်တာ၊ အန်ကယ် ပတ်သက်ခဲ့ဘူးတဲ့ အတိတ်တွေ၊ အနာဂတ်တွေ မပါဘူး၊ ပစ္စုပ္ပန်က ဦးရန်အောင်မောင်မောင်ကိုပဲ သိတယ်၊ တခြား ဘာကိုမှသိစရာမလိုဘူး"

"ဟုတ်ပြီ၊ အဲဒါက မင်းခံယူချက်၊ မင်းသဘောထားပဲ ပန်းဟောဝန်၊ ဒါပေမဲ့ မင်းသိထားရမှာက ကိုယ်နဲ့သက်ဆိုင်ပတ်သက်





မိတဲ့ ယောကျ်ားဟာ မင်းရဲ့ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေမယ့် ယောကျ်ားတစ်ယောက် ဖြစ်နေခဲ့ရင် မင်း ရှေ့ဆက်လုပ်မယ့် စိတ်ကူးလဲ"

"မင်း ကိုယ့်ကို ရှေ့ဆက်ခင်မင်ရင်းနှီးဦးမှာလား"

ဒီတစ်ခါတော့ ဟောဝန် ဘာမှမပြော။ ရန်အောင်မောင်မောင်မျက်နှာကိုသာ ငေးကြည့်ရင်း စိတ်ထဲ အလိုလိုဝမ်းနည်းလာကာ ငိုချင်လာ၏။

ဦးမောင်ဟာ ဘယ်လိုယောကျ်ားမျိုးလဲ။

ဦးမောင်မှာ ဘယ်လိုအကြောင်းအရာတွေ ရှိခဲ့လဲ။

ဘာဖြစ်လို့များ ဦးမောင်က သူ့အကြောင်းတွေ စုံစမ်းခိုင်းရတာလဲ။ ဟောဝန် နားမလည်တော့ပါ။ ဟောဝန် နားလည်သဘောပေါက်လိုက်တာ တစ်ခုပဲရှိသည်။ ထိုအရာက တခြားမဟုတ်။

ဟောဝန့်ကို သူ့အနားမှာ မရှိစေလိုခြင်း။

သူနဲ့ဟောဝန် ပတ်သက်သမျှကို ရပ်တန့်လိုခြင်း။ ဒါ့အပြင် တခြားမရှိ။ ရန်အောင်မောင်မောင်မျက်နှာကို နာကျင်သောနှလုံးသားဖြင့် ဟောဝန် ကြည့်လိုက်သည်။

"ဟောဝန် ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြီး သူ့ရှေ့က ချာခနဲ လှည့်ထွက်ခဲ့သည်။ တစ်စုံတစ်ခုံ တားမြစ်ခြင်းမပြုဘဲ ရန်အောင်မောင်မောင်က ယောဝန့်အတွက် ကားတံခါးကို သူကိုယ်တိုင်ဖွင့်ပေးသည်။ လရောင်ဆမ်းသည့် အပြန်လမ်းမှာ ကားစက်သံမှတစ်ပါး မည်သည့်အသံမှ မရှိအောင် တိတ်ဆိတ်လျက်။

❖ ❖ ❖



## အခန်း (၁၂)

"ကိုယ်ဟာ လူလွတ်တစ်ယောက်မဟုတ်ဘူး၊ အိမ်ထောင်ရှိတဲ့ လူတစ်ယောက်"

မဟုတ်ဘူး…မဟုတ်ဘူး၊ ယောဝန်ကိုညာတာ ကာယကံရှင်ကိုယ်တိုင်က သူ့ကိုယ်သူ အိမ်ထောင်သည်တစ်ယောက်ပါလို့ ဝန်ခံလိုက်တာကိုပဲ ယောဝန် နားထဲခါးနေသည်။ အသည်းနှလုံးထဲ နာကျင်နေသည်။

ယောဝန် ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာပဲ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာ၏။ မမကာယ်ရီလင်းပြောတုန်းက ဦးမောင်က အိမ်ထောင်ကွဲ၊ တစ်ခုလပ်တစ်ယောက်။

အခု ဦးမောင်ကိုယ်တိုင်ပြောတော့ သူက အိမ်ထောင်ရှိသူ၊ တွယ်ငြိမိသော နှလုံးသားအချစ်ဇာတ်လမ်းလေးက ဒီနေရာမှာ အဆုံး



www.burmeseclassic.com

www.burmeseclassic.com



သတ်ရန်မှတစ်ပါး တခြားမရှိ။

ဝန်ဇင်းရယ်။

ဟောဝန်တော့ နင့်ကို အနိုင်ယူဗိုလ်ကျခဲ့သမျှ အခုတော့ လုလုပပကြီး ဝဋ်လည်နေပြီ သူငယ်ချင်းရယ်။

ရှေ့ဆက်ပြီး ရန်အောင်မောင်မောင်နှင့် ပတ်သက်ရန် ဟောဝန်မှာ အကြောင်းမရှိတော့ပါ။ တိုက်ဆိုင်ချင်တော့ စောသက်လယ် ပြန်ရောက်လာသည့်အတွက် ဆေးခန်းကိစ္စကို ပြန်လွှဲလိုက်သည်။ ဆေးရုံနှင့်အိမ်ကလွဲပြီး တခြားသွားစရာမရှိ။

နောင်ဆိုသည့် ကောင်လေးရန်ကလည်း ကင်းရှင်းသွားအောင် သတိနှင့်နေသည်။

"ဘယ်လိုလဲ ဟောဝန်၊ ယူနဲ့ယူ့လူကြီးအကြောင်း မကြားတော့ပါလား"

စောသက်လယ်စကားကြောင့် ဟောဝန့်ရင်မှာ ထိတ်ခနဲဖြစ်သွားသည်။

"စောက ဘယ်သူ့ကိုမေးတာလဲ"

"ဘယ်သူရှိရဦးမှာလဲ ဝန်ဇင်းလေ"

"ဪ"

ဝန်ဇင်းနာမည်ကြားမှ ဟောဝန်ရင်ထဲ စိတ်သက်သာရ





ရသွားသည်။ ဟောဝန်ထင်တာက ရန်အောင်မောင်မောင်အကြောင်း မေးတာထင်ပြီး ရင်ထိတ်သွားရခြင်းဖြစ်သည်။

"သူနဲ့က ဒီလိုပါပဲ"

"ဝန်ဇင်း သနားပါတယ်"

စောသက်လယ်စကားကို ဒီတစ်ခါတော့ ဟောဝန် မငြင်းပါ။ သေချာတွေးကြည့်တော့ ဝန်ဇင်းအဖြစ်က သနားစရာ။ မရတာကိုမှ လိုချင်ကြသူခြင်းအဖြစ် အခုတော့ ဝန်ဇင်းရင်ထဲက ဝေဒနာကို စာနာနားလည်နိုင်ခဲ့ပါပြီ။

"ယူ့အကြောင်းတွေ ဝန်ဇင်းသိရင် ဒီကိုချက်ချင်းပြေးလာမှာ သေချာတယ်"

"ဘာအကြောင်းလဲ စော"

"အမလေး...ဟောဝန်ကသာ စောကို ဘာမှမပြောတာ၊ ဆေးရုံမှာ ဟောဝန်ကို နောင်ဆိုတဲ့ကောင်လေး ဖွတ်လိုက်၊ ဖွတ်ကြိုက်နေတဲ့အကြောင်းနဲ့ ဟောဝန့်ကို နောင့်ရန်က ကာကွယ်ပေးနေတဲ့ ဟီးရိုးအကြောင်း အစုံပဲ"

"နောင့်ကိုတော့ စောသိတယ်၊ ဟီးရိုးဆိုတဲ့လူက ဘယ်သူလဲ၊ ဟောဝန် ဟိုတစ်ခါကပြောတဲ့ ဟောဝန် စိတ်ဝင်စားတဲ့လူဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အို"

စော အမေးစကားအဆုံးမှာ ဟောဝန့်မျက်နှာ နှင်းဆီရောင်ပြောင်းသွားသည်။ မေးတဲ့လူက မေးနေပြီ။ ဖြေရမယ့် ဟောဝန်ပါးစပ်ဖျားမှာ ဖြေရမယ့်အဖြေ ရှာမတွေ့။

"ဟောဝန်ထက် အသက်ကြီးပေမယ့် တော်တော်ချောတယ်လို့ ပြောကြတယ်၊ ဘာတဲ့ သူ့နာမည်က ဦးရန်အောင်မောင်မောင်ဆိုလား"

နာမည်ကအစ အတိအကျ။

ဟောဝန်တို့အကြောင်း ပတ်ဝန်းကျင်မှာ ဘယ်လောက်ပြောနေသည်မသိ။

"အဲဒီလူက မနော်ဖြူမှာ နေတာဆိုတော့ ဒီကမဟုတ်ဘူး၊ ဧည့်သည်ပေါ့"

စောသက်လယ်က သူ့ထင်မြင်ယူဆချက်ကိုပါ တစ်ဆက်တည်း ပြောပေမယ့် ဟောဝန်က မလှုပ်။ ပြောစရာစကား ရှာမတွေ့သလို စောမျက်နှာလေးကို ငေးနေမိသည်။

"ဘယ်လိုလဲ ဟောဝန်၊ စောကို ဘာမှပြန်မပြောတော့ဘူးလား"

"ဟောဝန်မှာ ပြောစရာစကားမှ မရှိဘဲ"





"ဘယ်လို၊ ဒါဖြင့် အပြင်မှာ စောကြားနေရတဲ့ သတင်းတွေက ဟာကယ်မဟုတ်ဘူးပေါ့"

"စောက ဘာသတင်းတွေ ကြားနေရလို့လဲ"

"ဟောဝန်နဲ့ ဦးရန်အောင်မောင်မောင်တို့ ချစ်သူတွေ ဖြစ်နေကြတယ်ဆိုတဲ့သတင်းလေ၊ အတိအကျပြောရရင် လက်ထပ်ကြမယ်ဆိုတဲ့အထိ"

"သူနဲ့ဟောဝန် ဘာမှမပတ်သက်ပါဘူး စောရယ်၊ နေ့ရှင်ကြောင့် ဒီကိစ္စတွေ ဖြစ်လာရတာမျိုးပါ"

"ဒါဖြင့် ဟောဝန်တို့က"

"ဘာမှမဟုတ်ဘူး၊ အသိမိတ်ဆွေအဖြစ် ခင်မင်ကြရုံကလွဲပြီး တခြားဘာမှမရှိဘူး"

စောက ဟောဝန်စကားကို နားထောင်ပြီး ချစ်စဖွယ်ပြုံးသည်။ ထိုအပြုံးက ဟောဝန့်စကားကို မယုံကြည်ဟန်။

"အစတော့ ရိုးရိုးပေါ့၊ နောက်မှ"

"စောထင်သလို မဖြစ်ပါဘူးစောရယ်၊ သူက လူတစ်မျိုးပါ၊ အထူးသဖြင့် မိန်းမတွေနဲ့ ပတ်သက်ပြီး နာကြည်းစရာ အတိတ်ရှိတဲ့ လူတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝါးလုံးရှည် သိမ်းရမ်းတဲ့လူမျိုးလား"

"အဲဒီလို ပြောရမယ်ထင်တယ်၊ သူ့နှလုံးသားမှာ နောက်ထပ် ချစ်စရာ အချစ်မရှိတော့ဘူး"

"သူက အဲဒီလိုပြောလား"

"ပါးစပ်ကတော့ ထုတ်မပြောပါဘူး၊ ဒီလိုပဲ သူ့အမူအရာ၊ သူ့စကားတွေကိုကြည့်ပြီး ကိုယ့်ဘာသာ ဘာသာပြန်ကြည့်ထားတာ"

ပြောရင်း ဟေဝန့်နှလုံးသားတွေ အဆမတန် နာကျင်လာသည်။ မျက်ဝန်းထဲမှာလည်း ရန်အောင်မောင်မောင် ရုပ်သွင်က ပျောက်မသွား။ ဘာလို့များ ဒီလိုလူကိုမှ ဟေဝန့်နှလုံးသားက နင့်နင့်သည်းသည်း လှိုက်လှဲနက်ရှိုင်းစွာ ချစ်ခဲ့၊ မြတ်နိုးခဲ့ရတာပါလိမ့်။

သူ့ကိုချစ်မိတာ ဟေဝန် ကံဆိုးတာပဲ။

ဒါကိုတော့ ဟေဝန် သိသည်။ အလွန်အေးစက်မာကြောတဲ့ နှလုံးသားနဲ့လူမှာ ချစ်တတ်တဲ့ နှလုံးသားမရှိတာ ဆန်းမှမဆန်းပဲ။

"ဘဝဆိုတာ ဒီလိုပါပဲ၊ ကိုယ်ဖြစ်ချင်တာတွေ မဖြစ်ဘဲ သူဖြစ်ချင်တာတွေချည်း ဖြစ်နေရတာမျိုးပေါ့၊ ကံကောင်းကြတဲ့သူ





တွေက လွဲရင်ပေါ့လေ"

စောကလည်း သူ့ခံစားချက်နဲ့သူဆိုတော့ စကားအဓိပ္ပာယ်တွေက လေးနက်သိမ်မွေ့ခြင်းတွေနဲ့ နက်နက်ရှိုင်းရှိုင်း။ ထိုတစ်ညလုံး ဟေဝန် ဘယ်လိုမှ အိပ်မရ။ ပြတင်းတံခါးကို အကျယ်ကြီးဆွဲဖွင့်ပြီး အဓိပ္ပာယ်မဲ့ မိုးကောင်းကင်ကြီးကို ငေးကြည့်နေမိသည်။ ရာသီဥတုက စိမ့်နေအောင်အေးပေမယ့် ဟေဝန့်ရင်ထဲမှာ နေဆာယ်စင်းလို ပူနေသည်။

ဒါကို ဘယ်သူသိနိုင်မှာလဲ။

ချစ်သူရဲ့ ဥပေက္ခာဆန်မှုဟာ ဟေဝန့်နှလုံးသားကို ဘယ်လောက် အခံရခက် နာကျင်စေသည်ဆိုတာ ချစ်တတ်သူခြင်းမှသာ စာနာနားလည်နိုင်မည့် ခံစားချက်ဆိုတာ အခုတော့ ဟေဝန်နားလည်သဘောပေါက်ခဲ့ရပါပြီ။

တစ်ချိန်လုံး ဝန်ဇင်းအချစ်၊ ဝန်ဇင်းမေတ္တာကို ပျက်ရယ်ပြုခဲ့သည့် ဟေဝန်။ အသိအမှတ်ပြုကောင်းမှန်း၊ သနားကြင်နာရကောင်းမှန်း မသိခဲ့သည့် ကလေးမ။

အခုကြမှ ကိုယ်ရသည့်ဒဏ်ရာက နာလှချည်ရဲ့၊ ပြင်းလှချည်ရဲ့ဆိုရင် ဝန်ဇင်းအပေါ်မှာ ဟေဝန်ဘက်က တရားမျှတမှုရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးမလား။ မိုးလင်းခါနီး လင်းကြက်တွန်မှ ဟောဝန် အိပ်ရာဝင်ဖြစ်သည်။

နောက်တော့ ဟောဝန် ဘာမှမသိတော့။ နောက်ရက်ကစပြီး ဟောဝန့်အာရုံကို တာဝန်နဲ့ဝတ္တရား အလုပ်ထဲမှာ အစွမ်းကုန်နှစ်မြှုပ်ဖို့ ကြိုးစားသည်။ ဦးမောင်နဲ့ပတ်သက်ပြီး ဘာကိုမှ မတွေးဖြစ်အောင်၊ သတိမရမိအောင် နေသည်။ အလုပ်နှင့်လက် အပြတ်မခံသလို အနားယူချိန်မှာလည်း စာအုပ်တစ်အုပ်ကို စိတ်ဝင်စားအောင် ဇွတ်နှစ်ပြီး ဖတ်သည်။

နားရက်မှာ ဟောဝန်တစ်ယောက်တည်း စောသက်လယ်ကားလေးနဲ့ လူနာတစ်ယောက်ကို သွားကြည့်ပေးရသည်။ အသွားတုန်းက ကားက ဘာမှမဖြစ်။ အပြန်ကြမှ ကားက လမ်းတစ်ဝက်မှာ ယိုးရပ်သွားတော့ ဟောဝန် ဘာမှမလုပ်တတ်ဘဲ ဖြစ်သွား၏။

ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ ကြပြန်တော့လည်း ဟောဝန် ကားပျက်သည့်နေရာက လူရှင်းသည့်နေရာဖြစ်တာနှင့် စိတ်ညစ်ညစ်နှင့် ကားပေါ်က အဆင်း....

"တီ...တီ"

ကားဟွန်းသံနှင့်အတူ ဟောဝန့်နား နီးကပ်စွာ ထိုးဆိုက်ရပ်





လာသည့် ကားတစ်စီးကြောင့် ဟောဝန် လှမ်းအကြည့်...

ဟင်...နောင်ပါလား။

နောင့်မျက်နှာချောချောကို မြင်လိုက်ရတော့ ဟောဝန် ပိုစိတ်ညစ်သွားသည်။ ဒီလိုအချိန်၊ ဒီလိုနေရာမျိုးမှာ ဟောဝန့်အချစ်ကိုမှ မရရင် အခုပဲသေတော့မလို ပုံစံမျိုးလုပ်ပြနေသည့် နောင့်လိုလူဆိုးနှင့် မတွေ့ချင်။

ကားပေါ်က နောင်ဆင်းလာပြီး ဟောဝန့်နား လျှောက်လာ၏။

"ကားဘာဖြစ်တာလဲ မမ"

"မြင်တဲ့အတိုင်းပဲ"

လေသံက မာသလို မျက်နှာထားလည်း တင်းလှသော ဟောဝန်ကိုကြည့်ပြီး နောင်က သဘောကျသလို ရယ်သည်။

"မမတစ်ယောက်တည်း တွေ့ပါစေလို့ ဆုတောင်းနေတာ အခုမှပဲ နောင့်ဆန္ဒ ပြည့်တော့တယ်"

"ဒီမှာ ကားပျက်လို့ စိတ်ညစ်နေရတဲ့အထဲ မင်းက ဘာစကားတွေ လာပြောနေတာလဲ နောင်၊ မင်း ကိုယ့်ကို မကူညီချင်နေပါ မနှောင့်ယှက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက မကူညီချင်ဘူးပြောနေလို့လဲ မမရဲ့၊ နောင် ဆုတောင်းထားတဲ့အတိုင်း မမကို တစ်ယောက်တည်း တွေ့လိုက်ရလို့ အပျော်လွန်သွားတဲ့အကြောင်း ပြောပြတာပါဗျာ"

"ကဲ...မမကား ဘာဖြစ်လဲဆိုတာ နောင် ကြည့်ပေးမယ်"

ဖြစ်နိုင်ရင် နောင့်ထံမှ ဘာအကူအညီကိုမှ မလိုချင်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါအရ ငြင်းပယ်လို့လည်း မဖြစ်တာနှင့် ပါးစပ်ပိတ်ပြီး အသာငြိမ်နေလိုက်ရသည်။

နောင်က ဟောဝန့်ကားလေးကို သေချာစစ်ဆေးပေးပေမယ့် ကားစက်က မနိုး။ အချိန်က အမှောင်ရင့်လာသလို ဟောဝန့်မျက်နှာလှလှလေးလည်း ငိုမလိုဖြစ်လာ၏။

"ကားကတော့ မမမြင်တဲ့အတိုင်းပဲဗျာ၊ နောင်လည်း ဒီလောက်ပဲ ကြည့်တတ်တာဆိုတော့ ဆက်မလုပ်တတ်တော့ဘူး"

"မမကားကို ဒီမှာပဲထားခဲ့လေ၊ ပြီးမှ နောင့်တပည့်တွေကို လာယူခိုင်းလိုက်မယ်၊ မမက နောင့်ကားနဲ့ပဲ လိုက်ခဲ့ပေါ့"

"အို...မလိုက်ချင်ပါဘူး"

ဟောဝန်က ခပ်ဆတ်ဆတ်ငြင်းတော့ နောင်က ရယ်သည်။





သူ ဒီလို ခဏခဏ ရယ်နေတာကိုပဲ ဟောဝန့်စိတ်ထဲက သိပ်မသင်္ကာချင်။ ဒါကို နောင်ကလည်း ရိပ်မိပုံဖြင့် ဟောဝန့်မျက်နှာလှလှလေးကို မျက်ဝန်းလက်လက်တွေနှင့် ခပ်ပြုံးပြုံး စိုက်ကြည့်သည်။

"ဘာလဲ မမက နောင့်ကို မယုံလို့လား"

ဟောဝန့်အခက်အခဲကို ကူညီနိုင်မည့် နောက်ထပ်ကား တစ်စီး အမြန်ဆုံး ရောက်လာပါစေလို့သာ ကျိတ်ဆုတောင်းနေမိသည်။

"မမ"

ဟောဝန် မထူး။

"မမ"

"မမ"

"မင်းဘာဖြစ်နေတာလဲ"

"မမကရော နောင်ခေါ်နေတာ ကြားရက်နဲ့ ဘာလို့မထူးတာလဲ"

"မထူးချင်လို့၊ ကဲ ရှင်းပြီလား"

"ရှင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''ဒီနေ့ နောင့်မျက်လုံးထဲမှာ မမ သိပ်ကိုလှတယ်ဗျာ၊ ပြီးတော့ သိပ်ချစ်စရာကောင်းနေတယ်''

''နောင့်ကို နည်းနည်းဖြစ်ဖြစ် ပြန်ချစ်ပါလား မမရယ်၊ မမကသာ နောင့်ကိုချစ်တယ်ဆိုရင်''

''မင်းစကားတွေကို ဒီမှာပဲရပ်စမ်း နောင်၊ တို့မှာ ချစ်သူ ရှိတယ်ဆိုတာ မင်းလည်းသိရက်နဲ့''

''သွားစမ်းပါဗျာ၊ ချစ်သူတိုင်းညားကြတာမှ မဟုတ်ဘဲ၊ ဒီမှာ မမ၊ မမမှာ လက်ထပ်ထားတဲ့သူမရှိသ၍ နောင့်ဘက်က ကြိုးစားနေဦးမှာပဲ''

''မမကို ပိုင်ဆိုင်ခွင့်ရှိတယ်ဗျာ၊ အဲဒါကို မှတ်ထား၊ မမကို နောင် ဘယ်လောက်ချစ်တယ်ဆိုတာ မမ သိလို့လား''

''ဟော…ဟိုမှာ ကားတစ်စီးလာနေပြီ''

''ဟိုး…ဟိုး ရပ်ပါဦး''

''မမ''

နောင်က ဟေဝန်ကို လှမ်းတားပေမယ့် ဟေဝန် ဂရုမစိုက်။ နောင်က ဖြတ်ပြီး လမ်းလယ်တည့်တည့်မှာ ရပ်ကာ တစ်ဖက်ကားကို တားလိုက်သည်။ တခြားအချိန်တွေဆို ဟေဝန်





တစ်ယောက်တည်း ဒီလို ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ လမ်းပေါ်အထိတက်ပြီး ကားကို တားရဲမှာမဟုတ်ပေမယ့် အခု ဟေဝန့်နားမှာ နောင်ရှိနေ၍ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းဖြစ်သည်။

နောင့်နားမှာ ဟေဝန် ကြာကြာမနေရဲ။ နောင့်စိတ်ကို ဟေဝန် ကြောက်သည်။ အထူးသဖြင့် အခုလို လူသူကင်းပြတ်သည့် နေရာမျိုးမှာ နောင်နှင့် ကြာရှည်မနေရဲ။

''ကျွီး''

''ဟေဝန်''

''ဟင်…ဦး…မောင်''

မမျှော်လင့်ဘဲ ရန်အောင်မောင်မောင်ကို တွေ့လိုက်ရ၍ ဟေဝန် အံ့သြနေသလို ရန်အောင်မောင်မောင် ကိုယ်တိုင်ကလည်း ဟေဝန်ကိုတစ်လှည့်၊ ဟေဝန်နားက နောင့်ကိုတစ်လှည့် ရှုစမ်းအကဲခတ်နေတာ မြင်လိုက်ရ၏။

''သြော်…ဘယ်သူလဲလို့ ခင်ဗျားကိုး''

''ကားဘာဖြစ်တာလဲ ဟေဝန်''

''ဟို…ဟေဝန်လည်းမသိဘူး ကို…ကို''

ဟေဝန့်နှုတ်ဖျားက ရန်အောင်မောင်မောင်ကို ကိုကိုဟု



www.burmeseclassic.com

www.burmeseclassic.com



ထစ်ငေါ့တုန်ရီစွာ ခေါ်လိုက်ရသည်က အနားမှာရှိနေသည့် နောင်ကြောင့်ပါ။ နောင်က ရန်အောင်မောင်မောင်ကို မြင်ထဲက ပြုံးနေသည့်မျက်နှာက တင်းမာခက်ထန်သွားသလို အကြည့်တွေက ရန်လိုသည့် အကြည့်များအဖြစ် အသွင်ပြောင်းသွားတာ မြင်လိုက်ရသည့်အတွက် ဟောဝန့်ရင်ထဲ လေးခနဲဖြစ်သွားသည်။

"ဟောဝန့်ကားကို ကိုယ်ကြည့်ပေးမယ်"

"ဟုတ်"

ရန်အောင်မောင်မောင်က နောင့်ကို ဂရုမစိုက်။ မားမတ်ခန့်ညားသော ခြေလှမ်းတွေနှင့် ဟောဝန့်ကားရပ်ထားရာသို့ ဦးဆောင်လျှောက်သွား၍ ဟောဝန်လည်း အတူလိုက်ခဲ့သည်။ နောင်ကတော့ ရန်အောင်မောင်မောင် လုပ်သမျှ မကျေမနပ် အမူအရာနှင့် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း သူ့ကားကိုမှီကာ လက်ပိုက်ကြည့်နေပုံက လူဆိုးလူမိုက်ပုံစံ ပေါက်နေပေမယ့် လူပုံချောသလို စတိုင်လ်ကမိုက်တော့ ပိုကြည့်လို့လှနေ၏။

ရန်အောင်မောင်မောင်က နောင့်ထက် ကားကို ပိုကျွမ်းကျင်သဖြင့် ဟောဝန်ကားမှ စက်သံဝေါခနဲထွက်လာ၏။

"ကားက ရပြီ၊ ဒါပေမဲ့ ဟောဝန် မမောင်းနဲ့၊ ကိုယ့်ကား





နဲ့ပဲ လိုက်ခဲ့၊ ဟောဝန့်ကားကို ဦးမျိုး မောင်းယူလာလိမ့်မယ်"

"ဦးမျိုး...ဒီကားကို ခင်ဗျားပဲမောင်းလာခဲ့တော့"

"ဟုတ်ကဲ့ ဆရာ"

ဟောဝန်မှာ အခုမှ ရန်အောင်မောင်မောင်ကားနောက်ခန်းမှာ ခပ်ရိုရိုဆင်းလာသည့်လူကို လှမ်းမြင်သည်။ အနားမှာ နောင်က တစ်ချိန်လုံး ရှိနေတာမို့ ရန်အောင်မောင်မောင် အစီအစဉ်ကို ငြင်း၍ မဖြစ်နိုင်မှန်းသိ၍ ဟောဝန် သူ့ကားပေါ်တက်လိုက်၏။

"မမ"

ဟောဝန့်ကားနားကို နောင် ရောက်လာပြီး ဟောဝန်မျက်နှာကို ခပ်ရဲရဲစိုက်ကြည့်ပြီး ခေါ်သဖြင့် ဟောဝန် နောင့်ကို စိတ်ရှုပ်သလိုလေး ပြန်ကြည့်လိုက်၏။

"ဘာလဲ နောင်"

"ဒီမှာ မမလက်ကိုင်ပဝါ"

နောင်က သူ့လက်ထဲက ဟောဝန့် ပန်းနုရောင်လက်ကိုင်ပဝါလေးကို မြှောက်ပြသဖြင့် ဟောဝန် လှမ်းယူလိုက်သည်။

"ကျေးဇူးပဲ နောင်"

"မမကို ပေးဖို့မဟုတ်ဘူး၊ မမလက်ကိုင်ပဝါလေး နောင်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရသိမ်းထားမလို့ လာပြောတာ''

''အို''

နောင်က ပါးစပ်က ရိုးရိုးပြောတာမဟုတ်။ ဟောဝန့်ရှေ့မှာပင် ဟောဝန့်လက်ကိုင်ပဝါလေးကို ရှိုက်နမ်းလိုက်တာမို့ ဟောဝန့်မျက်နှာမှာ နွေးခနဲဖြစ်သွားကာ ရန်အောင်မောင်မောင် မျက်နှာကိုပါ မကြည့်ရဲအောင် ဖြစ်သွား၏။

''ရှူး''

''မမကိုချစ်တယ်''

ရန်အောင်မောင်မောင်က ကားကို ခပ်ပြင်းပြင်းမောင်းအထွက်မှာတော့ ကားစက်သံနှင့်အပြိုင် နောင့်အော်သံက လေနှင့်မျောလွင့်ပြီး ဟောဝန့်ထံ ရောက်လာတာကိုတော့ ဟောဝန့် ဘာမှမတတ်နိုင်ခဲ့ပါ။

တစ်လမ်းလုံး တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ ငြိမ်နေသော်လည်း နောင့်ကားက ရန်အောင်မောင်မောင်ကားကို အမှီလိုက်လာပြီး ကားချင်းယှဉ်မောင်းသည်အထိ ရန်စစော်ကားလာ၍ ဟောဝန့်မှာ မျက်စိမျက်နှာပျက်လျက် နောင့်ကိုသာ လှမ်းကြည့်နေမိသည်။





ဒါကို နောင်ကလည်း သိသည်။ ဟောဝန့်ကို တစ်ချက်ပြုံးပြပြီး ကားဟွန်းသံ ဆူဆူညံညံတီးကာ ရန်အောင်မောင်မောင်ကားကို ဝေါခနဲကျော်ဖြတ်သွားမှ ဟောဝန့် သက်ပြင်းချနိုင်သလို ရန်အောင်မောင်မောင်ကို တစ်ချက်လှည့်ကြည့်လိုက်၏။

''ကျေးဇူးတင်ပါတယ် အန်ကယ်၊ ဟောဝန့် ဒီမှာပဲဆင်းပါ့မယ်''

''ကိုယ်နဲ့အတူသွားရင် ဟောဝန့် ဂုဏ်သိက္ခာထိခိုက်မယ်ထင်လို့လား''

''ရှင်''

လုံးဝထင်မှတ်မထားသည့် စကားကြောင့် ဟောဝန့် ရန်အောင်မောင်မောင်မျက်နှာကို တအံ့တဩလေး ကြည့်လိုက်သည်။ လူချင်းမတွေ့ကြသည့် တစ်ပတ်အတွင်းမှာ ရန်အောင်မောင်မောင်မျက်နှာမှာ သိသာစွာ သွယ်ကျသွားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်နှင့် ဟောဝန့်မျက်ဝန်းထဲမှာ တစ်မျိုးထူးခြားနေတာကို သတိထားလိုက်မိသည်။

''အန်ကယ် ဟောဝန့်ကို ဘယ်လိုထင်လို့ ဒီစကားမျိုးပြောတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကြောင့် မင်း အနှောင့်အယှက် ဖြစ်မယ်ထင်လို့"

"ဟေဝန် အန်ကယ်ကို အဲဒီလို တစ်ခါမှ မပြောဖူးဘူး လို့ထင်ပါတယ်၊ အန်ကယ်သာ ဟေဝန်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရတာ မဟုတ်လား"

ထိုစကားကို ဟေဝန် ရင်နာစွာ ပြောလိုက်မိခြင်းဖြစ်ပါသည်။ ဘာကြောင့်မှန်းမသိ ဟေဝန်စိတ်ထဲမှာ ရန်အောင်မောင်မောင်စကားကြောင့် သူ့အလိုလို ဝမ်းနည်းကာ ငိုချင်နေမိတာကလည်း ထူးဆန်းသည်။

ကိုယ့်ကိုယ်ကို သတိထားနေသည့်ကြားက ဟေဝန် မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်တက်လာ၍ ဟေဝန့် မျက်နှာကို တစ်ဖက်သို့လွှဲကာ မျက်တောင်ရှည်တွေနှင့် မျက်ရည်တွေကို တစ်ဖျပ်ဖျပ် ခပ်ထုတ်သိမ်းဖယ်ဖို့ ကြိုးစားလိုက်၏။

"ဟေဝန်ကို ကားရပ်ပေးပါ အန်ကယ်၊ ဟေဝန့်ကားနဲ့ပဲ ဟေဝန် ပြန်ပါရစေ"

သူ့ရှေ့မှာ ငိုမချမိအောင် စိတ်ကိုထိန်းရင်း အသံမတုန်အောင် စကားကို သတိထားပြီးပြောပေမယ့် ရန်အောင်မောင်မောင် ကားက မရပ်။ သူနဲ့ဟေဝန် နောက်ဆုံးတွေ့ပြီးထဲက ရန်အောင်





မောင်မောင်ဆိုသည့်လူနဲ့ နောက်ဘယ်တော့မှ မပတ်သက်တော့ပါဘူး ဟေဝန်ကိုယ်တိုင် ဆုံးဖြတ်ချက်ချခဲ့သည်။

အခုတော့ ဟေဝန့်ဆုံးဖြတ်ချက်နဲ့ ဆန့်ကျင်ဘက်။ ရန်အောင်မောင်မောင်ထံမှ အကူအညီကို ရယူခဲ့ရုံမက နောင့်ကြောင့် သူ့ကားပေါ် ရောက်နေရတာကို ဟေဝန့်ရင်ထဲမှာ နာနေသည်။ စိတ်ထဲမှာ ဝမ်းနည်းကြေကွဲနေ၏။

ဖြစ်နိုင်ရင် ရန်အောင်မောင်မောင်ဆိုသည့်သူနှင့် ဟေဝန် ထပ်မဆုံချင်။ သူနဲ့ဆုံရတိုင်း ဟေဝန့်အသည်းနှလုံးတွေ နာကျင်ဖို့ ချည်းဖြစ်နေသည်။

"ဟေဝန် ကိုယ့်ကို စိတ်ဆိုးနေလား"

သူ့အမေးကို ဟေဝန် မဖြေ။ ဖြေစရာလည်း အကြောင်း မရှိ။

"ကိုယ်မေးတာ မဖြေတော့ဘူးလား ဟေဝန်"

"ဖြေစရာလိုသေးလို့လား အန်ကယ်၊ အခု အန်ကယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်နေပြီမဟုတ်လား၊ အန်ကယ် ကျေနပ်သင့်ပါပြီ"

"ဟေဝန်"



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်တာကို ဟေဝန် မထူး။ ပါးပြင်ပေါ် လျှောခနဲပြုတ်ကျလာသည့် မျက်ရည်တွေကို သူမမြင်ပါစေနှင့်ဆုတောင်းပေမယ့် ဟေဝန် ဆုတောင်းက မပြည့်။

"ကျွီး"

လမ်းကားတစ်နေရာမှာ ရန်အောင်မောင်မောင်က သူ့ကားကို အရှိန်ပြင်းစွာ ထိုးဆိုက်ရပ်တန့်လိုက်သဖြင့် ဟေဝန့်ပါးပြင်ပေါ်က မျက်ရည်တွေကို သူမလက်ခုံဖြူဖြူလေးနှင့် ကမန်းကတန်း သုတ်ပြီး ကားတံခါးကို လှမ်းအဖွင့်…

"ဟေဝန်"

"အို"

ရန်အောင်မောင်မောင် ဟေဝန့်လက်မောင်းပြည့်ပြည့်လေးကို တင်းကြပ်စွာ ဆွဲယူဆုပ်ကိုင် ထားမြစ်လိုက်၍ ဟေဝန် သူ့ကို အလန့်တကြားလေး လှည့်ကြည့်လိုက်မိတော့…

ဟေဝန့်မျက်နှာလှလှလေးကို စူးစိုက်ကြည့်နေသည့် ရန်အောင်မောင်မောင့် မျက်ဝန်းများနှင့် ဆုံသည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ ဟေဝန်၊ ကိုယ် ဟေဝန့်ကို နာကျင်ထိခိုက်စေချင်လို့ မဟုတ်ပါဘူး၊ ဟေဝန် ကိုယ်နဲ့ပတ်သက်ရင်"





"အခုချိန်ကစပြီး အန်ကယ်နဲ့ မပတ်သက်စေရတော့ဘူးလို့ ဟေဝန်ကိုယ်ဟေဝန် ဆုံးဖြတ်ပြီးသားပါ အန်ကယ်"

"အန်ကယ့်ဘာသာ စိတ်ချမ်းသာအောင်နေပါ ဟေဝန် သွားပါရစေ"

နာကျင်နေသည့် နှလုံးသားကို ထိန်းချုပ်ရင်း ဟေဝန့်လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည့် ရန်အောင်မောင်မောင် လက်ထဲက သူမလက်လေးကို ဟေဝန် ရုန်းဖယ်လိုက်တော့ သူက ညင်သာစွာ လွှတ်ပေးသည်။

"ကိုယ်စိတ်ချမ်းသာမယ်လို့ ဟေဝန်က ထင်နေလို့လား"

ဟေဝန် မဖြေ။

သူ့ကားပေါ်က ဟေဝန် ဆင်းလိုက်သည်။ အခုချိန်ကစပြီး သူနဲ့အဝေးဆုံးမှာ နေတော့မည်ဟု ဟေဝန် တစ်ခါတည်း ဆုံးဖြတ်လိုက်၏။

"ဟေဝန်"

ရန်အောင်မောင်မောင်ကိုယ်တိုင် ကားပေါ်က ဆင်းလာပြီး ဟေဝန့်နား လာရပ်ပေမယ့် ဟေဝန် သူ့ကိုမကြည့်။ ဟေဝန့်ကားလေး ဘယ်အချိန်က ဟေဝန့်ရှေ့ကို ရောက်လာမလဲဆိုတာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



လည်လေးဆန့်ပြီး လှမ်းမျှော်ကြည့်သည်။

"ကိုယ့်ကို စကားမပြောချင်တော့ဘူးလား ဟေဝန်"

"ဟေဝန် ဒီလိုပဲနေတတ်လို့ပါ"

"ဒီလိုပဲနေတတ်တယ် ဟုတ်လား"

သူက ဟေဝန့်စကားကို သံယောင်လိုက် ရွတ်ဆိုရင်း ဟေဝန့်မျက်နှာလေးကို စိုက်ကြည့်ပြီး ခပ်သဲ့သဲ့ပြုံးသည်။ သူနဲ့ တွေ့လိုက်တိုင်း သာလိကာမလေး ရှုံးအောင် စကားပြောတတ်သည့် ကလေးမလေးက ဒီအတိုင်းနေတတ်သလိုပါဆိုသည့် စကားကို မယုံကြည်ဟန် အကြည့်နှင့် ပြုံးဖြစ်၏။

"ဟိုတုန်းကတော့ ဒီလိုမဟုတ်ဘူးလို့ ထင်တာပဲ"

"အန်ကယ် ဘာကိုဆိုလိုတာလဲ"

"သာလိကာမလေးတစ်ယောက်အကြောင်း တွေးမိလို့ပါဗျာ"

ဟေဝန့်မျက်နှာကို စိုက်ကြည့်ပြီး ခပ်တည်တည်ပြောလာသည့် သူ့မျက်နှာကို တစ်ချက်ကြည့်ပြီး ဟေဝန့်အကြည့်ကို ချက်ချင်းလွှဲလိုက်၏။

"ကိုယ်ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်လဲဆိုတာ ကိုယ်





အမျိုးမျိုး စဉ်းစားကြည့်တယ်၊ နောက်ဆုံး ရတဲ့အဖြေကတော့ တစ်ခုထဲပဲ၊ အဲဒါ ဘာလဲဆိုတာ ဟေဝန်သိလား"

ဟေဝန်မှာ ဖြေစရာစကားမရှိ။ သူ ဘာတွေစဉ်းစားလဲ၊ ဘယ်လိုအဖြေရလဲဆိုတာလည်း ဟေဝန် မသိချင်။ စိတ်လည်း မဝင်စားတော့ပါ။

"ဟေဝန်"

"ပြောပါ အန်ကယ်"

"ကိုယ့်ကို အန်ကယ်လို့ မခေါ်ဘဲ ကိုကိုလို့ ခေါ်ပါလား"

"ရှင်"

"ကိုယ် ဟေဝန့်ကို ချစ်မိပြီ"

"ဟေဝန့်ကို ကိုယ်ချစ်တယ်"

"အို"

လောကကြီးတစ်ခုလုံး အုံ့ညြစရာကောင်းအောင် တိတ် ဆိတ်ငြိမ်သက်သွား၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကိုယ့်ကိုမုန်းသွားပြီလား ဟောဝန်"

"မုန်းတယ်၊ အခုမှမုန်းတာမဟုတ်ဘူးနော်၊ စတွေ့ထဲက မုန်းနေတာ"

"ဘယ်သူ့ကိုလဲ"

"လူကြီးတစ်ယောက်ကို"

"သူ့နာမည်က ရန်အောင်မောင်မောင်တဲ့လား"

"အင်း"

လှပသော ဟောဝန့်မျက်နှာလေးကို ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း ရန်အောင်မောင်မောင် နှလုံးသားတွေ နွေးထွေးလှုပ်ခတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မုန်းဖို့ကြိုးစားရင်း၊ မေ့နိုင်အောင် ကြိုးစားရင်း ဟောဝန်ဆို သည့် မိန်းမလှလေးကိုချည်း အချိန်တိုင်း သတိရနေမိသည့် သူ့အဖြစ် သူနားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။ ကိုယ်ကိုယ်တိုင် မဖြစ်သင့် ဘူးလို့ အတိအကျ သတ်မှတ်ဆုံးဖြတ်ထားသည့်ကြားက ဟောဝန်ကို မမျှော်လင့်ဘဲ ရင်ဖွင့်မိတာ ဘာကြောင့်လဲ။

သေချာတာကတော့ ဟောဝန့်ဘက်က စိမ်းကားသည့် ဥပေက္ခာသန်မှုကို မခံစားနိုင်အောင် နူးညံ့သိမ်မွေ့သွားသည့် သူ့နှလုံး သားက ဦးနှောက်အသိတရားကို အနိုင်ပိုင်းဖြတ်ကျော်သွားခြင်းဟု သူနားလည်လိုက်၏။

"သိပ်ချစ်တာပဲ ဟောဝန်ရယ်"

"ဟောဝန်ရောပဲ"

ဟောဝန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ တင်းကြပ်စွာ ထွေးပွေ့ထားရင်း နုညက်ဖြူစင်သော ပါးမို့မို့လေးကို ခပ်ဖွဖွရှိုက် နမ်းလိုက်ပုံက ထိလိုက်ရင်ပဲ ကြွေမွသွားတော့မလို နူးညံ့သိမ်မွေ့ လွန်း၏။

"ဟောဝန်"

"ရှင်"





"ကိုယ့်ကိုချစ်မိတာ ဟောဝန် နောင်တမရဘူးလားဟင်"

"ဟင့်အင်း…ကိုကို့ကို ဟောဝန်ချစ်တယ်"

"ဟောဝန်ရယ်"

ဟောဝန့်ကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်ထားရင်း ရန်အောင်မောင်မောင်စိတ်ထဲ ထိခိုက်သွား၏။ သူ့အပေါ်ထားရှိသည့် ဟောဝန့်အချစ်၊ ဟောဝန့်မေတ္တာကို ခံစားနားလည်ရလေ သူ့ကြောင့် ဟောဝန် ထိခိုက်နစ်နာမှာ ပိုစိုးရိမ်မိလေဖြစ်ရသည်က ဟောဝန့်အပေါ် ထားရှိသည့် သူ့အချစ်၊ သူ့မေတ္တာဖြစ်သည်။

"ကိုကို"

"ဗျာ"

"ဟောဝန့်ကိုချစ်မိလို့ ကိုကို နောင်တရနေလား"

"အင်း"

"ကိုယ့်ကြောင့် ဟောဝန် စိတ်ဆင်းရဲမှာ ကိုယ်အကြောက် ဆုံးပဲ"

"ဒါဖြင့် ဘာလို့ ဟောဝန့်ကို လာချစ်သေးလဲ"

"ကောင်မလေးတစ်ယောက် ကိုယ့်ကို စိတ်ကောက်ပြီး မခေါ်မပြောဘဲ နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ၊ အဲဒီလိုဖြစ်အောင် ဘယ်သူလုပ်တာလဲ၊ ဟောဝန်ကို သူနှားမလာချင်အောင် အိမ်ထောင်ရှိတယ် ဘာညာနဲ့ ပြောလွှတ်ပြီးတော့"

"ကိုကို့ကိုမုန်းတယ် သိလား"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဖြင့် မုန်းသွားတဲ့ ကောင်မလေးကို ချစ်တတ်သွားအောင် သင်ပေးမယ်"

"အို…ကိုကို"

အပ်ကျလာသည့် မျက်နှာကို ရှောင်တိမ်းရန် အချိန်မရ။ စိမ့်အေးနေသော ဟောဝန့်ပါးပြင်၊ နှုတ်ခမ်းလေးများပေါ် အနမ်းနွေးများ ဆင့်ကာ ကျရောက်လာ၏။ မှေးစင်းထားသော မျက်ဝန်းများ၊ ချောက်ချားလွန်းသော အသိ၊ ချိုမြိန်လှသော ခံစားမှုများကို ဟောဝန်ရင်နှင့်အမျှ ခံယူရရှိပါသည်။

ချစ်ဦးသူထံမှ ရရှိသော အနမ်းဦးများသည်က ဟောဝန် တစ်သက် ခန္ဓာတည်နေသ၍ မေ့၍ရတော့မည်မဟုတ်သော ရသများဖြစ်သည်။





"ဟောဝန်ကို သိပ်ချစ်တာပဲကွယ်"

"ဟောဝန်ကတော့ ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောမပြတတ်တော့ဘူးကိုကိုရယ်၊ ဟောဝန် ချစ်ရတာတွေကို လိုက်မီညီမျှအောင် ပြောလို့ရတဲ့ ဝေါဟာရမျိုး မရှိတော့ဘူးထင်တယ်"

"ကိုကို့ကို ချစ်ရလွန်းလို့ ဟောဝန်ရင်တွေ ကွဲထွက်တော့မတတ်ပဲ"

"စကားသိပ်ပြောတတ်တဲ့ နှုတ်ခမ်းလေးကို ကိုကိုက အထပ်ထပ် ဂုဏ်ပြုအနမ်းပေးပါရစေကွယ်"

"အိုကွယ်"

ရန်အောင်မောင်မောင်၏ တင်းကြပ်လွန်းသော နှောင်ဖွဲ့မှုအောက်မှာ ဟောဝန့်ရင်ခုန်သံတွေ အလဲလဲအပြိုပြို ချစ်သူရင်ခွင်မှာ မျက်နှာအပ်ရင်း ချစ်သူကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် မနာကျင်အောင် ထုရိုက်အပြစ်ပေးမိ၏။

"သွား…ကိုကို သိပ်ဆိုးတယ်သိလား"

"ဟောဝန်က ကိုကိုသိပ်ဆိုးချင်အောင် သိပ်ချစ်စရာကောင်းနေတာ ထည့်ပြောဦးလေ"

"တော်ပါ၊ အစတုန်းက ဟောဝန့်အပေါ်မှာ ရက်စက်ချင့်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ရက်စက်ခဲ့ပြီးမှ အခုမှ စကားတွေသိပ်တတ်နေလိုက်တာ"

"လူကြီးကိုက မုန်းချင်စရာ"

"တကယ်မုန်းရဲလို့လား"

"သိပ်မုန်းရဲတာပေါ့"

"ကောင်းပြီ၊ ပြီးမှ ကိုယ့်ကို လွမ်းလှချည်ရဲ့ဆိုပြီး တိတ်တိတ်လေး ကျိတ်ငိုမနေနဲ့"

"ဘယ်တော့မှ မငိုဘူး"

"ဟော...ပြောရင်းက မျက်ရည်က ဝဲလာပြီ"

"ကိုကိုနော်...ဟုတ်လည်း မဟုတ်ဘဲနဲ့"

ပြောရင်း ဟောဝန်မျက်ဝန်းအိမ်မှာ ပြည့်လာသည့် မျက်ရည်တွေကို မျက်တောင်ရှည်တွေနှင့် သိမ်းဖယ်ပစ်ဖို့ ကြိုးစားတော့ ကိုကိုက ဟောဝန့်မျက်ဝန်းအစုံကို ဖွဖွရှိုက်နမ်းသည်။

"ကောင်မလေးတစ်ယောက် သနားပါတယ်၊ အခုထဲက ကိုကိုနဲ့ခွဲရမှာ ကြောက်ပြီး ကျိတ်ငိုချင်နေပြီ"

"ဟုတ်တယ်၊ ကိုကို့ကို ဟောဝန် မခွဲချင်ဘူး၊ ခွဲရမှာ ကြောက်လို့ ငိုတယ်၊ ဒါကိုပဲ ကိုကိုက ဝမ်းသာနေတာ မဟုတ်လား"





"ကိုယ်က ဝမ်းသာတယ်ဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ်၊ အစထဲက ကိုကိုက ဟောဝန်ကို ချစ်ခဲ့တာမဟုတ်ဘူး"

"ဘယ်သူပြောလဲ"

"ဟောဝန့်ဘာသာ သိတာပေါ့"

နှုတ်ခမ်းစူပြီး မျက်ရည်ကျနေသော ချစ်သူလေးမျက်နှာကို စိုက်ကြည့်ရင်း ရန့်အောင်မောင်မောင်ရင်မှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေ လျှံဝေပြည့်သိပ်လာ၏။

ဟောဝန်က ရန့်အောင်မောင်မောင်အတွက် ချစ်စရာကောင်းအောင် ဆိုးတတ်၊ နွဲ့တတ်သော ချစ်သူလေးအဖြစ် ချစ်မြတ်နိုးခြင်းများစွာဖြင့် ချစ်သူမျက်ရည်တွေက အနမ်းဖြင့် ဖယ်ရှားလိုက်၏။

"စိတ်ထဲထင်တာတွေ လျှောက်လျှောက်ပြောမနေနဲ့၊ တွေ့စထဲက ကိုယ့်ကို နှုတ်အတင်း အရောဝင်နေတဲ့ကောင်မလေးကို တိတ်တိတ်လေး ချစ်သွားတာ ဘယ်သူသိလို့လဲ"

"အဲဒါ ညာတာ"

"မယုံဘူးပေါ့လေ"

"ယုံချင်စရာမှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆို ယုံသွားအောင် လက်တွေ့သက်သေပြမယ်"

"ကိုကိုနော်...တော်ပြီဆို"

"ဟင့်အင်း...အခုမှ တော်ချင်လို့မရတော့ဘူး"

"ကိုကို သိပ်ဆိုးတယ်သိလား"

အပျော်လွန်နေသည့် ဟေဝန့်ထံသို့ အငိုမျက်ရည်များ ကျရောက်လာမည့်အဖြစ်ကို ဟေဝန် မသိ။ ချစ်သူနှင့် ပျော်ရွှင်နေရခိုက်မှာ လောကကြီးကိုရော အရာအားလုံးကို အရာရာအမေ့ကြီး မေ့နေခဲ့မိသည့် ဟေဝန်။

ရုတ်တရက် မာမီနှင့် ဝန်ဇင်းကို တွေ့လိုက်ရမှ အိပ်မက်မှ လန့်နိုးလာသူတစ်ယောက်လို တုန်လှုပ်ချောက်ချားမှုတွေနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။

"ဟယ်...မာမီ၊ အကြောင်းမကြား ဘာမကြားနဲ့ ဟေဝန်ဆီ ရောက်လာတယ်"

"ဒါပေါ့ကွယ်၊ မာမီ့သမီး သတင်းတွေကလည်း မွှေးနေတော့ သား ဝန်ဇင်းကိုခေါ်ပြီး မာမီ့သမီးရှိတဲ့နေရာကို အကြောင်းမကြားနိုင်ဘဲ ရောက်လာရတာပေါ့"





"ရှင်"

တင်းမာခက်ထန်နေသော မာမီ့အကြည့်၊ မာမီ့စကားများကြောင့် ဟေဝန့်မျက်နှာ ကွက်ခနဲပျက်သွားသလို မာမီ့နားမှာ မားမားကြီးရပ်နေသည့် ဝန်ဇင်းမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။

"ဘယ်လိုလဲ သမီး၊ မာမီကတော့ မာမီ့သမီးလေး လိမ္မာလှချည်ရဲ့ဆိုပြီး ယုံကြည်စိတ်ချထားလိုက်ရတာ ကိုယ့်သမီးလည်း စိတ်ဆင်းရဲမှာစိုးလို့ သား ဝန်ဇင်းနဲ့ လက်ထပ်ဖို့ကိစ္စကိုတောင် ဇွတ်အတင်း မစီစဉ်ရက်ခဲ့ဘူး"

"အခုတော့ အချစ်ရေး အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားပါဘူးဆိုတဲ့ မာမီ့သမီးက အိမ်ထောင်ပျက်တစ်ခုလပ် အသက်ကြီးကြီးလူတစ်ယောက်နဲ့ မိုးမမြင်လေမမြင် အပျော်ကြီးပျော်နေကြတယ်ဆို"

"ရှင်"

ဟေဝန် မာမီ့ကို ဘာတစ်ခုမှ ပြန်မပြောနိုင်။ တိကျခိုင်လုံသော သတင်းစကားတွေအောက်မှာ လူတစ်ကိုယ်လုံး ထူပူပြီး ဝန်ဇင်းရှေ့မှာ အနေရခက်စွာ မျက်နှာတစ်ခုလုံး ဖြန်းခနဲ ပူနွေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာသမီး၊ မာမီ့သမီးလို အပျိုစင်လေးကို ဘာမဟုတ်တဲ့ တစ်ခုလပ် အိမ်ထောင်ပျက်တစ်ယောက်နဲ့ လုံးဝသဘောမတူဘူး"

"သမီးသတင်းကြားပြီးထဲက သမီးဒက်ဒီလည်း သွေးတက်ပြီး အိပ်ရာထဲက မထနိုင်တော့ဘူး၊ မာမီသာ သမီးလေး မဖြစ်သင့်တာ မဖြစ်ရအောင်ဆိုပြီး မမနုလက်ထဲ သမီးဒက်ဒီကိုအပ်ပြီး ဒီကိုချက်ချင်းလိုက်လာရတာ"

"ဘယ်လိုဖြစ်ရတာလဲ သမီးရယ်၊ မာမီ့သမီးက ပညာတတ်တစ်ယောက်ပါ၊ သား ဝန်ဇင်းလိုလူကိုတော့ လက်မထပ်ပါရစေ ဘာညာနဲ့၊ ကြည့်ပါဦး အခုတော့"

"စိတ်ကို အေးအေးထားပါ အန်တီ၊ ဟောဝန်ကို ဖြည်းဖြည်းချင်းပြောလည်း ရပါတယ်၊ အန်တီ ခရီးပန်းလာတာဆိုတော့ ခဏတော့ နားလိုက်ပါဦးဗျာ"

ဝန်ဇင်းက တင်းမာခက်ထန်နေသည့် အခြေအနေကြားမှာ ဝင်ရပ်ပြီး မာမီ့ကို နှစ်သိမ့်စကားဆိုလျက် အခုချိန်ထိ ဘာစကားမှ မဆိုနိုင်ဘဲ ငြိမ်သက်နေသည့် ဟောဝန်ကို တစ်ချက်ကြည့်ကာ တားမြစ်စကားဆိုပါသည်။





"မဟုတ်ပါဘူးကွယ်၊ အန်တီ့ရင်ထဲ ဘယ်လောက်ခံစားရတယ်ဆိုတာ သင်း ထည့်မတွက်တာကိုပဲ အန်တီ အသည်းနာရတာပါ"

"ပစ္စည်းတွေသိမ်းပြီး ရန်ကုန်ကို မာမီနဲ့ ပြန်လိုက်ခဲ့တော့ ဟောဝန်၊ သမီးကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ဒီလိုနေရာမှာ တစ်ယောက်တည်း ဆက်မထားနိုင်တော့ဘူး"

"ဟောဝန် ပြောပါရစေဦး မာမီ"

"ဘာမှမပြောနဲ့၊ မကြားချင်ဘူး၊ ဒီနေရာမှာ ဆက်ပြီး အလုပ်လုပ်ချင်တယ်ဆိုရင် သားဝန်ဇင်းကို လက်ထပ်ပြီးမှ လာလုပ်ပါပဲ"

"ဟောဝန် အန်တီ့အတွက် အခန်းပြင်ပေးလိုက်ပါ၊ အားလုံး အေးအေးဆေးဆေးဖြစ်မှ စကားပြောကြတာပေါ့"

"ဘယ်အချိန်ဖြစ်ဖြစ် အန်တီ့သဘောထားက ဒီအတိုင်းပဲသား၊ ဘာတစ်ခုမှ ပြောင်းလဲလာစရာမရှိဘူး၊ အိုကွယ် ဖြစ်နိုင်ရင် ဟောဝန့်ကိုခေါ်ပြီး ဒီနေရာက အခုကိုပြန်ချင်တာ"

ဟောဝန့်မာမီက ခါးခါးသီးသီး။ ဝန်ဇင်းပြောတာကိုပင် လက်မခံ။ ဟောဝန် ပြောတာဆိုရင် ပိုဆိုးဖို့ပဲရှိတာမို့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဟောဝန် ပါးစပ်ပိတ်ထားလိုက်ရသည်။

မာမီ့အတွက် သက်တောင့်သက်သာ အနားယူနိုင်ရန် ဟောဝန့်အခန်းကိုပဲ အလှယ်တကူ ပြင်ဆင်ပေးလိုက်ပေမယ့် မာမီက ဟောဝန့်အခန်းမှာ အနားမယူပါ။ အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း တစ်စုံတစ်ရာကိုသာ အလေးအနက် စဉ်းစားနေ၏။

“နင်တို့ကိစ္စက တကယ်ပဲလား ဟောဝန်”

“အင်း”

ဟောဝန် ခေါင်းညိတ်လိုက်၏။

“နင့်လူက ဘာလုပ်တာလဲ”

“အောင်ကုမ္ပဏီပိုင်ရှင်”

ဝန်ဇင်းက ဟောဝန်ကို စိုက်ကြည့်ပြီး အကြာကြီးငြိမ်သက်သွားတာကလွဲပြီး ဘာမှမပြော။

“အေးလေ…နင်စိတ်ချမ်းသာတယ်ဆိုရင် ပြီးတာပါပဲ၊ ငါကတော့ နင်ပျော်တာကိုပဲ မြင်ရရင် ကျေနပ်တဲ့သူပါ”

ဝန်ဇင်းစကားကို ဟောဝန် ယုံသလို ဟောဝန့်အပေါ်ထားသည့် ဝန်ဇင်းအချစ်ကိုလည်း ဟောဝန် ယုံပါသည်။ အချစ်ဆိုသည့်

စိုး:မိုး: ၀၇၆ပ



အရာကို ဟောဝန်ကိုယ်တိုင် ခံစားတတ်လာပြီဆိုတော့ ဝန်ဇင်းအချစ်ကိုပါ ဟောဝန် ကိုယ်ချင်းစာနာနိုင်ခဲ့ပါပြီ။

“ဟောဝန် သူ့ကိုချစ်တာ ချမ်းသာလို့မဟုတ်ဘူး ဝန်ဇင်း”

“ထားပါ”

“အခု နင်တို့ကိစ္စကို ဘယ်လိုဆက်လုပ်မလဲ၊ အန်တီကတော့ နင့်ကို တော်တော်စိတ်ဆိုးနေပြီ”

“ငါ သူ့ကိုချစ်တယ် ဝန်ဇင်း”

“အချစ်ကို နင်ကိုယ်တိုင် ခံစားတတ်လာပြီပေါ့ ဟုတ်လား ဟောဝန်”

“နင်ပြောလည်း ခံရမှာပဲ ဝန်ဇင်းရယ်၊ ဟိုတုန်းကတော့ အချစ်ဆိုတာ ဟောဝန့်အတွက် ရယ်စရာဟာသတစ်ခုလိုပဲ ထင်ခဲ့တာကို ဝန်ခံပါတယ်၊ အခု ကိုယ်တိုင်ကြုံလာတော့မှ နင့်ကို ကိုယ်ချင်းစာနာတတ်လာတယ်”

“နင်က ငါ့ကို မမုန်းတော့ဘူးပေါ့”

“အစထဲက မမုန်းခဲ့ပါဘူး ဝန်ဇင်းရယ်၊ နင့်ကို ပြန်မချစ်နိုင်တာ တစ်ခုထဲပါ”

“အခုတော့ ပိုမချစ်နိုင်တော့ဘူးပေါ့ ဟုတ်လား”

စိုး:မိုး: ၀၇၆၃

www.burmeseclassic.com

www.burmeseclassic.com



ရင်နာသံနှင့် မေးလာသည့် ဝန်ဇင်းကိုကြည့်ပြီး ဟောဝန် စိတ်မကောင်းပါ။ ဟောဝန့်အပေါ်မှာ အမြဲအနစ်နာခံပြီး ချစ်လာခဲ့သည့် ဟောဝန့်အချစ်ဆုံး သူငယ်ချင်း ဝန်ဇင်းကို ဟောဝန် သံယောဇဉ်ရှိပါသည်။ အရှင်းဆုံး ဝန်ခံရလျှင် ကိုကို့ကို ဟောဝန့်ဘဝမှာ အချစ်ဆုံး၊ အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံးဖြစ်သလို ဝန်ဇင်းအပေါ်မှာ ဒုတိယနေရာမှာ အခင်မင်ဆုံး သူငယ်ချင်းအဖြစ် တန်ဖိုးထားပါသည်။

"ဟောဝန့်ကို ခွင့်လွှတ်ပါ ဝန်ဇင်းရယ်"

"ငါခွင့်လွှတ်တာ၊ ခွင့်မလွှတ်တာ အရေးတကြီးဘူး ဟောဝန်၊ အန်တီက နင့်ကို ဟိုလူနဲ့"

"သူ့နာမည်က ရန်အောင်မောင်မောင်"

"ဘာလဲ မင်းဆွေမင်းမျိုးထဲကလား"

ဝန်ဇင်းစကားကြောင့် စိတ်ညစ်နေသည့်ကြားမှ ဟောဝန် သဲ့သဲ့ပြုံးလျက် ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် အန်တီက နင်တို့ကို ဘယ်လိုနည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး ဟောဝန်"





ထိုစကားကို ဟောဝန် လက်ခံပါသည်။ ဟောဝန်ကိုယ်တိုင်လည်း မာမီ့နေရာမှာဆို ကိုယ့်သမီးပျိုလေးကို အိမ်ထောင်ပျက်တစ်ခုလပ်တစ်ယောက်နှင့် သဘောတူမှာမဟုတ်။

"နင့်မာမီ လိုက်လာတဲ့အကြောင်း နင့်လူကိုပြောပြပြီး စီစဉ်စရာရှိတာ စီစဉ်တော့ ဟောဝန်၊ အဲဒီလိုမှ မလုပ်ရင် နင် ငါ့ကို လက်ထပ်ရလိမ့်မယ်"

"နင် ဟောဝန်ကို စိတ်မဆိုးဘူးလား ဟောဝန်"

"ဖြစ်နိုင်ရင် သတ်တောင်ပစ်ချင်တာ"

"ဘယ်သူ့ကိုလဲ"

"ဟိုလူ့ကို"

"ဝန်ဇင်းရယ်"

နွမ်းနယ်နေသည့် ဝန်ဇင်းမျက်နှာကို ကြည့်ပြီး ဟောဝန် စိတ်ထိခိုက်ရပါသည်။ ကိုယ့်အချစ်ဆုံး ချစ်သူကို တခြားသူတစ်ယောက်လက်ထဲကို ဘာမှမခံစားရသည့်ပုံစံနှင့် ရက်ရက်ရောရော ထည့်ပေးနေရပေမယ့် ဝန်ဇင်းရင်ထဲ အသည်းထဲမှာ ဘယ်လောက်များ နာကျင်ထိခိုက်နေရှာမလဲဆိုတာ ဝန်ဇင်းနဲ့ ပတ်သက်ပြီး ဟောဝန့်ဘဝမှာ ပထမဆုံးတွေးမိသည့် အတွေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တစ်ခုတော့ နင့်နှလုံးသားထဲမှာ စွဲနေအောင် မှတ်ထား ဟောဝန်၊ ငါ့ဘဝမှာ နင်ကလွဲပြီး တခြားဘယ်သူ့ကိုမှ အရူးအမူး မချစ်ဖူးဘူး၊ ချစ်လို့လည်း မရဘူး"

"နင် ဟိုလူနဲ့ယူပြီးရင် ငါ ဒီတစ်သက် အိမ်ထောင်မပြု တော့ဘူး၊ ပြီးတော့"

ဝန်ဇင်းက စကားမဆက်သေးဘဲ ဟောဝန့်မျက်နှာလှလှ လေးကို အကြာကြီး စိုက်ကြည့်နေသည်။ ပြီးမှ လွန်စွာတိုးတိတ် သော အသံဖြင့်…

"နင်ဘယ်မှာ ဘယ်အချိန်ပဲဖြစ်ဖြစ် ငါ့ကို အလိုရှိတယ် ဆိုရင် အချိန်မရွေး ခေါ်နိုင်တယ်၊ နင့်မှာ ကလေးတစ်ဒါဇင်ရှိနေ လည်း နင့်ကို ငါလက်ထပ်ယူမှာပဲ"

"ကဲ…နင် သွားတော့"

ဟောဝန်ကို သွားတော့လို့ ပြောပြီး တကယ်တမ်း ဟောဝန့် နားက ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားသူက ဝန်ဇင်းကိုယ်တိုင် ဖြစ်နေ၍ အချစ်ဆုံးသူငယ်ချင်းအတွက် ဟောဝန့်ရင်ထဲ နင့်ခနဲဖြစ် သွားကာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်တက်လာသည်။





ခွင့်မလွှတ်နဲ့တော့ ဝန်ဇင်းရယ်။

အခုချိန်မှာ ဟောဝန့်ဘဝတစ်ခုလုံးအတွက် အလိုအပ်ဆုံး ချစ်သူက ဟောဝန်သိပ်ချစ်တဲ့ ကိုကိုဖြစ်နေတာ ဟောဝန့်အပြစ်ပါ။

ဟောဝန့်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟောဝန်"

"ရှင်"

"ဟောဝန့်မာမီ ရောက်နေတယ်ဆို"

ကိုကို့မျက်နှာကို ဟောဝန် ထိတ်လန့်တကြား ကြည့်လိုက်တော့ ကိုကိုက ချစ်စရာကောင်းအောင် ပြုံးသည်။ ဟောဝန်မှာသာ ကိုကို့မျက်နှာချောချောကို ကြည့်ပြီး မျက်နှာပျက်မသွားအောင် မနည်းကြိုးစားနေရ၏။

"ကိုကို့ချစ်သူနဲ့ ပတ်သက်တာမှန်သမျှ အားလုံးသိအောင် ကြိုးစားထားရတာပေါ့ အချစ်ရယ်၊ ကိုကို့သဘောကတော့ ဟောဝန့်မာမီ ရောက်နေတုန်း ကိုကိုတို့ကိစ္စ ဟောဝန့်မာမီကို ဖွင့်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခွင့်တောင်းချင်တယ်"

"ဟောဝန်နဲ့ဝေးရမှာ ကိုကိုသိပ်စိုးရိမ်တယ် ဟောဝန်ရယ်၊ ဒါပေမဲ့ ကိုကိုလိုလူတစ်ယောက်နဲ့ ဟောဝန်ကို ဟောဝန့်မာမီက အလွယ်တကူ သဘောတူနိုင်မှာ မဟုတ်ဘူးလို့လည်း စဉ်းစားမိတယ်၊ ဟောဝန့်ကိုချစ်မိတာ ကိုကို့ဘက်က သိပ်ပြီးတစ်ကိုယ်ကောင်းဆန်သွားပြီလား အချစ်ရယ်"

"လူသားတိုင်းမှာ ကိုယ်စီ လွတ်လပ်ခွင့်ရှိပါတယ်ကိုကိုရယ်၊ ဟောဝန့်ကို ကိုကိုချစ်မိတာ ကိုကို တစ်ကိုယ်ကောင်းဆန်တာ မဟုတ်ပါဘူး"

"ဟောဝန်ရယ်"

တင်းကြပ်စွာ ထွေးပွေ့လာသည့် ချစ်သူရင်ခွင်မှာ ဟောဝန့်မျက်နှာလေးကို မှီချပြီး ကိုကို့ကိုယ်ကို မမှီမကမ်းလေး ပြန်လည်ဖက်တွယ်ထားမိသူက ဟောဝန်။ မာမီ ဘာကြောင့် ဟောဝန့်ဆီရောက်လာရတာလဲဆိုတာ ကိုကိုသိအောင် ဟောဝန့်နှုတ်ဖျားက ဖွင့်မပြောရက်ပါ။

ကိုကို စိုးရိမ်သလို မာမီက ဟောဝန်ကို ကိုကို့လိုလူတစ်ယောက်နှင့် လုံးဝသဘောမတူနိုင်ကြောင်း ဟောဝန်ကို တိကျ





ပြတ်သားစွာ ပြောဆိုအသိပေးပြီးခဲ့ပါပြီ။ ဟောဝန်မှာသာ ဟောဝန်ချစ်သော ကိုကို့ကို မခွဲနိုင်သလို မာမီ ဟောဝန်ကြောင့် စိတ်ဆင်းရဲမှာကို မကြည့်ရက်၊ မမြင်ရက်နှင့် ဝေခွဲရခက်သော နှလုံးသားအစုံဖြင့် ကိုကို့ထံ ရောက်လာရခြင်းဖြစ်သည်။

"သိပ်ချစ်တယ် ဟောဝန်ရယ်"

"ကိုကို့ကို တစ်ယောက်တည်း ဘယ်တော့မှ ထားမသွားပါဘူးလို့ ကတိပေးမလား"

"ကိုကိုရယ်"

ကိုကို့မျက်နှာကို ဟောဝန် မော့မကြည့်ရဲတော့။ ဝမ်းနည်းကြေကွဲစိတ်နှင့် ရင်ထဲမချိအောင် နာကျင်လျက် မျက်ဝန်းအိမ်မှာပြည့်တက်လာသော မျက်ရည်တွေကို ကိုကိုမြင်တွေ့သွားမှာစိုး၍ဖြစ်ပါသည်။

"ဟိတ်...ကောင်မလေး၊ ကိုကိုမေးတာ မဖြေဘဲ ဘာလို့ကိုကို့ရင်ခွင်ထဲ ခွတ်တိုးဝင်နေရတာလဲဗျာ"

"ကိုကို့ကိုကြည့်ပါဦး အချစ်ရယ်"

"ဟင့်အင်း...ဟင့်အင်း"

ကလေးတစ်ယောက်လို ဟောဝန်က ခွတ်ငြင်းပြီး ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲ မျက်နှာလေးကို ပိုတိုးပြီး ဝှက်ထားတော့ ကိုကိုက ဟောဝန်ကိုယ်လေးကို တင်းခနဲနေအောင် ထွေးဖက်ပြီး ဟောဝန့် လည်တိုင်ကို ဖွဖွငုံ့နမ်းပြီး ချစ်စနိုးရယ်သည်။

"မခွဲနိုင်တော့ဘူး ဟောဝန်ရယ်၊ ဖြစ်နိုင်ရင် ကိုကို့ရင်ခွင်ထဲမှာပဲ ဟောဝန်ကို တစ်သက်လုံး သိမ်းထားချင်တယ်"

"မျက်နှာလေးကို မော့ပါဦးဗျာ၊ ဟောဝန်ပြန်ရင် ကိုကို တစ်ယောက်တည်း လွမ်းနေရမှာ၊ ကိုကိုနဲ့တွေ့တုန်း ကိုကို့ချစ်သူ မျက်နှာလေးကို တဝကြီး ကြည့်ထားပါရစေဦး"

ပြောပြောဆိုဆို ကိုကိုက သူ့ရင်ခွင်ထဲမှာ တမင်ပေကပ်နေသော ဟောဝန့်မျက်နှာလေးကို သူ့လက်ဖြင့် ဖွတ်အတင်းဆွဲယူ မော့လျက် မျက်နှာချင်းဆိုင်လိုက်သည်နှင့်…

"ဟင်…ဟောဝန် ငိုနေတယ်၊ ဘာဖြစ်လို့လဲ အချစ်ရယ်၊ ကိုကို့ကို စိတ်ဆိုးလို့လားဟင်"

"ဟင့်အင်း…ဟင့်အင်း"

"အဟင့်…ဟင့်…ဟင့်"

ကိုကို့အမေးကို ခေါင်းတွင်တွင်ခါဖြေရင်း ဟောဝန် ကိုကို့ရင်ခွင်ထဲ တိုးဝင်ကာ တသိမ့်သိမ့်ငိုရှိုက်လိုက်တော့ ကိုကို့မျက်နှာ

စိုး : မိုး : စ ၁ ၈ ပ



ပျက်သွားကာ ဟောဝန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းနေအောင် ဖက်ထားး၏။

"ကိုကို ရင်ထိတ်လိုက်တာ အချစ်ရယ်၊ ဟောဝန် ဘာဖြစ်လာတာလဲဆိုတာ ကိုကို့ကို အရင်ပြောပါဦး"

ကိုကို့အမေးကို ဟောဝန် ခေါင်းခါလိုက်ပေမယ့် မျက်ရည်ကတော့ ကျနေဆဲ။

"ဟောဝန်"

"ဟင့်အင်း…ဟောဝန် ဘာမှမဖြစ်ဘူး၊ ဟောဝန်ငိုတာ ကိုကို့ကိုချစ်လို့"

"ဟောဗျာ"

အခုမှ ကိုကို မျက်လုံးပြူးလာပြီး ချစ်သူမျက်နှာလှလှလေးကို ချစ်မြတ်နိုးစွာ စိုက်ကြည့်ပြီး မျက်ရည်တို့ စွတ်စိုနေသော ပါးလေးကို ဖွဖွငုံ့နမ်း၏။

"ကြာရင် ကိုကိုတော့ ရူးတော့မယ်ထင်တယ် အချစ်ရယ်၊ ကိုကို့ကို အဲဒီလောက်တောင် ချစ်လား"

"ချစ်တယ်၊ ကိုကို့ကို ဟောဝန် သိပ်ချစ်တယ်"

"ဟောဝန်လေးရယ်"

စိုး : မိုး : စ ၁ ၈ ပ

www.burmeseclassic.com

www.burmeseclassic.com



ဟောဝန့်တစ်ကိုယ်လုံး ကိုကို့ရင်ခွင်ထဲမှာ နွေးထွေးသွား၏။ လှိုက်လှဲစွာ ကျရောက်လာသည့် ကိုကို့ထံမှ ချစ်အနမ်းတွေကို ဘာတစ်ခုမှ မငြင်းဆန်မိ။ ကိုကို့အလိုကျ လိုက်လျောရင်း ကိုကို ပြုသမျှ နုနေမိသည်က ကိုကို့ကို ဟောဝန် သိပ်ချစ်လို့ဆိုတာ ချစ်သူ သိစေချင်သည်။

"လက်ထပ်ကြစို့ ဟောဝန်ရယ်၊ ကြာရင် ကိုကို့ရင်ထဲက အချစ်တွေ မမျိုသိပ်နိုင်ဘဲ ပေါက်ကွဲမိတော့မယ်"

"ဟောဝန့်ကို ကိုကို လက်ထပ်ပါရစေကွယ်"

ကိုကို့အသံက ညင်သာတိုးတိတ်ပေမယ့် ခပ်ရှရှတိုးသက်တုန်ရီနေ၏။ ဟောဝန်ကိုယ်တိုင်လည်း ကိုကို့နည်းတူ။ ကိုကိုနှင့် ဝေးရမှာကို သေရမှာထက် စိုးကြောက်နေမိသူဆိုတာ ကိုကို့ကို သိစေချင်ပေမယ့် ဟောဝန် ဖွင့်မပြောပါ။

"ဟောဝန်"

"ရှင်"

"ဟောဝန့်သဘောကို ပြောဦးလေ"

"ကိုကို့လိုပဲပေါ့"

"ဘာကိုလဲ"





"ကိုကို့ကို ချစ်တယ်၊ လက်ထပ်မယ်လို့ပြောတာ"

"ကိုကို့အချစ်ရယ်"

မျက်ဝန်းအစုံကို မှိတ်ချလိုက်တော့ ကြွေလွင့်သွားသည့် ဟောဝန့်မျက်ရည်တွေကို ကိုကိုမြင်ပေမယ့် ဘာကြောင့်ဟု မသိလိုက်ပါ။

ဟောဝန့်ကိုခွင့်လွှတ်ပါ မာမီရယ်။

ကိုကို့ကို ဟောဝန် ချစ်တယ်။

ဟောဝန်ချစ်တဲ့ ကိုကို့နဲ့ ဟောဝန် မခွဲပါရစေနဲ့။

"ဟောဝန့်မာမီကို ကိုကို့အကြောင်း ပြောပြီးပြီလား ဟောဝန်"

ကိုကို့အမေးစကားကို ရုတ်တရက် ဟောဝန် ဘယ်လိုဖြေရမှန်းမသိ။ ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်တော့ ကိုကိုက ဟောဝန့်မျက်နှာကို သေချာစူးစိုက်ကြည့်၏။

"ဟောဝန့်မာမီက ဘာတဲ့လဲ"

မျှော်လင့်ခြင်းများစွာ လင်းလက်နေသည့် ချစ်သူ့မျက်နှာကိုကြည့်ပြီး ဟောဝန် အညင်သာဆုံး ပြုံးလိုက်သည်။ ထိုအပြုံးက ကိုကို့ကို အားပေးသည့်အပြုံးလား၊ ဟောဝန့်ကိုယ်ဟောဝန် အားတင်း



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြုံးလားဆိုတာ ဟောဝန့်ကိုယ်ဟောဝန်လည်း မသိ။

“မာမီက ကိုကိုနဲ့ဟောဝန်ကို”

“သဘောမတူဘူးမဟုတ်လား”

“ရှင်”

ဟောဝန်ဖြေမည့်အဖြေကို ကြိုတင်သိနေသလို ပြောလိုက်သည့် ချစ်သူထံမှ စကားကြောင့် ဟောဝန့်မျက်နှာ သိသာစွာပျက်သွားတော့ ကိုကိုက နာကျင်စွာ ခပ်အက်အက်ရယ်သည်။

“ဟောဝန် ပြောရခက်နေတာကို ကိုကိုသိပါတယ် အချစ်ရယ်၊ ဘယ်မိဘပဲဖြစ်ဖြစ် ကိုယ့်သမီး အပျိုစင်လေးကို ကိုကို့လို တစ်ခုလပ်တစ်ယောက်နဲ့ ဘယ်သူမှ သဘောမတူနိုင်ဘူးဆိုတာ ကိုကို တွေးပြီးသားပါ”

“ဟောဝန် ကိုကို့ကိုပဲ လက်ထပ်မှာပါ”

“ဟောဝန့်မာမီ သဘောမတူတဲ့ကြားကပေါ့ ဟုတ်လား”

“ကိုကိုနဲ့ ဟောဝန် မခွဲနိုင်ဘူး”

“ကိုကို့ကို ဟောဝန်ချစ်တယ် ကိုကို”

ဒီတစ်ခါတော့ ကိုကို့ထံမှ ဘာစကားမှမကြားရဘဲ အကြာကြီး တိတ်သွားပုံက ဟောဝန့်နှလုံးသားကို နာကျင်စို့နင့်သွားစေ

ဝိုး : ဆိုး : ၈၁၄ပ



သည်။ ဟောဝန်လိုပဲ ကိုကိုကိုယ်တိုင်လည်း ခံစားသွားရပြီဟု နားလည်လိုက်သည်။

“ကိုကို”

“ဟောဝန့်မာမီ သဘောတူလာတဲ့အထိ ဟောဝန် ကိုကို့ဘက်က ကြိုးစားကြည့်ချင်သေးတယ် ဟောဝန်ရယ်၊ ကိုကို့ကြောင့် ဟောဝန့်ဘက်က ထိခိုက်နစ်နာမှုတွေ သိပ်များနေပြီ”

“ကိုကို့ချစ်သူကို အဲဒီလိုမျိုး မဖြစ်စေချင်ဘူး၊ ဟောဝန့်မာမီနဲ့ ကိုကိုတွေ့ပါရစေ”

ကိုကို့သဘောပါဟု ဟောဝန် မပြောပါ။

မာမီ့ဘက်က တင်းမာခက်ထန်သည့်သဘောထားနှင့် တိကျပြတ်သားသည့်အဖြေကို ရထားပြီးပြီမို့ ကိုကို့တောင်းဆိုမှုကို ဘာတစ်ခုမှ မလိုက်လျောနိုင်ဘဲ ချစ်သူမျက်နှာကိုသာ အကြာကြီး စူးစိုက်ကြည့်နေမိသည်။

“မာမီက ကိုကိုနဲ့ဟောဝန်ကို လုံးဝသဘောမတူနိုင်ဘူးဆိုရင် ကိုကို ဘာဆက်လုပ်မှာလဲဟင်”

ဟောဝန် အသိချင်ဆုံးအဖြေကို ရန်အောင်မောင်မောင်ကို မေးလိုက်၏။ ဒီတစ်ခါ ဘာတစ်ခွန်းမှ ပြန်မဖြေနိုင်သူက ဟောဝန်

ဝိုး : ဆိုး : ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့။

"ဟေဝန်မေးတာ မဖြေတော့ဘူးလား ကိုကို"

"ကိုကို ဘာဖြေရမလဲ အချစ်ရယ်"

"ဟေဝန့်ကို ကိုကိုသိပ်ချစ်တယ်၊ ဘယ်လောက်အထိ ဟေဝန့်ကို ကိုကိုချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ ကိုကို့နှုတ်ဖျားက ထုတ်ပြောရုံနဲ့ မလုံလောက်ဘူးလို့ ကိုကိုထင်တယ်"

"ကိုကိုရယ်"

"သိပ်လည်းမစိုးရိမ်ပါနဲ့ အချစ်ရယ်၊ ကိုကိုတို့ချစ်သူ နှစ်ယောက်အတွက် အဖြေတစ်ခုခုတော့ ရှိလာမှာပါ၊ ကိုကို ဘာလုပ် သင့်တယ်၊ ဘာလုပ်ရမယ်ဆိုတာ ကိုကိုကိုယ်တိုင် သေချာစဉ်းစား ပြီးမှ ဆုံးဖြတ်ပါ့မယ်"

"တစ်ခုပဲ ဟေဝန့်ကို ကတိပေးပါ ကိုကို"

"ဘာကတိလဲဟင်"

ဟေဝန် ချက်ချင်းမဖြေ။

ကိုကို့မျက်ဝန်းထဲကို သေချာစူးစိုက်ကြည့်ပြီးမှ တစ်ခွန်း ချင်း လေးနက်စွာ ပြောလိုက်၏။

"ဟေဝန့်ကို ကိုကို ဘယ်တော့မှ ခွဲမသွားပါဘူးဆိုတဲ့





ကတိ"

ဟေဝန်တို့နှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် အချိန်အကြာကြီး စူးနင့်စွာ စိုက်ကြည့်လိုက်ကြ၏။

ဘယ်သူကမှ အကြည့်ကိုမလွှဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မောင်"

"ဟင်…ကြိမ်"

လုံးဝမျှော်လင့်မထားသည့် အချိန်မှာ ထင်မှတ်မထားသည့်သူ့ကို တွေ့လိုက်ရ၍ အံ့ဩမယုံနိုင်အောင် ဖြစ်သွားရသူက ရန်အောင်မောင်မောင်ဖြစ်သည်။ ကြိမ်ကတော့ သူမကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို ခပ်စိမ်းစိမ်း စူးစိုက်ကြည့်နေသည့် ရန်အောင်မောင်မောင်မျက်နှာကိုကြည့်ကာ လှပစွာပြုံးလိုက်၏။

"သိပ်အံ့ဩသွားလား မောင်၊ ကြိမ်ကိုယ်တိုင်လည်း မောင့်ဆီကို အခုလို ပြန်လာဖြစ်လိမ့်မယ်လို့ လုံးဝထင်မထားခဲ့ဘူး"

ဦး : ဝိုး : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မောင်ရှိတဲ့နေရာကို ကြိမ် ပြန်ရောက်လာခဲ့ရ ပြန်ပြီလေ"

ကြိမ့်ပုံစံက ဟိုတုန်းကအတိုင်း ဘာတစ်ခုမှ မပြောင်းလွဲ။ နုနယ်ပျိုမြစ်စွာ လှပနေဆဲ။ ဆွဲဆောင်မှုအပြည့်နှင့် ညို့အားပြင်း နေဆဲဖြစ်ပေမယ့် ရန်အောင်မောင်မောင်ရင်ထဲ၊ နှလုံးသားထဲမှာတော့ ကြိမ့်အလှအပ၊ ကြိမ့်ဆွဲဆောင်မှုတွေက ဘာတစ်ခုမှ လှုပ်ရှားမှုမပေး နိုင်အောင် ငြိမ်သက်အေးခဲသွားခဲ့ပါပြီ။

ကြိမ် သူ့ဆီကို ပြန်လာသည်တဲ့။

ဘာအတွက် ပြန်လာတာလဲ။ ဘာကြောင့် ပြန်လာတာ လဲဆိုတာ ရန်အောင်မောင်မောင် မသိချင်၊ မကြားချင်တော့ပါ။ ရန်အောင်မောင်မောင် ဘဝထဲမှာ ကြိမ် မရှိတော့သလို ရန်အောင် မောင်မောင် နှလုံးသားထဲမှာလည်း ကြိမ်ဆိုတာ အေးခဲပျောက်ဆုံး သွားသည့် အရာတစ်ခုအဖြစ်ထက် ဘာမှမပို။

"ကြိမ် ဘယ်တုန်းက ရောက်လဲလို့ မမေးတော့ဘူးလား မောင်"

"ကြိမ် ဘယ်တုန်းက ရောက်လဲ"

ကြိမ်က ရန်အောင်မောင်မောင် ဝတ္တရားကျေ အမေးစကား





ကို မနာကျင်ဘဲ သဘောကျစွာ ခပ်သဲ့သဲ့ရယ်သည်။

"မနေ့က ရောက်တာလေ၊ ချက်ချင်းပဲ မောင့်ဆီလိုက် လာတာ"

"သြော်"

"ကြိမ့်အမှားတွေကို မောင့်ဆီမှာ တောင်းပန်ချင်လို့၊ ကြိမ့်ကို ခွင့်လွှတ်ပါ မောင်"

"ဒါပြောချင်လို့ ကြိမ် ဒီကိုလာတာဆိုရင်တော့ ကြိမ် မှားနေပြီ၊ ကိုယ့်ဆီမှာ ကြိမ်နဲ့ပတ်သက်ပြီး ခွင့်လွှတ်ခြင်း၊ ခွင့်မလွှတ် ခြင်းဆိုတာ ဘာဆိုဘာမှမရှိတော့ဘူး"

ရန်အောင်မောင်မောင်ရင်ထဲက ခံစားချက်အတိုင်း အေးခဲ စွာ ပြောလိုက်ပေမယ့် ကြိမ်က မျက်နှာတစ်ချက်မပျက်ပါ။ သူမပုံစံ က ရန်အောင်မောင်မောင် ဘာပြောပြော၊ ဘာလုပ်လုပ် သူမအပြစ် အတွက် ခံယူဖို့ အသင့်ပြင်ဆင်လာပုံဖြစ်သည်။

"ကြိမ် နားလည်ပါတယ်၊ မောင့်မှာ ချစ်ရမယ့်သူရှိနေ ပြီဆိုတာလည်း ကြိမ် သိတယ်"

ဘယ်သူကပြောလဲ၊ ဘယ်လိုသိတာလဲဆိုတာ ရန်အောင် မောင်မောင် မမေးတော့ပါ။ စောမိုးဇက်တို့ ဇနီးမောင်နှံဆီ ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီဆိုမှတော့ ဟောဝန်နဲ့ ရန်အောင်မောင်မောင်အကြောင်းတွေ ကြိမ် သိကိုသိရမည်။

"မောင့်ထက် အများကြီးငယ်တယ်ဆို"

"ဟုတ်တယ်"

"သူ့မိဘတွေက မောင်နဲ့ အလွယ်တကူ သဘောတူပါ့မလား"

"အဲဒါ ကိုယ့်ကိစ္စပါ၊ ကြိမ် ဒီကိုလာတဲ့ကိစ္စကိုပဲပြော"

တင်းမာခက်ထန်သော မျက်နှာထား၊ အေးခဲပြတ်သားသည့် စိမ်းစိမ်းကားကား စကားလုံး၊ အမူအရာတွေကို ကြိမ် အကြာကြီး ငေးကြည့်နေမိ၏။

မောင် ဒီလိုဖြစ်အောင်၊ ပြောင်းလဲသွားအောင် လုပ်ခဲ့တဲ့ တရားခံက တခြားသူမဟုတ်။ ကြိမ်ပဲဆိုတော့ မောင်ဘာပြောပြော ကြိမ့်ဘက်က အပြုံးမပျက် ခံယူဖို့ အသင့်ပြင်ထားပါသည်။

"ကြိမ့်အမှားတွေကို မောင့်ဆီမှာ ဝန်ခံချင်လို့ မောင့်ကို ပြောပြချင်လို့ပါ၊ ပြီးတော့ ကိုတော်မီနဲ့လည်း လက်မထပ်ဖြစ်ဘူး"

ရန်အောင်မောင်မောင်က ကြိမ့်စကားကို ဘာတစ်ခုမှ ဝင်မပြော။ ကိစ္စတိုင်း သူနဲ့မဆိုင်သလို တိတ်ဆိတ်နေ၍ ကြိမ်ကပဲ





စတင်လမ်းခွဲစကားဖြင့် နှုတ်ဆက်လိုက်သည်။

"မောင် အပြင်က ပြန်လာတာဆိုတော့ အေးအေးဆေးဆေး နားဦးလေ၊ ကြိမ်လည်း တခြားကိစ္စလေးတွေရှိလို့ အပြင်သွားလိုက်ဦးမယ်"

လှပကျော့ရှင်းသည့်သွင်ပြင်ဟန်က ရန်အောင်မောင်မောင့်မျက်စိရှေ့က ပျောက်ကွယ်သွား၏။ ဒီလိုအချိန်ကြမှ တိုက်တိုက်ဆိုင်ဆိုင် သူရှိသည့်နေရာသို့ ကြိမ် ပြန်ရောက်လာတာ အံ့ဩမယုံနိုင်စရာဖြစ်သည်။

"ဘယ်လိုလဲ မောင်မောင်၊ ကြိမ်နဲ့မင်း တွေ့ပြီးပြီဆို"

မေးသံနှင့်အတူ ရန်အောင်မောင်မောင်နား စောမိုးဇက်ရောက်လာ၍ သူ ခေါင်းညိတ်လိုက်၏။

"ကြိမ် ဘယ်မှာတည်းတာလဲ မိုးဇက်"

"ဒီမှာပဲလေ"

"ဟင်"

ရန်အောင်မောင်မောင် နှုတ်ဖျားက အသံတိုးတိုးလေး ထွက်သွားကာ မိုးဇက်မျက်နှာကို လှမ်းကြည့်သည်။

"မင်းအပြစ်တင်လည်း ခံရမှာပဲ မောင်မောင်၊ ကြိမ်က



www.burmeseclassic.com

www.burmeseclassic.com



တခြားသူလည်းမဟုတ်ဘူး၊ ပြီးတော့ သူက မင်းရှိတဲ့နေရာမှာပဲ နေချင်တယ်ဆိုတော့"

ရန်အောင်မောင်မောင် ဘာစကားမှမပြောနိုင်တော့။

"သိပ်လည်း မစိုးရိမ်ပါနဲ့တော့၊ မင်းနဲ့ယောဝန်အကြောင်း ကြိမ့်ကို ပြောပြီးပါပြီ၊ ဒီလောက်ဆို ကြိမ်လည်း သဘောပေါက်မှာပါ"

"ဒါနဲ့ မင်းနဲ့ယောဝန် အခြေအနေကရော"

"ယောဝန့်ကို ငါချစ်တယ် မိုးဇက်၊ အဲဒီအချစ်က ကြိမ့်ကို ချစ်ခဲ့တဲ့ အချစ်မျိုးမဟုတ်ဘူး၊ ငါ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မဖြစ်သေးတဲ့ ခံစားချက်အသစ်နဲ့ ချစ်ခဲ့ရတဲ့ အချစ်မျိုး"

စောမိုးဇက်က ရန်အောင်မောင်မောင့်စကားအဆုံးမှာ လေးနက်သော မျက်နှာဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ဖြစ်နိုင်ရင် ယောဝန်နဲ့မင်း အမြန်ဆုံး လက်ထပ်သင့်တယ်လို့ ငါထင်တယ်"

"ငါအပြင်သွားမလို့ မင်း လိုက်ဦးမလား မောင်မောင်"

"မလိုက်တော့ဘူး မိုးဇက်"

"ဒါဆို ငါသွားပြီ"

စိုးမိုး ၀၇၄၀



စောမိုးဇက်ကားသံကို ကြားလိုက်ရပြီးနောက် တစ်အိမ်လုံး ပြန်လည်တိတ်ဆိတ်သွားပုံက ကြောက်စရာ။ အခြေအနေက ရန်အောင်မောင်မောင် ထင်ထားတာထက် ပိုရှုပ်ထွေးနေကြောင်း ကောင်းစွာသဘောပေါက်လိုက်ချိန်မှာ ခြံဝင်းထဲသို့ ကားတစ်စီး မောင်းဝင်လာသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရ၏။

ရန်အောင်မောင်မောင်စိတ်ထဲ သူငယ်ချင်း စောမိုးဇက်ကား ပြန်လာသည်ဟု ထင်လိုက်ပေမယ့် သူထင်သလိုမဟုတ်။ အိမ်ရှေ့တည့်တည့်မှာ ရပ်တန့်သွားသော ကားနှင့်အတူ ကားပေါ်မှ မဟာဆန်စွာ ကျက်သရေရှိရှိ လှပသော အမျိုးသမီးကြီးတစ်ယောက် ဣန္ဒြေရစွာ ဆင်းလာတာ မြင်လိုက်ရ၏။

တစ်ခုထူးခြားသည်က ထိုအမျိုးသမီးကြီး၏ မျက်နှာမှာ ရန်အောင်မောင်မောင်ချစ်သူ ယောဝန်နှင့် ခွဲမရအောင်တူနေခြင်းဖြစ်သည်။

❖ ❖ ❖

စိုးမိုး ၀၇၄၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မာမီက ကိုကိုနဲ့ဟောဝန်ကို သဘောတူတယ်လို့ ပြော လိုက်တာ ဟောဝန်ဖြင့် အခုချိန်ထိ ကြားလို့သာ ကြားလိုက်ရတယ်၊ လုံးဝကို မယုံနိုင်သေးဘူးကိုကိုရယ်"

"အခု ဟောဝန် အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူး နော် ကိုကို"

ကလေးလေးတစ်ယောက်လို အပျော်လွန်နေသော ချစ်သူ မျက်နှာလှလှလေးကို မြတ်နိုးနှမြောတသစွာ ငေးကြည့်ရင်း ရန့်အောင်မောင်မောင် ချစ်ခြင်းများစွာဖြင့် ပြုံးလိုက်၏။

"အိပ်မက်မဟုတ်ကြောင်း လက်တွေ့သက်သေပြမှ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်"

"အို"

ကိုကို့ရင်ခွင်မှာ ဟောဝန့်အသံလေး ရှက်လန့်တကြား ပျောက်ဆုံးသွားရပေမယ့် ဟောဝန် ကျေနပ်ပါသည်။ ကိုကိုနှင့် လက်ထပ်ဖို့ သဘောတူလိုက်သည့် မာမီ့ကိုလည်း စိတ်ထဲက အကြိမ်ကြိမ် ကျေးဇူးတင်နေမိ၏။

"သိပ်ချစ်တယ် ဟောဝန်ရယ်"

"ချစ်တယ်"

ကိုကို့အသံက တိမ်းတိမ်းမူးမူး။ ထို့အတူ ကိုကို့အနမ်းတွေက အံ့သြစရာကောင်းအောင် တမ်းတမှုတွေနှင့် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ထွေးပွေ့မွှေ့ယမ်းနေတာကို အသည်းတနွေးနွေးနှင့် ခံယူနေရင်း ဟောဝန့်စိတ်မှာ ကိုကို့အပြုအမူတွေ ထူးခြားဆန်းကြယ်သလို ထင်နေမိ၏။

"ကိုကို"

"ပြောလေ ဟောဝန်"

"မာမီက ကိုကို ဟောဝန်ကို တကယ်ချစ်ရဲ့လားလို့ မေးတယ်၊ အဲဒီတော့ ဟောဝန်က ဖြေလိုက်တာပေါ့၊ ကိုကိုက





ဟောဝန်ကို တကယ်ချစ်ပါတယ်၊ သိပ်ချစ်ပါတယ်လို့၊ ပြီးတော့ မာမီက ပြောတယ်"

ပြုံးနေသည့် ဟောဝန့်မျက်နှာလေးကို ရန်အောင်မောင်မောင် ငေးစိုက်ကြည့်နေရုံမှတစ်ပါး တခြားဘာမှမပြော။ ဟောဝန်က ရန်အောင်မောင်မောင် မေးဖျားကို ဖျတ်ခနဲ ရှိုက်နမ်းလိုက်တာမို့ ရန်အောင်မောင်မောင်ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်နှင့်အတူ သိမ့်ခနဲ နွေးထွေးလှုပ်ခတ်သွား၏။

"တကယ်လို့များ ကိုကိုက ဟောဝန်ကို လက်မထပ်ဘူးဆိုရင် ဟောဝန်က မာမီသဘောတူတဲ့လူနဲ့ လက်ထပ်ရမယ်ဆိုတဲ့ကတိကိုလည်း ပေးခဲ့ရသေးတယ်ရှင့် သိရဲ့လား"

"မာမီ့စကားက ရယ်ရတယ်နော် ကိုကို၊ အဟင်း...ဟင်း ဟင်း"

ဟောဝန် ရယ်နေပေမယ့် ရန်အောင်မောင်မောင် လိုက်မရယ်နိုင်။

ဟောဝန် ပြုံးပျော်နေတာကို ကြည့်ပြီး ရန်အောင်မောင်မောင် ရင်ထဲမှာတော့ ဆူးအောင့်စို့နင့်လျက်။ ပြုံးပျော်နေသည့် ချစ်သူ့မျက်နှာကိုသာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသလို ရင်ထဲအသည်းထဲ



www.burmeseclassic.com

www.burmeseclassic.com



စွဲနေအောင် နှလုံးသားထဲမှာ ဘဝတစ်သက်စာ သိမ်းဆည်းနေမိ၏။

တကယ်တော့ ဟောဝန့်မာမီကိုယ်တိုင် ရန်အောင်မောင် မောင်ဆီ ရောက်လာပြီး သူ့သမီးနဲ့ ဘယ်လိုမှ သဘောမတူကြောင်း၊ နောက်ဆုတ်ပေးရန် ပြောခဲ့ပြီးပါပြီ။ သူဖွတ်ရေ့ဆက်တိုးလျှင် ဟောဝန်ကို သမီးအဖြစ်မှ စွန့်လွှတ်ရုံမက သူ့ကိုယ်သူ သတ်သေရန် ပါ ခိုင်မာစွာ ဆုံးဖြတ်ထားကြောင်း ဟောဝန်မာမီက ပြောထားခဲ့တာ ဟောဝန် မသိ။

သိအောင်လည်း ထုတ်ဖော်မပြောနိုင်အောင် ဟောဝန့်မာမီ က ရန်အောင်မောင်မောင်ကို ပညာရှိနည်းသုံးပြီး ဟောဝန်ကို သူ့ထံ လွှတ်ပေးခြင်းဖြင့် ဟောဝန်နှင့်သူ့ကြားက ချစ်ခြင်းမေတ္တာကို နာကြည်းမုန်းတီးခြင်းဖြင့် အဆုံးသတ်ရန် စီစဉ်ထားပြီးသား။

ဒီလိုအခြေအနေမှာ ရန်အောင်မောင်မောင်ဘက်က ဟောဝန် ကို သူဘယ်လောက်ချစ်ကြောင်း၊ မြတ်နိုးရကြောင်း၊ ချစ်သူဘဝကို အဘယ်မျှ တန်ဖိုးထားကြောင်း၊ သူ့အချစ် သူ့မေတ္တာတွေကို ရင်ကွဲ ခံပြီး သက်သေပြရုံမှတစ်ပါး တခြားမရှိ။

"ဟောဝန်တို့ ဘယ်တော့လက်ထပ်ကြမှာလဲ ကိုကို"

"ဖြစ်နိုင်ရင် အခုပဲ"





"သွား...ကိုကိုလူဆိုးကြီး"

"မနက်ဖြန် အိမ်မှာ လှလှလေးပြင်ပြီး ကိုကို့အလာကို စောင့်နေနော် ဟောဝန်၊ အဲဒီတော့မှ ဟောဝန်မာမီနဲ့ တိုင်ပင်ပြီး မင်္ဂလာကိစ္စ စီစဉ်ကြမယ်"

"ဟောဝန် ပျော်လိုက်တာကိုကိုရယ်၊ ဟောဝန်ချစ်တဲ့ ကိုကို နဲ့ဟောဝန် ဘယ်တော့မှ မခွဲရတော့ဘူးနော်"

"ဒါပေါ့"

"ကိုကို"

"ဗျာ"

"ဟောဝန့်ကို လက်ထပ်မှာပါနော်"

"ဘာဖြစ်လို့မေးတာလဲ"

"အဟင်း...ဟင်း၊ ကိုကိုက ဟောဝန့်ကို ပစ်ပြေးသွား ရင် ဟောဝန်က မာမီသဘောတူတဲ့ ဝန်ဇင်းကို လက်ထပ်ရမှာစိုးလို့ ပေါ့ ကိုကိုရဲ့"

ဟောဝန့်စကားကြောင့် ရန်အောင်မောင်မောင် ရင်မချိစွာ ပြုံးလိုက်၏။

"ဝန်ဇင်းဆိုတဲ့ ချာတိတ်က ဟောဝန့်ကို သိပ်ချစ်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆို''

''ကိုကို သဝန်မတိုရဘူးနော်၊ ဝန်ဇင်းနဲ့ဟေဝန် ဘာမှ မဆိုင်ဘူးသိလား၊ သူ့ဘာသာ ဟေဝန်ကိုချစ်နေတာ ဟေဝန်က လုံးဝပဲ''

''အချစ်ဆိုတဲ့အရာကို ဟေဝန်က ကိုကိုနဲ့မှ သိလာရတာ၊ ဟေဝန့်ဘဝမှာ ကိုကိုက ဟေဝန့်အချစ်ဦး၊ အချစ်ဆုံး၊ အမြတ်နိုး ဆုံး''

ဟေဝန်က သူ့အချစ်ကို တန်ဖိုးထားပြောနိုင်ပေမယ့် ရန်အောင်မောင်မောင့်မှာတော့ သူမလို ပြောစရာမရှိ။

''ကိုကိုကတော့ ဟေဝန့်လို မပြောနိုင်တာ ဝမ်းနည်းစရာ ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကို့မှာ ဟေဝန့်အရင်''

''ကိုကိုနော် နောက် ဘယ်တော့မှ အဲဒီစကားမပြောနဲ့၊ ဟေဝန် မကြိုက်ဘူး''

''သဝန်တိုတာလား''

''ဟုတ်တယ်''

''ဒါဆို ဟေဝန် သဝန်မတိုအောင်''

''အို…ကိုကို''





ချစ်စရာကောင်းအောင် လှပနေသော နှင်းဆီဖူးနုတ်ခမ်း လေးရှိရာသို့ ရန်အောင်မောင်မောင် အနမ်းနွေးနွေးက ချိုမြိန်စွာ ကျရောက်လာ၏။

ချစ်ရသူလေးအတွက် သူ့ဘက်က နောက်ဆုံးနှုတ်ဆက် အနမ်းဆိုတာ ရန်အောင်မောင်မောင်မှတစ်ပါး။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မနောဖြူက ဖုန်းလိုင်းက ဒီနေ့မှခေါ်၍မရ။ ကိုကို့ဖုန်းကြ ပြန်တော့ စက်ပိတ်ထားသည်။

လက်က နာရီကို ကြည့်သည်။

ပြီးတော့ စားပွဲပေါ်က နာရီ။

တိုင်ကပ်နာရီ။ ဘယ်နာရီကိုကြည့်ကြည့် ဟောဝန့်အကြည့် တွေက ဘာတစ်ခုမှမမှား။

ဒါက ဘယ်လိုဖြစ်တာလဲ။

ဟောဝန်ကို ကိုကိုကိုယ်တိုင် သေချာကတိပေးထားခဲ့ပြီးမှ ချိန်ထားသည့် အချိန်ထက် တစ်နာရီမက ကျော်လွန်သည့် အချိန် အထိ ကိုကို ရောက်မလာနိုင်တော့ ဟောဝန့်ရင်ထဲ ပူလာ၏။

စိုး : မိုး : ဝ ၁ ၆ ဝ

www.burmeseclassic.com

www.burmeseclassic.com



မာမီရှေ့မှာဖြစ်ပေမယ့် ဘယ်လိုမှ ဟန်ဆောင်မနေနိုင်တော့။

"ဟောဝန်...ကိုကို့ဆီ ခဏသွားဦးမယ် မာမီ"

"သွားလေ သမီး"

ဒီတစ်ခါတော့ မာမီကိုယ်တိုင် ကြည်ဖြူစွာ ခွင့်ပြုတာမို့ ဟောဝန် ကားနှင့် ကိုကိုရှိနေသည့် မနောဖြူကို ထွက်ခဲ့သည်။ မနောဖြူရောက်တော့ ဘယ်သူမှမရှိ။ ခြံစောင့်ကို မေးကြည့်တော့ မမကယ်ရီလင်းတို့ဇနီးမောင်နှံ ခရီးထွက်သွားတာ နှစ်ရက်ရှိပြီဟု သိရသည်။

ဒါဆို မနောဖြူမှာ ကိုကိုတစ်ယောက်တည်းပေါ့။

ဒါနဲ့တောင် ဘာဖြစ်လို့ ကိုကိုက ဟောဝန့်ကို ဖုန်းမဆက်ရတာလဲ။

အတွေးပေါင်းစုံနှင့် အိမ်ရှေ့မှာ ကားရပ်လိုက်တော့ အိမ်ထဲက အလွန်ခေတ်မီသော အပြင်အဆင်နှင့် နုပျိုလှပသော အမျိုးသမီးတစ်ယောက် ထွက်လာတာနှင့် ဆုံသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ညီမ"

ရုပ်ကလေးလှသလို အသံလေးကလည်း ချိုသည်။ မနော





ဖြူမှ ဟောဝန် တစ်ခါမှ မမြင်ဘူးသော်လည်း လှပသောမျက်နှာလေးကိုတော့ ငေးခနဲ ကြည့်ဖြစ်သွား၏။

မနောဖြူရဲ့ ဧည့်သည်များလား။

ဒါဆို ကိုကိုကရော...။

ဟောဝန်ရှေ့မှ မမလှလှကို ဟောဝန် ချစ်စဖွယ်ပြုံးပြလိုက်၏။

"ဟောဝန်...ဦးရန်အောင်မောင်မောင်နဲ့ တွေ့ချင်လို့ပါ မမ"

"သြော်...မောင့်ဧည့်သည်ပဲ၊ မမက ဦးရန်အောင်မောင်မောင်ရဲ့ဇနီး ကြိမ်ကြိမ်စစ်ပါ"

"ရှင်"

ဟောဝန်ခေါင်းထဲ မိုက်ခနဲဖြစ်သွားသလို ကမ္ဘာလောကကြီးတစ်ခုလုံး ချာချာလည်သွားသလို ထင်မိသည်။ ဦးရန်အောင်မောင်မောင်ရဲ့ဇနီး ကြိမ်ကြိမ်စစ်တဲ့လား။

"မမက အခုမှ မောင့်နောက်ကို လိုက်လာတာလေ၊ အရင်က အင်္ဂလန်မှာနေတာ"

"မောင်ရေ...ဒီမှာ မောင့်ဧည့်သည် ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဆိုသည့် ကိုကို့ဇနီးက ကိုကို့အခန်းရှိရာဘက် လှည့်အော်ပြီး ဟောဝန်ကို လှပစွာ ပြုံးကြည့်သည်။ ထိုအကြည့်ထဲ ဟောဝန်အတွက် ဘာတွေပါနေလဲ။

''အေးအေးဆေးဆေး စကားပြောကြဦးနော် ညီမ၊ မမ မောင့်အတွက် ဝယ်စရာလေးတွေရှိလို့ သွားလိုက်ဦးမယ်''

လှပကြွရွနေသည့် စတိုင်လ်ဖြင့် ဟောဝန့်နားက ကျော်ခိုင်း ထွက်ခွာသွားသည့် ကိုကို့ဇနီး၏ နောက်ကျောပြင်ကို ဟောဝန် လှည့်မကြည့်ရဲ။ ဝေါခနဲ မောင်းထွက်သွားသည့် ကားသံအောက်မှာ ဟောဝန့်နှလုံးသား၊ ဟောဝန့်ဂုဏ်သိက္ခာတွေအားလုံး မွမွကြေသွား သလို ခံစားလိုက်ရ၏။

''ဟောဝန်''

''ရှင်...ရှင် ဟောဝန့်ကို လိမ်ညာလှည့်စားခဲ့တာပေါ့ ဟုတ်လား ဦးရန်အောင်မောင်မောင်''

ထိုမေးခွန်းကို ရင်အကွဲခံပြီး မေးလိုက်ရပေမယ့် ကိုကို့ နှုတ်ဖျားက မဟုတ်ဘူးဆိုသည့် ဖြေရှင်းချက်ကို တိတ်တခိုး မျှော်လင့်ဆုတောင်းနေပေမယ့် ဟောဝန် ဆုတောင်းက မပြည့်။

''ကိုကို့ကို ဟောဝန် ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်''



''ဟင်''

''ဒါ...ဒါဖြင့်''

''ဟုတ်တယ်၊ ကြိမ်ဟာ ကိုကို့ဇနီးပဲ''

''လူယုတ်မာ''

''ကဲဟယ်''

''ဖြန်း''

''ဟောဝန်''

နောက်ပိုင်းမှ ရန်အောင်မောင်မောင် ခေါ်သံကို ကြားပေမယ့် ဟောဝန် နောက်ကို လှည့်မကြည့်တော့။ ကားကို အရှိန်ပြင်းစွာ မောင်းထွက်သွားပုံက ရန်အောင်မောင်မောင်နှင့် ဘယ်တော့မှ ပြန်မဆုံနိုင်သည့် အမုန်းကမ္ဘာသစ်ရှိရာသို့ မောင်းနှင်သွားသလိုမျိုး။

ဟောဝန်ကို ကိုကို ဘယ်လောက်ချစ်ရတယ်ဆိုတာ ကိုကို့ အသည်းကို အခွဲခံပြီး သက်သေပြလိုက်ပါပြီ အချစ်ရယ်။

ဟောဝန် ကိုကို့ကိုမုန်းတဲ့ အမုန်းတွေနဲ့ ကိုကို့ကို ချစ်တဲ့ အချစ်တွေကို မေ့ပစ်လိုက်နိုင်ပါစေကွယ်။

''မောင်''

''ဩော်...ကြိမ်''

www.burmeseclassic.com

www.burmeseclassic.com



"မောင့်အတွက် ကြိမ် စိတ်မကောင်းပါဘူးကွယ်"

ကြိမ့်စကားအဆုံးမှာ ရန်အောင်မောင်မောင် နှုတ်ခမ်းကို တင်းတင်းစေ့၍ နာကြည်းဆွေ့မြည့်စွာ ပြုံးလိုက်၏။

"ကိုယ့်ဘဝတစ်ခုလုံး၊ ကိုယ့်အသည်းနှလုံးထဲမှာ ဘယ်တော့မှ ဖျက်လို့မရတဲ့ အချစ်စစ်တစ်ခုအဖြစ် ဟောဝန်ကို ကိုယ် မြတ်မြတ်နိုးနိုး ဆက်ချစ်သွားဦးမှာပါ"

"ကိုယ့်ကို အခုလိုကူညီတဲ့အတွက် ကြိမ့်ကို ကျေးဇူး တင်ပါတယ်"

ရန်အောင်မောင်မောင်က အိပ်မက်တစ်ခုထဲ မျောလွင့်နေ သူတစ်ယောက်လိုပြောရင်း ကြိမ့်ကို ကျောခိုင်းလိုက်၏။

"မောင်"

နောက်ပါးမှ ခေါ်သံကြောင့် ရန်အောင်မောင်မောင် ခြေအစုံ ရပ်တန့်သွား၏။

"ကြိမ် ပြန်တော့မယ်၊ အခုချိန်ကစပြီး ကြိမ့်ဘဝရဲ့ ရှေ့ဆက်ရမယ့်ခရီးကို ပရဟိတလုပ်ငန်းတွေလုပ်ရင်း အကျိုးရှိရှိ ဖြတ်သန်းဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဗွတ်လပ်ခ်"

စိုးမိုး : ၈၁၄ပ



နှုတ်ဆက်ထွက်ခွာသွားသူကို မတားမြစ်သလို သူကိုယ် တိုင်လည်း ကျောခိုင်းထွက်ခွာလာခဲ့သဖြင့် ခရီးနှစ်ခုက ဆန့်ကျင် ဘက်ကိုယ်စီဖြစ်သည်။

တစ်လှမ်းချင်း လေးကန်စွာ လှမ်းလာသည့် ခြေလှမ်း တွေက ဦးတည်ရာမရှိ။ အသိမဲ့သူတစ်ယောက်လို လှမ်းနေချိန်မှာ ဟိုးအဝေးက သက်ပြင်းရှိုက်သံသဲ့သဲ့ မျောလွင့်သွား၏။

❖ ❖ ❖

စိုးမိုး : ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

စားပွဲပေါ်ရောက်နေသည့် ဖိတ်စာတစ်ထပ်ကြီးကို ဆွဲယူပြီး တစ်ခုစီဖွင့်ဖတ်ရင်း ရန်အောင်မောင်မောင် မဖြစ်မနေ တက်ရောက်မှဖြစ်မည့် ပွဲမျိုးကိုပဲ ရွေးထုတ်လိုက်တော့ စုစုပေါင်း သုံးစောင်ထွက်လာ၏။

တစ်စောင်ကိုဖတ်လိုက်တော့ Dress Code(အဝတ်အစား သတ်မှတ်ချက်က All Black လို့ ရေးထားသည်။ RSVPဆိုတော့ မလာဖြစ်ရင် မလာနိုင်ရင် အကြောင်းပြန်ရန်နှင့် လာမည်ဆိုလည်း အတည်ပြုပါလို့ ပြင်သစ်လို အတိုကောက်ရေးထား၏။ ပွဲက ရန်အောင်မောင်မောင့်သူငယ်ချင်း နေလ၏ မင်္ဂလာဧည့်ခံပွဲ။ ဒီပွဲကတော့ သူကိုယ်တိုင် တက်ရမည့်ပွဲ။

တခြားနှစ်စောင်ကလည်း ထိုနည်းတူ။ တကယ့်လူရင်း



www.burmeseclassic.com

www.burmeseclassic.com



တွေချည်း ရွေးဖိတ်ထားသည့်ပွဲမျိုးဖြစ်နေ၍ သွားဖို့ဆုံးဖြတ်လိုက်၏။ ထိုင်ခုံကအထမှာ ရန်အောင်မောင်မောင်အကြည့်က စားပွဲပေါ်က လှပသော ဟောဝန့်ဓာတ်ပုံလေးရှိရာသို့ ဖျတ်ခနဲ ရောက်သွားသည်။

ဘယ်အချိန်ကြည့်ကြည့် ပြုံးနေသည့် ဟောဝန့်မျက်နှာလေးက ရန်အောင်မောင်မောင့်နှလုံးသားကို အချိန်မရွေး ရှိန်းမြစွာ နွေးထွေးသွားစေတာကလည်း ထူးခြားမှုတစ်ရပ်ဖြစ်၏။

ဟောဝန်ရယ်။

ချစ်သူမျက်နှာလေးကို စူးစိုက်ကြည့်ရင်း ရန်အောင်မောင်မောင်ရင်တွင်း ချစ်သူ့အမည်ကို တိုးတိတ်စွာ ဆိုညည်းလိုက်မိသလို ဓာတ်ပုံလေးကို သူ့မျက်စိရှေ့သို့ ဆွဲယူကာ ချစ်သူမျက်နှာကို သတိရလွမ်းဆွတ်ခြင်းများစွာဖြင့် အချိန်အကြာကြီး စူးစိုက်ကြည့်နေမိ၏။

အခုချိန်ဆို ဟောဝန်တစ်ယောက် ကိုကိုဆိုတဲ့ လူတစ်ယောက်ကို နာကြည်းမုန်းတီးစိတ်တွေနဲ့ ဘယ်တော့မှ ပြန်သတိမရနိုင်အောင် မေ့ပစ်လိုက်ပြီလား။

ဒါမှမဟုတ် ဟောဝန့်မာမီ သဘောတူထားသည့် ဝန်ဇင်းဆိုတဲ့ ချာတိတ်နဲ့ လက်ထပ်ပြီး လှပသော အနာဂတ်ခရီးမှာ





လျှောက်လှမ်းနေပြီလားဆိုတာ ရန်အောင်မောင်မောင်ကိုယ်တိုင် အတိအကျမသိပေမယ့် ဟောဝန်ဆိုသည့် ချစ်ရသူလေးကိုတော့ ရန်အောင်မောင်မောင် တစ်နေ့မပြတ် လွမ်းဆွတ်တမ်းတစိတ်နဲ့ သတိရအောက်မေ့နေမိတာကိုဖြင့် ဟောဝန် သိနိုင်မည်မဟုတ်ပါ။

ကိုကို့ကို အချစ်လူဆိုးကြီးတစ်ယောက်လို့ ဟောဝန်ထင်နေတာကို ဘယ်တော့မှ ကိုကို ဖြေရှင်းမှာမဟုတ်ပါဘူး အချစ်ရယ်။

အဲဒါ ဘာဖြစ်လို့လဲလို့မေးရင် ဟောဝန်ကို သိပ်ချစ်လို့၊ သိပ်မြတ်နိုးလို့ဆိုတာကလွဲပြီး ကိုကို့မှာ တခြားဖြေစရာမရှိလို့ပါဗျာ။

ရန်အောင်မောင်မောင် အတွေးတွေက မနောဖြူခြံကြီးသို့ ဟောဝန့်မာမီတစ်ယောက်တည်း ရန်အောင်မောင်မောင်နှင့် လာရောက်တွေ့ဆုံခဲ့သည့် နေ့ရက်များဆီသို့ ဖျတ်ခနဲပြန်ရောက်သွားသည်။

ဟောဝန့်မာမီ ရန်အောင်မောင်မောင်ဆီ ရောက်လာတာ ဟောဝန် မသိသလို တခြားဘယ်သူမှလည်း မသိလိုက်။ ဒီအဖြစ်အပျက်တွေကို သိလိုက်သူက ရန်အောင်မောင်မောင်နှင့် ဟောဝန့်မာမီ နှစ်ယောက်တည်းဖြစ်သည်။ နောက်ဆုံး ဟောဝန့်မာမီ၏ ဆန္ဒကို လိုက်လျောအရှုံးပေးလိုက်ရသည့်အဖြစ်က ဟောဝန့်မာမီထံမှ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ပညာသားပါသော စကားလေးတစ်ခွန်းကြောင့် သူ့အချစ်ကို သက်သေပြဖို့ သူ့အသည်းကို ရက်စက်စွာ ခွဲခဲ့ရ၏။

"မင်းသာ အန်တီ့သမီးလေးကို အမှန်တကယ်ချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုရင် သမီးရှင်ဘက်က သဘော မတူပါဘူးလို့ ပြောထားတဲ့ကြားက ဇွတ်နှစ်ပြီး ရှေ့ဆက်တိုးဖို့ မစဉ်းစားပါနဲ့လို့ အန်တီပြောချင်တယ်"

"မောင်ရန်အောင်မောင်မောင်လို လူတစ်ယောက်ကို ဒီလိုပြောရတာ အန်တီ အများကြီး အားနာပါတယ်၊ ဒါပေမဲ့ အန်တီ့ သဘောထားက အန်တီ့သမီးလေးကို ဘယ်နည်းနဲ့မှ ဒုတိယလူ အဖြစ်မခံနိုင်ဘူးဆိုတာပါပဲ"

"ဒါကြောင့် ဟေဝန်ကို တန်ဖိုးထားတယ်၊ အမှန်တကယ် မြတ်နိုးတယ်ဆိုရင် မောင်ရန်အောင်မောင်မောင် နောက်ဆုတ်ပေးပါ၊ သမီးကို အန်တီ မောင်ရန်အောင်မောင်မောင်ဆီ လွှတ်လိုက်ပါ့မယ်"

ဟေဝန့်မာမီသိချင်တဲ့ ရန်အောင်မောင်မောင်ထံမှ အဖြေကို သိလိုက်ရပြီမို့ အခုချိန်မှာ ဟေဝန့်မာမီ ကျေနပ်နေမည်ထင်ပါသည်။





လွမ်းတယ် ဟေဝန်ရယ်။

'ဟေဝန့်ကို အချိန်တိုင်း သတိရနေမိတာ ဟေဝန်သိရဲ့လား။

ဟေဝန့်ဓာတ်ပုံလေးကို ဖွဖွရှိုက်နမ်းပြီး စားပွဲပေါ် အသာ ပြန်တင်ထားလိုက်သည်။ ဟေဝန်နှင့် လမ်းခွဲပြီးနောက်မှာ ဟေဝန်နဲ့ ပတ်သက်သမျှ အားလုံးကို မေ့ပစ်ဖို့ ကြိုးစားပေမယ့်မရ။ မေ့ပစ်ဖို့ ကြိုးစားလေ ပိုတိုးပြီး သတိရလေ။ ပိုပြီး လွမ်းမိချစ်မိလေ။

နောက်တော့ သူ့နှလုံးသားထဲက ခံစားချက်ကို ဘာတစ်ခုမှ ထိန်းချုပ်မထားတော့ဘဲ လွှတ်ထားလိုက်သည်။ ရန်အောင်မောင် မောင် ရုံးခန်း၊ အိပ်ခန်း၊ စာကြည့်ခန်းထဲကအစ ဟေဝန့်ဓာတ်ပုံလေးတွေ နေရာယူထားသည်မှာ နောက်ဆုံး ရန်အောင်မောင်မောင်ကားထဲအထိဖြစ်သည်။

ဟေဝန်နဲ့သူ လမ်းခွဲပြီး နောက်ထပ်မဆုံဖြစ်တော့သလို ဟေဝန်နှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ဖို့လည်း မကြိုးစားခဲ့ပါ။

ဟေဝန့်ရင်ထဲက ခံစားချက်ကို နားလည်ပေမယ့် ဖြေရှင်းဖို့လည်း မစဉ်းစားဘဲ သူ့အာရုံများကို အလုပ်ထဲမှာ ရူးနစ်ပစ်ခဲ့သည်မှာ ဒီနေ့ဒီအချိန်ထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနေလ၏ မင်္ဂလာဧည့်ခံပွဲကို ရောက်သွားတော့ ဘယ်နေရာကြည့်ကြည့် Black တွေချည်း ဒီဇိုင်းအမျိုးမျိုး၊ ပုံသဏ္ဌာန် အနေအထားအမျိုးမျိုး ဖက်ရှင်ရှိုးပြနေသလား ထင်ရ၏။ သူငယ်ချင်းဇနီးမောင်နှံကို သွားနှုတ်ဆက်ပြီး ပြန်လာတော့ တခြားမိတ်ဆွေနှင့်အတူ ထိုင်ဖြစ်၏။

"ဘယ်လိုလဲဗျာ့ ကိုရန်အောင်မောင်မောင်၊ ဒီလိုပဲ တစ်ယောက်တည်း နေတော့မှာလား၊ အဖော်လေးဘာလေး မရှာတော့ဘူးလား"

ဦးဗစ်တာအမေးကို ရန်အောင်မောင်မောင် ဘာတစ်ခွန်းမှ မဖြေဘဲ တည်ငြိမ်စွာ ပြုံးနေလိုက်၏။ ဒါကိုပဲ ရန်အောင်မောင်မောင် အနီးပတ်ဝန်းကျင်က လူတွေက ကျိတ်အသည်းယားနေကြတာ သူသိပါသည်။

သူ့ရင်ထဲမှာ ဟောဂန်ရှိသည်။

သူ့နှလုံးသားကို ပိုင်စိုးနေရာယူထားသည့် ချစ်သူရှိသ၍ ရန်အောင်မောင်မောင်ဘဝမှာ တခြားတစ်ယောက်မလိုအပ်တော့တာ သူပဲသိသည်။

"ဟင်"





အနက်ရောင် အရိပ်လေးတစ်ရိပ် ရန်အောင်မောင်မောင် မျက်ဝန်းရိပ်ထဲ ဖျတ်ခနဲ ရောက်လာတာ မြင်လိုက်ရတော့ တည်ငြိမ်နေသော ရန်အောင်မောင်မောင် နှလုံးသားအစုံ ထိန်းမရအောင် လှုပ်ခုန်သွား၏။

ထိုအရိပ်လေး၏ ပိုင်ရှင်က တခြားသူမဟုတ်။ ဟောဝန်ဆိုသည့် ရန်အောင်မောင်မောင် အချစ်ဆုံးချစ်သူလေးကိုယ်တိုင် ဖြစ်နေ၏။

"ဟောဝန်"

ဟောဝန့်အမည်ကို ခပ်တိုးတိုး လှမ်းခေါ်လိုက်မိသလိုလိုကလည်း ထိုင်ရာက ဝုန်းခနဲထရပ်မိလျက်သား ဖြစ်သွား၏။ ထို့နောက်မှာတော့ သူ့ကိုယ်သူ သတိမထားမိဘဲ ရန်အောင်မောင်မောင် ခြေလှမ်းတွေက ဟောဝန်ရှိရာသို့ လျှောက်သွား၏။

ဟောဝန်က သူ့ကိုမမြင်။

ခပ်လှမ်းလှမ်းတစ်နေရာမှာ သူမနှင့်သက်တူရွယ်တူ လူချောလေးတစ်ယောက်နှင့် စကားဆိုနေပုံက အားလုံးအလှတရားတွေ ကွယ်ပျောက်သွားပြီး သူမတစ်ယောက်တည်း ထွန်းလင်းနေသလိုမျိုး အရှိန်အဝါတစ်မျိုးဖြင့် လင်းလက်တောက်ပလျက်။



www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်မောင်မောင် ဟောဝန့်နား မရောက်ခင်မှာပဲ ဟောဝန်က လူချောလေးကို နှုတ်ဆက်ကာ လမ်းခွဲသွား၏။ ထူးခြားသည်က ဟောဝန့်အနားမှာ ရန်အောင်မောင်မောင် မျှော်လင့်ထားသလို တခြားမည်သည့်အဖော်မှ ပါမလာခြင်းဖြစ်သည်။

ရုတ်တရက် ရန်အောင်မောင်မောင် ရင်ထဲမှာ မျှော်လင့်ချက်လေးဖြင့် လင်းခနဲ လက်သွားမိသော်လည်း ဟောဝန်နဲ့ကိုကို လက်မထပ်ဖြစ်ရင် ဟောဝန်က မာမီသဘောတူတဲ့ ဝန်ဇင်းနဲ့ လက်ထပ်ရမှာဆိုသည့် စကားကို ပြန်အမှတ်ရသွားကာ နာကျင်ဆွေးမြေ့စွာ ပြုံးလိုက်သည်။

ဟောဝန်က ရန်အောင်မောင်မောင်ကို မမြင်။ ကားများရပ်နားထားသည့်ဘက်ကို လျှောက်သွားသဖြင့် ဟောဝန့်နောက်မှာ တိတ်ဆိတ်စွာ ရန်အောင်မောင်မောင် လိုက်ခဲ့သည်။

ကားတစ်စီးပေါ် ဟောဝန်တက်ပြီး မောင်းသွားချိန်မှာ သူဘာမှမစဉ်းစားတော့ဘဲ ဟောဝန့်ကားနောက်က သူ့ကားဖြင့် မျက်ခြေအပြတ်မခံဘဲ လိုက်ပါလာခဲ့သည်။

ထူးခြားစွာ သူသတိထားမိတာက ဟောဝန် ပိုလှနေ၏။ ပိုပြီး ချစ်စရာကောင်းနေသည်။ ဟောဝန့်ကို မြင်လိုက်ရချိန်မှာ





ရန်အောင်မောင်မောင် နှလုံးသားတွေ ပူနွေးလာ၏။ လှုပ်ရှားနေ၏။ ဖြစ်နိုင်လျှင် ဟောဝန့်မျက်နှာလှလှလေးကို သူ တဝကြီး ငေးကြည့်ချင်သည်။ ဟောဝန့်စကားသံလေးကို ကြားချင်နေ၏။

ဘယ်လိုရေစက်တွေကြောင့် သူ့မျက်စိရှေ့ကို ကိုယ်ထင်လာပြသော နတ်သမီးလေးတစ်ပါးလို ဟောဝန် ပြန်ရောက်လာရသနည်း။ ထိုအမေးကို ရန်အောင်မောင်မောင် ကိုယ်တိုင်လည်း မဖြေနိုင်။ ဖြစ်နိုင်ရင် ဟောဝန့်ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းကျုံးပြီး ဘယ်ကိုမှ ထွက်ပြေးမသွားနိုင်အောင် တင်းကြပ်စွာ ထွေးဖက်ထားချင်သည်။

"ကျွီး"

"တီ"

"ဟာ…ဟောဝန်၊ ရှေ့မှာ ကား…ကား"

"ဝုန်း"

"ဒုန်း"

"ဟောဝန်"

အဖြစ်အပျက်တွေက ရန်အောင်မောင်မောင် မျက်စိရှေ့မှာ လျှင်မြန်စွာ ဖြစ်သွား၍ ဟောဝန့်အမည်ကိုသာ အကျယ်ကြီးအော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရုံမှတစ်ပါး သူ့ကားကို လမ်းဘေးထိုးရပ်ပြီး ဟေဝန့်ကားရှိရာသို့ တအားပြေးသွား၏။

တစ်ဖက်က အရှိန်ဖြင့် ပြေးဝင်လာသည့်ကားကို ရှောင်ရင်း ဟေဝန်က သူမကားကို လမ်းဘေးသို့ တအားဆွဲကွေ့ချလိုက်ချိန်မှာ တစ်စုံတစ်ခုနှင့် အရှိန်ပြင်းစွာ ဝင်တိုက်ပြီး ရပ်တန့်သွားခြင်းဖြစ်သည်။

"ဟေဝန်…ဟေဝန်"

ရင်ကွဲမတတ် ဟစ်အော်ရင်း ဟေဝန့်ဘက်က ကားတံခါးကို ဝုန်းခနဲ ဆွဲအဖွင့်မှာ ဟေဝန်၏ ဖြူသောမျက်နှာလှလှလေးပေါ်ကို စီးကျလာသည့် သွေးစီးကြောင်းတစ်ခုကို မြင်လိုက်ရ၍ ရန်အောင်မောင်မောင် မျက်လုံးထဲ ပြာသွား၏။

"ဟေဝန်"

ဟေဝန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲအပွေ့မှာ ဟေဝန်က သူ့ကို မျက်လုံးဖွင့်ကြည့်သည်။

"ဟေဝန်…ကိုကိုလေ၊ မှတ်မိတယ်မဟုတ်လား၊ ဟေဝန်ဘာမှမဖြစ်ဘူးနော် သိလား"

တုန်လှုပ်ချောက်ချားခြင်းများစွာဖြင့် စိုးရိမ်သောကလွှမ်း





နေသော ရန်အောင်မောင်မောင်မျက်နှာကို ဟေဝန် အံ့ဩမယုံနိုင်သလို ငေးကြောင်ကြည့်နေပြီးမှ အသံတိုးတိုးလေးဖြင့်…

"ကို…ကို"

"ဟေဝန်"

"ဟာ…ဟေဝန် သတိမေ့သွားပြီ"

"ဟေဝန်"

"ဟေဝန်"

ရန်အောင်မောင်မောင်က သူ့ရင်ခွင်ထဲမှာ ပျော့ခွေသတိလစ်သွားသည့် ဟေဝန့်ကိုယ်လေးကို ပွေ့ယူပြီး သူ့ကားပေါ်တင်လိုက်ချိန်မှာပဲ သူ့နားကို လူတစ်ယောက် ရောက်လာ၏။

"ဦးရန်အောင်မောင်မောင်၊ ကျွန်တော် ဝန်ဇင်းပါ"

"ဗျာ"

"ဟေဝန့်သူငယ်ချင်း ဝန်ဇင်းလို့ ပြောတာပါဗျာ၊ ဟေဝန့်ကားကို ကျွန်တော်မောင်းပြီး ခင်ဗျားကားနောက်က လိုက်ခဲ့မယ်၊ ပြီးမှ ကျွန်တော်တို့ချင်း စကားတွေပြောကြတာပေါ့"

"ကောင်းပြီ"

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်သွားသံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပါးဆီမှ ဝေဖန်သံတွေ ကျန်ခဲ့၏။

"သိပ်ကံကောင်းတယ်ဗျာ၊ ကားက သဲပုံကို တည့်တည့် ဝင်တိုးမိတာကိုက ဘုရားမတာပဲ"

"တစ်ဖက်က ကားကတော့ နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ မောင်းပြေးသွားပြီ"

လုံးဝမမျှော်လင့်ဘဲ ရန်အောင်မောင်မောင်နှင့် ဟေဝန်တို့နား ရောက်လာသည့် ဝန်ဇင်းကြောင့် ရန်အောင်မောင်မောင် အလွန်သိချင်နေသော ဟေဝန့်အကြောင်းကို သိခွင့်ရခဲ့ပါပြီ။

ရန်အောင်မောင်မောင်နှင့် လမ်းခွဲပြီးသည့်နောက်မှာ သူထင်ထားသလို ဟေဝန်နှင့် ဟေဝန်မာမီ သဘောတူထားသည့် ဝန်ဇင်းတို့ လက်မထပ်ဖြစ်ကြပါ။ ထို့အတူ ဟေဝန့်မာမီကိုယ်တိုင်လည်း နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

အခု ဟေဝန်တစ်ယောက်တည်း လောကကြီးအလယ်မှာ အထီးကျန်စွာ ကျန်ခဲ့သည်။ ဟေဝန့်အဖြစ်တွေအားလုံး နားထောင်ပြီး ရန်အောင်မောင်မောင် နှလုံးခုန်သံတွေ မြန်လာ၏။ အသည်းနှလုံးတွေ ပူနွေးလာ၏။

"ကိုမိုးဇက်နဲ့ ကျွန်တော် တွေ့ပြီးပြီ၊ သူကပဲ ခင်ဗျား



အကြောင်းတွေ ကျွန်တော့်ကို ပြောပြလိုက်တာ"

ဝန်ဇင်းမျက်နှာကို ရန်အောင်မောင်မောင် လှမ်းကြည့်လိုက်တော့ တည်ငြိမ်သောမျက်နှာဖြင့် အိပ်ရာထက်မှာ ငြိမ်သက်နေသည့် ဟေဝန့်မျက်နှာလှလှလေးကို စိုက်ကြည့်နေတာ မြင်ရသည်။ မိုးဇက်က ကြိမ်နှင့် ရန်အောင်မောင်မောင် ဘာမှမသက်ဆိုင်ကြောင်း ပြောလိုက်ပြီဟု သိလိုက်သည်။

"အခုချိန်ကစပြီး ဟေဝန့်ကို ခင်ဗျားလက်ထဲ ပြန်အပ်လိုက်ပါပြီ၊ ပြီးတော့ ဟေဝန့်လို·တစ်သက်မှာတစ်ယောက်တည်း ချစ်တတ်တဲ့ နှလုံးသားပိုင်ရှင်ကိုမှ ခင်ဗျားက ရယူပိုင်စိုးနိုင်ခဲ့တာကိုလည်း ဂုဏ်ပြုပါတယ်ဗျာ"

"ကဲ...ကျွန်တော် သွားမယ်"

နှုတ်ဆက်ကျောခိုင်းသွားသူကို ရန်အောင်မောင်မောင် မတားမြစ်နိုင်ခဲ့ပါ။ ဟေဝန့်မှာ ဒဏ်ရာကြီးကြီးမားမား မရှိသဖြင့် ဝန်ဇင်းကပဲ ဟေဝန်နဖူးစောင်းဒဏ်ရာကို သူကိုယ်တိုင် ဆေးထည့်ပတ်တီးစည်းပေးထားခြင်းဖြစ်သည်။

ဒါကလည်း ဝန်ဇင်းပေးသည့် အကြံအတိုင်း ဟေဝန်ကို ရန်အောင်မောင်မောင်အိမ်နှင့် နီးသဖြင့် ခေါ်လာခဲ့ရာမှ သူ့အိပ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဟောဝန် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ လှပသော ချစ်သူ့မျက်နှာလေးကို ချစ်ခြင်း၊ မြတ်နိုးခြင်းများစွာဖြင့် စူးစိုက်ကြည့်နေချိန်မှာ ဟောဝန့်ထံမှ ညည်းသံသဲ့သဲ့နှင့်အတူ မျက်ဝန်းလေးတွေပါ လှုပ်လာ၏။

"အင်း…ဟင်း…ဟင်း"

"ဟောဝန်"

"ဟောဝန် သတိရပြီလားဟင်"

ဟောဝန့်အမည်ကို နီးကပ်စွာ ခေါ်သံနှင့်အတူ ဟောဝန့်လက်တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသူကြောင့် မျက်ဝန်းအစုံကို ဖျတ်ခနဲ အဖွင့်…

"ဟောဝန်"

"ဟင်…ကိုကို"

မသိစိတ်နှင့် ချစ်သူကို ကိုကိုဟု ခေါ်လိုက်မိသူက ဟောဝန်။

"ဟောဝန် သတိရပြီနော်"

တိုးတိတ်ညင်သာသော အသံ။

နူးညံ့သိမ်မွေ့သော အပြုံး။





ချစ်ခြင်းမေတ္တာတို့ ပျော်ဝင်နေသည့် မျက်ဝန်းနက်တစ်စုံကို ငြိုးကြည့်ရင်း ဟောဝန့်ရင်ထဲ လှပ်ခနဲ စို့နင့်သွားကာ အိပ်ရာပေါ်လှဲနေရာက ထလိုက်မိသည်အထိ ဟောဝန့်အသည်းတွေ ဆတ်ဆတ်ခါ နာကျင်သွားစေသည့် မျက်နှာတစ်ခု။

"ဟောဝန်"

"ရှင် ဘာဖြစ်လို့ ဟောဝန့်နားမှာ ရှိနေရတာလဲ၊ အခု ဟောဝန် ရောက်နေတဲ့နေရာကရော ဘယ်နေရာလဲ"

ဟောဝန် တစ်ခါမှ မမြင်ဖူးသည့် အခန်းအပြင်အဆင်များကိုကြည့်ရင်း မေးလိုက်၏။

"ဟောဝန်ရောက်နေတာ ကိုကို့အိမ်ပါ ဟောဝန်၊ လမ်းမှာ ဟောဝန့်ကား အက်ဆီးဒင့်ဖြစ်လို့ ကိုကို ဒီကိုခေါ်လာတာ"

"ဩော်"

အခုမှ ဟောဝန့်ကိုယ်ဟောဝန် ဘာဖြစ်သွားခဲ့ရတာလဲဆိုတာ ပြန်သတိရသွားကာ မျက်ဝန်းအစုံကို မှိတ်ချလိုက်တော့ ဟောဝန့်မျက်နှာလေးကို မျက်တောင်မခတ် ကြည့်နေသည့် ရန်အောင်မောင်မောင် ပျာသွား၏။

"ဘာဖြစ်လို့လဲ ဟောဝန်၊ ခေါင်းထဲက မူးလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို ဟောဝန်မဖြေ။ ခုတင်ပေါ်ကဆင်းဖို့ ကြိုးစားသည်။

"ဟောဝန်"

"ဟောဝန့်ကို အခုလိုကူညီတာ ကျေးဇူးတင်ပါတယ် ဦးရန်အောင်မောင်မောင်"

မငိုမိအောင် ထိန်းချုပ်ထားပေမယ့် အဆုံးသတ်မှာ ဟောဝန့်အသံက တုန်ခါသွား၏။ ဘယ်တော့မှ ပြန်မတွေ့ပါရစေနဲ့လို့ ဆုတောင်းထားသည့်လူနှင့်ကြမှ ကံတရားက မျက်နှာချင်းဆိုင် ပြန်လည်ဆုံတွေ့ခိုင်းခဲ့၏။

"ခဏနေပါဦးလား ဟောဝန်ရယ်၊ ဟောဝန်က အခုမှသတိရတာဆိုတော့ ကိုယ်တိုင်ကားမောင်းလို့ မဖြစ်ဘူးထင်တယ်၊ ဟောဝန်သွားမယ့်နေရာကို ကိုကို လိုက်ပို့ပေးပါရစေ"

"ကျေးဇူးတင်ပါတယ်၊ ဟောဝန့်ဘာသာ သွားနိုင်၊ အိုး"

"ဟောဝန်"

တားမြစ်နေသည့်ကြားက ဖွတ်တိုးအသွား ဟောဝန့်ခေါင်းထဲက မိုက်ခနဲဖြစ်သွားကာ လဲပြိုတော့မလို ဖြစ်သွား၍ ရန်အောင်မောင်မောင်က ဟောဝန့်ကိုယ်လေးကို လျင်မြန်စွာ ဖမ်းယူဆွဲပွေ့





လိုက်သဖြင့် ဟောဝန့်တစ်ကိုယ်လုံး ရန်အောင်မောင်မောင့်ရင်ခွင်ထဲ ထွေးခနဲ ရောက်သွား၏။

"ဟောဝန်"

"ဖယ်ပါ၊ ဟောဝန့်ကိုလွှတ်၊ ဟောဝန့်ဘာသာ သွားနိုင်တယ်"

လူက မျက်လုံးမဖွင့်နိုင်သေးပေမယ့် ရန်အောင်မောင်မောင် ရင်ခွင်ထဲက ဟောဝန့်ကိုယ်လေးကို အားရှိသလောက် ရုန်းဖယ်ဖို့ ကြိုးစားပေမယ့် သူက မလွှတ်။

"ဟောဝန်တစ်ယောက်တည်း သွားလို့မရသေးဘူး၊ အိပ်ရာထဲမှာ ခဏဖြစ်ဖြစ် လှဲနေပါဦးကွယ်"

"အို…မလိုပါဘူး၊ ရှင့်အရိပ်အောက်မှာ ခဏမပြောနဲ့ တစ်စက္ကန့်တောင် မနေနိုင်ဘူး၊ ဟောဝန်ကို လွှတ်"

"ကိုကိုပြောတာ နားထောင်ပါဦး ဟောဝန်ရယ်၊ အခုအခြေအနေမှာ ဟောဝန်တစ်ယောက်တည်း"

"ဟောဝန်တစ်ယောက်တည်း ဘာဖြစ်လဲ၊ အို ရှင့်အသံကိုလည်း မကြားချင်ဘူး၊ ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး"

"ဖယ်…ဟောဝန့်အသားကို မထိနဲ့"

"ဟောဝန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ကျလာသည့် မျက်ရည်တွေကို ဟောဝန် မတားဆီးနိုင်သလို ရင်ထဲက ချုပ်တည်းမျိုသိပ်ထားရသော ခံစားချက်တွေကိုလည်း ဟန်မဆောင်နိုင်ဘဲ ပေါက်ကွဲသွား၏။

ဖြစ်နိုင်ရင် ရန့်အောင်မောင်မောင်မျက်နှာကို မမြင်ချင်။ မတွေ့ချင်။ အဟောင်းတွေ အသစ်ဖြစ်လာရသည့် ခံစားချက်တွေထဲမှာ ဟောဝန့်အသည်းနှလုံးတွေ ဘယ်နှကြိမ်၊ ဘယ်နှခါများ မွမွကြေ ပေးရဦးမည် မသိ။

ဟောဝန့်ရင်ထဲက ခံစားချက်တွေကို သူကိုယ်တိုင် ခံစားခဲ့ရတာမို့ စာနာစိတ်ဖြင့် သူချစ်သော၊ မြတ်နိုးသော ဟောဝန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းနေအောင် ထွေးပွေ့လိုက်ပြီး မျက်ရည်တို့စိုလူးနေသော မျက်နှာလှလှလေးကို ပင့်မော့ပြီး ချစ်အနမ်းတွေ သိပ်သည်းစွာ ခြွေချလိုက်မိသူက ရန့်အောင်မောင်မောင်။

"သိပ်ချစ်တယ်၊ သိပ်လွမ်းတယ် ချစ်ရယ်၊ ပြီးတော့ ဟောဝန့်ကို ကိုကို မခွဲနိုင်တော့ဘူး၊ လက်ထပ်ပါရစေကွယ်"

"ဘာလဲ ရှင် လူကိုအရူးလုပ်ပြီး နောက်တစ်ခါ"

"နောက်တစ်ခါဆိုတာ မရှိပါဘူးအချစ်ရယ်၊ အဲဒီအချိန်တုန်းက ဟောဝန့်မာမီကိုယ်တိုင် ဟောဝန်နဲ့လက်ထပ်ဖို့ကိစ္စ နောက်ဆုတ်ပေးပါလို့ ပြောလာခဲ့လို့ပါဗျာ"





"ဘယ်လို…ဟောဝန့်မာမီက ဟုတ်လား"

စီးကျနေသော ဟောဝန့်မျက်ဝန်းက မျက်ရည်လေးတွေ ရပ်တန့်သွားသည်အထိ အံ့ဩသွား၏။

"ဟုတ်တယ်၊ ဟောဝန့်မာမီက ဟောဝန့်ကို ကိုကိုဘယ်လောက်ချစ်နိုင်သလဲ၊ ဘယ်လောက်ချစ်လဲဆိုတာ သိချင်ပါတယ်ဆိုလို့ ကိုကိုက အသည်းကွဲခံပြီး ချစ်လူမိုက်လုပ်ပြခဲ့ရတာလေ၊ တကယ်တော့ ကြိမ်နဲ့ကိုကို ဘာမှမပတ်သက်ဘူး"

"ဟောဝန် ကိုကို့အပေါ် စိတ်နာပြီး မုန်းသွားအောင် ကြိမ့်ကို အကူအညီတောင်းခဲ့တာ၊ အခုတော့ သူလည်း အိမ်ထောင်သစ်ထူထောင်သွားပါပြီ၊ ကိုကိုသာ ဟောဝန်ကိုမှမရရင် ဒီတစ်သက်နောက်ထပ် ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ အခု ဟောဝန်ကို ကိုကို ပြန်တွေ့ပြီ"

"ကိုကို့ကို လက်ထပ်ခွင့်ပေးပါတော့ အချစ်ရယ်နော်"

နူးညံ့ညင်သာစွာ ဟောဝန်ကို လက်ထပ်ခွင့်တောင်းဆိုလာသော ချစ်သူမျက်နှာကို ဟောဝန် မော့မော့လေး ကြည့်လိုက်မိသည်။ တစ်ချိန်လုံး နာကျင်ခါးသီးမှုတွေနှင့် ဟောဝန် မတွေ့ချင်၊ မမြင်ချင်အောင် မုန်းတီးခဲ့၊ မေ့မရခဲ့သည့် မျက်နှာက အခုတော့လည်း ဟောဝန့်ရင်မှာ လမင်းတစ်ရာသာသလို အေးမြထိန်လင်း တော့[illegible]



www.burmeseclassic.com

www.burmeseclassic.com



လို့ပါပဲလား။

"ဟောဝန်"

"ဟင့်အင်း…ဟောဝန့်မှာ ပိုင်ဆိုင်သူရှိပြီးသားဖြစ်နေလို့ ရှင်ပြောတာ မဖြစ်နိုင်ပါဘူး"

"ပိုင်ဆိုင်သူရှိတယ် ဟုတ်လား၊ ဟောဝန်ကို ပိုင်ဆိုင်သူက ဘယ်သူလဲ"

"ဝန်ဇင်း"

"ဗျာ"

"ဝန်ဇင်းနဲ့ လက်ထပ်လိုက်ပြီ"

"ဩော်"

အညာမလေးမျက်နှာကို ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း ရန်အောင်မောင်မောင်မျက်နှာချော့ချော့မှာ ချစ်စနိုးအပြုံးတစ်စ လှစ်ခနဲဖြစ်သွား၏။

"ရှင် ဟောဝန့်ကို ဘာပြုံးတာလဲ"

"ချစ်လို့"

"ရှင်နော်…လူကို ဘာမှတ်နေလဲ၊ ဖယ်ပါ"

"ဟင့်အင်း…ချစ်တယ်"

"အို"





ရန်အောင်မောင်မောင် ရင်ခွင်ထဲ ထွေးခနဲရောက်သွားရာက ရုန်းကန်ရင်း အိပ်ရာပေါ် နှစ်ယောက်အတူ လဲပြိုသွားသည်။

"ရှင်နော်…ဟောဝန်ပိုင်ဆိုင်သူရှိတယ်ဆိုတာ မကြားဘူးလား"

"ကြားပါတယ်ဗျာ၊ ဟောဝန်ရဲ့ ပိုင်ဆိုင်သူဟာ ဝန်ဇင်း မဟုတ်ဘူးဗျာ၊ ဟောဒီက ကိုကို"

"ဝန်ဇင်းက ဟောဝန့်ကားကို ကိုကို့အိမ် လိုက်ပို့ပေးရင်း ဟောဝန့်ကိုပါ ကိုကို့လက်ထဲ ပြန်အပ်သွားတာ"

"အို…သူနဲ့ဘာဆိုင်လို့လဲ"

"ဘာမှမဆိုင်မှန်းသိလို့ ကိုကို့ချစ်သူလေးကို ပိုင်ရှင်အစစ် အမှန်ဖြစ်တဲ့ ကိုကို့ဆီ ပြန်အပ်သွားတာလေ"

"ကဲ…ပြော၊ ဟောဝန်ရဲ့ ပိုင်ရှင်အစစ် ဘယ်သူလဲ"

"သွား…သွား၊ ရှင့်ကိုမုန်းတယ်"

"သိပ်မုန်းတယ် သိလား"

ဟောဝန်က သူမအလိမ်အညာ စကားတွေအားလုံး ပေါ်သွားသဖြင့် ရှက်ရှက်နှင့် ရန်အောင်မောင်မောင် ရင်ဘတ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်ရင်း သူ့ရင်ခွင်ထဲက ပြေးထွက်ဖို့ ကြိုးစားပေမယ့် မရ။



www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်မောင်မောင်က နှင်းဆီရောင် ပြေးနေသည့် မျက်နှာလှလှလေးထက်သို့ သူ့မျက်နှာချောချောကို တိုးဇော့ပူးကပ်ရင်း မုန်းတော်မူလျှင် ချော့ချင်ပါကြောင်း ချစ်တေးအထပ်ထပ်သီလျက် ဝန်ချတောင်းပန်လိုက်ပါရသတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

စိုး၊ မိုး၊ ၁၇၄၉

BURMESE CLASSIC .com

www.burmeseclassic.com